# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday 4 September 2018 ၄၃၉၉


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

**နေပြည်တော် စက်တင်ဘာ ၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ယနေ့အစည်းအဝေးတွင် အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းနှင့် ၂၀၁၈-၂၀၁၉ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်

ယနေ့အစည်းအဝေးတွင် အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းနှင့် ၂၀၁၈-၂၀၁၉ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးနေမျိုးထွန်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အစီရင်ခံစာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်က ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက် ခုနစ်ချက်ဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ပြန်လည်ပေးပို့လာပါကြောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ယနေ့ သတင်းအညွှန်း


တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၉

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်မှု များပြားလာ



စာမျက်နှာ » ၂၀

သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူ

စာမျက်နှာ » ၄

တက္ကသိုလ်ပေါင်းစုံ စက်ရုပ်ပြိုင်ပွဲကြီး ကျင်းပမည်



စာမျက်နှာ » ၂၄



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အကျိုးပြု စီးပွားရေးစစ်တမ်း

မြန်မာနိုင်ငံတွင် စီးပွားရေးအခြေအနေကောင်းခြင်း၊ မကောင်းခြင်းတို့ကို ဆွေးနွေးငြင်းခုံ ပြောဆိုကြသည်။ လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေပေါ် မူတည်၍ စီးပွားရေးကျဆင်းမှုကို အဓိကပြောဆိုကြသည်။ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ကျဆင်းမှုရှိသည်မှာ မှန်သော်လည်း သေချာရေရာ တိကျသော အချက်အလက်ဖြင့် ဆွေးနွေးငြင်းခုံအဖြေရှာဖို့ လိုအပ်သည်။

စီးပွားရေးမကောင်းခြင်းပြဿနာကို ကိုင်တွယ်ဖြေရှင်း အဖြေရှာ ဆောင်ရွက်နိုင်ရန်အတွက် တိကျသေချာသော စီးပွားရေးဆိုင်ရာ အချက်အလက်များရှိရန်လိုအပ်ပြီး ထိုအချက်အလက်များဖြင့် အကျိုးပြု စီးပွားရေးစစ်တမ်းများ ထုတ်ဖော်ကြရမည်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ “မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများအား စောင့်ကြည့်လေ့လာသည့်စနစ်”ကို တည်ထောင်ရန်အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ် အကြားတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အရေအတွက်ဆိုင်ရာ စစ်တမ်းနှစ်ခု၊ အရည်အသွေးဆိုင်ရာ စစ်တမ်းနှစ်ခုတို့ကို ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် ဒိန်းမတ်-မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်တစ်ခုမှ စစ်တမ်းကောက်ယူမည်ဟု သိရသည်။

အဆိုပါအစီအစဉ်သည် မြန်မာနိုင်ငံတွင် အရည်အသွေးရှိပြီး ယုံကြည်ကိုးစားနိုင်သည့် အချက်အလက်များ စုဆောင်းသိမ်းထားရှိပြီး အသုံးပြုနိုင်သည်။ ယင်းအထောက်အထားများကိုအခြေပြု၍ ကောင်းမွန်သော စီးပွားရေးမူဝါဒများကို ချမှတ်နိုင်မည်၊ ဦးစားပေးကဏ္ဍများ သတ်မှတ်နိုင်မည်၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအကျိုးပြုမည့် ထိုအစီအစဉ်ကို ကြိုဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များကိုရှာဖွေသည်ဖြစ်စေ ငွေရေးကြေးရေးနှင့် နည်းပညာအကူအညီများလိုအပ်သည်။ မြန်မာနိုင်ငံ၏ လိုအပ်ချက်မှာ ခနဉစ္စာနှင့် နည်းပညာဖြစ်၍ ထိုအချက်များကို ရှာဖွေရယူရမည်ဖြစ်သည်။ စီးပွားရေးပြန်လည်ဦးမော့လာစေရန် အစပျိုးလုပ်ကိုင်မှုအတွက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှာ အဓိကကျသည်။ ထိုစီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှု စစ်တမ်း(၂၀၁၇)အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ဩဂုတ်လ ၂၇ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့ရာ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကလိုအပ်ချက်များကို သိရှိရသည်။

အဆိုပါစစ်တမ်းအတွက် မြန်မာနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းပေါင်း ၇၁၀၀၀ ကျော်ကို ကိုယ်စားပြုပြီး ချဉ်းကပ်ဆောင်ရွက်ထားသည်ကို တွေ့ရသည်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့်လိုအပ်ချက်များ၊ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးအတွက် လိုအပ်ချက်များ၊ စိန်ခေါ်မှုများကို ဖော်ထုတ်ပေးထားသည်။ ထို့အပြင် လုပ်ငန်းလည်ပတ်သူများနှင့် လုပ်ငန်းစတင်လုပ်ဆောင်မည့်သူများ ဘဏ္ဍာငွေရရှိနိုင်မှု အချက်အလက်များ၊ နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝိသေသလက္ခဏာများ၊ လုပ်ငန်းစွမ်းဆောင်မှု၊ လုပ်သားအင်အား၊ ထီထွင်ဆန်းသစ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ရောင်းလိုအား၊ ဘဏ္ဍာရေးလက်လှမ်းမီမှု (ချေးငွေရရှိမှု)၊ လက်ရှိစီးပွားရေးဝန်းကျင်မှ အကန့်အသတ်များ၊ အလားအလာများ၊ စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ စသည့်အချက်အလက်များကို ဖော်ထုတ်ထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် အခြေခံကျသည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်မှု အသေးစိတ်အချက် အလက်များသည် အရည်အသွေးရှိပြီး ယုံကြည်ကိုးစားနိုင်သည့် အချက်အလက်များဖြစ်၍ ယင်းတို့ကို အသုံးပြုကာ အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်ပစ္စည်းဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်ရန် အနာဂတ်တွင် ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော



ကလေးကပေပွဲတော်



ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ
(အင်းစိန်မြို့)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၆/၇) ရက် (ကြာသပတေး၊ သောကြာ) နေ့များတွင် နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အ.ထ.က (၁) အင်းစိန်မြို့

## ဆွာဆည် ရေဘေးသင့်ဒေသသို့ ဟိန္ဒူလူငယ် လူမှုကူညီရေးအဖွဲ့ဝင်များ သွားရောက်လှူဒါန်း

**တောင်ငူ စက်တင်ဘာ ၃**

တောင်ငူခရိုင် ဇေယျဝတီဒေသမှ ဦးစီဝါး ဦးဆောင်သော ဟိန္ဒူလူငယ် လူမှုကူညီရေးအဖွဲ့မှ ဆွာဆည် ရေလွှဲလက်တံကျိုးပေါက်သည့် ဒေသရှိ ဥယျာဉ်မှူး၊ ကျွန်းတောစုကျေးရွာ အပါအဝင် ကျေးရွာလေးရွာမှ အိမ်ထောင်စု ၄၀၀ ခန့်တို့အတွက် တစ်တင်းခွဲဆန်အိတ် ၃၀၊ ဆီ ငါးပုံး၊ ခေါက်ဆွဲကာတွန်း ၂၀၊ ဆားနှစ်အိတ်၊ ငါးခြောက် ၁၀ ပိဿာ၊ နို့ဆီ၊ ကွေကာအုပ်၊ ဆပ်ပြာမှုန့်အထုပ် ၁၀၀ နှင့် အဝတ်အထည် ပီနံခြောက်အိတ်တို့ကို စက်တင်ဘာ ၂ ရက်က ကျေးရွာများအရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

# မှော်ဘီမြို့နယ်ရှိ သံဃာတော်များအတွက် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မဟာဝိဟာရစာသင်တိုက်နှင့် ဓမ္မဒူတဆေကိန္ဒာရာမ စာသင်တိုက်များရှိ သံဃာတော်များအတွက် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစာသင်တိုက်များ၌ ကျင်းပသည်။

ရှေးဦးစွာ မဟာဝိဟာရစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မဟာဝိဟာရစာသင်တိုက်ရှိ သံဃာတော်များအတွက် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် သိန်း ၃၀ နှင့် သုံးဘာသာ သဂြိုဟ်ကျမ်းစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်ခင်က လက်ခံသည်။

ယင်းနောက် မဟာဝိဟာရစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဇ္ဇာနန္ဒက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓမ္မဒူတဆေကိန္ဒာရာမ စာသင်တိုက်သို့ရောက်ရှိပြီး ဓမ္မဒူတဆေကိန္ဒာရာမစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓမ္မဒူတဆေကိန္ဒာရာမစာသင်တိုက် သံဃာတော်များအတွက် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် သိန်း ၃၀ နှင့် သုံးဘာသာသဂြိုဟ်ကျမ်းစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးဝင်းစိန်က လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးက ဓမ္မဒူတဆေကိန္ဒာရာမ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဓမ္မဒူတဆေကိန္ဒာရာမ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၃**

ရန်ကုန်(ရွှေဈေး) ၉၇၉၀၀၀ - ၉၇၉၀၀၀ မန္တလေး(ရွှေဈေး) ၉၇၉၀၀၀ - ၉၇၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၈၅/၁၀၁၀ ကျပ်၊ | ၁၀၃၀/၁၀၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၀၅/၁၀၃၀ ကျပ်၊ | ၁၀၈၀/၁၁၁၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၉၅၅/၉၈၀ ကျပ်၊ | ၁၀၃၀/၁၀၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၉၅/၁၀၂၀ ကျပ်၊ | ၁၀၄၀/၁၀၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၈၀/၉၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၉၀/၁၀၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၅၀/၉၆၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၅၃. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၁. ၃၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၆. ၀၉၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆. ၉၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၉၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၂. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅. ၃၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၆. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၁. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

❂ ရှေ့ဖုံးမှ

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

## ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) လွှတ်တော်သို့ တင်သွင်း

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ဒုတိယဝန်ကြီးက လွှတ်တော်သို့တင်သွင်းရာတွင် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၆ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိရာမှာ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲသတ်မှတ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုခဲ့ပါကြောင်း။

ယင်းသို့ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းကြောင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပါ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ ဇ ကို "ဘဏ္ဍာရေးနှစ်ဆိုသည်မှာ နှစ်တစ်နှစ်၏ အောက်တိုဘာလ ၁ ရက်တွင်စ၍ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကိုဆိုသည်"ဟု အစားထိုးရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင် ဖော်ပြထားသော "ဘဏ္ဍာရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်မည်ဖြစ်ပါကြောင်း တင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ဦးစတီဖန်က ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ၂၀၁၈-၂၀၁၉ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က မြစ်သာရေလှောင်တမံ စီမံကိန်းသည် ၂၀၀၂ ခုနှစ်တွင် စီမံကိန်းကုန်ကျစရိတ် ခန့်မှန်းခြေတန်ဖိုး ၅၅ ဒသမ ၁၈၂ ဘီလီယံနှင့် လုပ်ငန်းစတင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၀၉-၂၀၁၀ တွင်



ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်



ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်

စီမံကိန်းတန်ဖိုးကို နှစ်ဆကျော်တိုးပြီး ၁၂၂ ဒသမ ၈၅၁ ဘီလီယံအထိ တိုးမြှင့်ပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၁၂-၂၀၁၃ တွင် နှစ်ဆကျော်ထပ်တိုးပြီး ၂၇၁ ဒသမ ၂၅၅ ဘီလီယံသို့ ပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ တွင် ၃၀၄ ဘီလီယံသို့ ထပ်မံပြင်ဆင်ခဲ့ပါကြောင်း၊ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အကြား ခုနစ်နှစ်ကြာမြင့်ခဲ့သည့်အတွက် ခန့်မှန်းကုန်ကျစရိတ် နှစ်ဆကျော်တိုးသည်ကို လက်ခံနိုင်ဖွယ်ရာ ရှိပါကြောင်း၊ သို့သော်လည်း ၂၀၀၉ နှင့် ၂၀၁၂ နှင့် ၂၀၁၇ အကြား နှစ်ဆကျော် တိုးမြှင့်ပြင်ဆင်ခြင်းသည် အလွန်မသင့်လျော်သည့် ကိစ္စများဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ တွင် နောက်ဆုံး ကျန်ရှိငွေ ၂၃ ဘီလီယံကိုလည်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း။

မြစ်သာတမံတွင် ၂၀၁၆-၂၀၁၇ အထိ ခန့်မှန်းငွေကျပ် ၂၇၁ ဒသမ ၂ ဘီလီယံတွင် မမျှော်မှန်းနိုင်သည့်ကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၂၉၂၀ ကျော်(၃ဘီလီယံ)နီးပါး တွက်ချက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါငွေမှာ မြစ်ကူးတံတားတစ်စင်း တည်ဆောက်၍ရပါကြောင်း၊ ယခုကဲ့သို့ ခန့်မှန်းတွက်ချက်စရိတ်ကို အကြိမ်ကြိမ်တိုးမြှင့် ပြင်ဆင်ခဲ့သည့် ဆည်မြောင်းတာတမံ တည်ဆောက်သည့်လုပ်ငန်းများမှာ ဌာန၏ အင်ဂျင်နီယာများက ကိုယ်တိုင်တွက်ချက်၊ ကိုယ်တိုင်ပုံစံထုတ်၊ ကိုယ်တိုင်ပစ္စည်းဝယ်ယူ၊ ကိုယ်တိုင်လုပ်ငန်းဆောင်ရွက်ကြသည်ဖြစ်သည့်အတွက် အနီးစပ်ဆုံးမှန်ကန်သည့် ကုန်ကျစရိတ်ကို ခန့်မှန်းတွက်ချက်နိုင်ရမည်ဖြစ်ပါကြောင်း၊ စာရင်းမကြာခဏ ပြောင်းလဲနေခြင်းသည် သင့်လျော်မှု ရှိ၊ မရှိ ဝေဖန်ဆန်းစစ်ကြစေလိုပါကြောင်း ဆွေးနွေးသည်။

ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတစ်ခုလုံး၏ နှစ်စဉ်ဘတ်ဂျက် ၅၀ ရာခိုင်နှုန်းကျော်သည် ဆည်မြောင်းဦးစီးဌာန၏ အသုံးစရိတ်ဖြစ်နေပြီး ဆည်အသစ်များဆောက်ခြင်း၊ ဆည်မြောင်း အခြေခံ ပင်မအဆောက်အအုံတည်ဆောက်ရေးများတွင် အဓိကထားသုံးစွဲနေပါကြောင်း၊ ဖြူးချောင်းရေလှောင်တမံနှင့် စပ်လျဉ်း၍ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၏ စိစစ်သုံးသပ်မှုများကို လေ့လာကြည့်ပါက မျှော်မှန်းစိုက်ဧက တိုးတက်မှုနှင့် လုပ်ငန်းပြီးစီးမှု ဆီလျော်ဆက်စပ်မှု အားနည်းခြင်း၊ စုစုပေါင်းသီးနှံထွက်ကုန်တန်ဖိုးများကို ကာလပေါက်ဈေးထက် များစွာကျော်လွန်တွက်ချက်ထားခြင်း၊ အကျိုးအမြတ် ပြန်ရနှုန်းတွက်ချက်မှုတွင်လည်း လက်တွေ့နှင့် ကွာဟချက်ကြီးမားနေခြင်း၊ မလိုအပ်သည့် အသုံးစရိတ်များကို ထပ်ခါထပ်ခါ တောင်းခံထားခြင်း စသည့် အချက်များစွာရှိနေသည်ကို ဖော်ပြထားပါကြောင်း၊ တွေ့ရှိချက်များသည် ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင် ပါရှိသည့် ငွေကုန်ပြီး ထင်သလောက် အကျိုးမရှိသည့် သုံးစွဲမှုများ ဖြစ်နေသည်ဆိုသည်ကို ဝန်ကြီးဌာနအနေဖြင့် ပြန်လည်သုံးသပ်ဆန်းစစ်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ရာခိုင်နှုန်းကျော်ကို နိုင်ငံပိုင်အခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံရန်နှင့် ၇၄ ဒသမ ၅၇ ရာခိုင်နှုန်းကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံရန် လျာထားသည်ကို တွေ့ရပါကြောင်း၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံရန် လျာထားသည့် ၇၄ ဒသမ ၅၇ ရာခိုင်နှုန်းအတွက် စီမံကိန်းရည်မှန်းချက်အတိုင်း ရင်းနှီးမြှုပ်နှံလာစေရန် အစိုးရက အစီအစဉ်များချမှတ်ကာ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ နိုင်ငံခြားငွေလဲနှုန်းမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများဖြင့် ဆောင်ရွက်မည့်အစီအစဉ်များကို တိကျစွာချမှတ်ရန် လိုအပ်ပါကြောင်း။

လယ်ယာကဏ္ဍတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ နှစ်ကုန်ခန့်မှန်းခြေထက် စုစုပေါင်း စိုက်ဧက ၈၁၈၄၈၄ (စုစုပေါင်းစိုက်ဧက၏ ၁ ဒသမ ၆ ရာခိုင်နှုန်း) လျှော့ချစိုက်ပျိုးရန် ရည်မှန်းထားသည်ဟု ဖော်ပြထားသော်လည်း လျှော့ချစိုက်ပျိုးမည့်သီးနှံနှင့် လျှော့ချရန် ရည်မှန်းရခြင်း၏အကြောင်းကို ဖော်ပြထားသည်ကို မတွေ့ရပါကြောင်း ဆွေးနွေးသည်။

ထို့အတူ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုးနှင့် မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို စက်တင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)**



## ရေတာရှည်မြို့နယ် ဆွာဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ တစ်ရက်တာ နေ့တွက်စရိတ်လှူဒါန်းငွေနှင့် မန်းအောင်ငြိမ်း ဖောင်ဒေးရှင်းက အလှူငွေကျပ် သိန်း ၂၀ တို့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တနင်္သာရီမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပြောင်းရွှေ့ပြည်သူများအား စားဝတ်နေရေး ကူညီထောက်ပံ့ပေးလျက်ရှိ

**တနင်္သာရီ စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တနင်္သာရီမြစ်ရေ မြင့်တက်မှုကြောင့် သုံးကြိမ်အထိ စိုးရိမ်ရေမှတ်ကို ကျော်လွန်ကာ အန္တရာယ်ရေအမှတ်အထက် မြင့်တက်ခဲ့မှုကြောင့် ရေဘေးသင့်ခဲ့သော ဒေသခံပြည်သူများထဲမှ ပြောင်းရွှေ့ပြည်သူများနှင့် စားဝတ်နေရေးအခက်အခဲဖြစ်နေကြသည့် ပြည်သူ ၈၀၀၀ ကျော်အား မြို့နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

တနင်္သာရီမြစ်ရေသည် စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီအချိန် တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်ကျော်လွန်နေဆဲဖြစ်ပြီး ၁၉ ပေ ၁ လက်မတွင် တည်ရှိနေ၍ လက်ရှိအချိန်တွင် မြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်း ရှစ်ခုဖွင့်လှစ်ထားရှိဆဲဖြစ်ကာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူအိမ်ထောင်စု ၁၇၉ စု လူဦးရေ ၈၃၂ ဦး နေထိုင်လျက်ရှိကြကြောင်း ယာယီကွပ်ကဲရေးရုံးမှ သိရသည်။

တနင်္သာရီမြစ်ရေ တတိယအကြိမ် ရေကြီးနစ်မြုပ်မှုကြောင့် နေရပ်စွန့်ခွာခဲ့ရသော ပြည်သူများမှာ ရပ်ကွက်/ကျေးရွာ ၇၁ ခုမှ လူဦးရေ ၆၇၆၂ ဦးသည် ယာယီကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာဆွေမျိုးများအိမ်တွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ လက်ရှိအချိန်တွင် ပြောင်းရွှေ့ရန်ကျန်ရှိသော ရေဘေးသင့်ပြည်သူ ၂၈၅၈ ဦး ရှိနေဆဲဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးသင့်ပြည်သူများထဲမှ လုပ်ငန်းခွင်တည်နေရာ ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲဖြစ်နေသော ပြည်သူ ၈၆၀၀ ကျော်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်ထံက သိရသည်။

လုပ်ငန်းခွင်တည်နေရာ ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲဖြစ်ကာ စားဝတ်နေရေး အခက်အခဲဖြစ်လျက်ရှိသည့် ပြည်သူများနှင့် ရေဘေးသင့်၍ နေရာပြောင်းရွှေ့နေထိုင်ကြသော ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ပံ့ငွေ၊ စေတနာရှင် အလှူရှင်များ လှူဒါန်းငွေများဖြင့် မြို့နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက အချိုးကျခွဲဝေထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တရားမအထူးအယူခံမှု (၇) မှုကို စီရင်ချက်ချမှတ်၊ (၁၇) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၇)မှုကို စီရင်ချက်ချမှတ်၍ တရားမအထူးအယူခံမှု (၁၇) မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းထွန်းဟိန်နှင့်အဖွဲ့ စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၃**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်နှင့်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပမည့် (၃၉) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (39th AIPA General Assembly) သို့ တက်ရောက်ရန် ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



ခရီးစဉ်တွင် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဇော်သိန်း၊ ဒေါ်စုစုလွင်၊ ဒေါက်တာသန်းဝင်း၊ ဦးအောင်ကြည်ညွန့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးခင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူ

**နေပြည်တော် စက်တင်ဘာ ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို စက်တင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်အား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်ကို ၁၉၆၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ အမေရိကန်နိုင်ငံ အိုဟိုင်ရိုး (Ohio) တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး(မဟာဘွဲ့)ကိုလည်းကောင်း ရရှိခဲ့ပါသည်။

မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်သည် ၁၉၈၄ ခုနှစ်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ယင်းဝန်ကြီးဌာန၌ ရာထူးအဆင့်ဆင့် တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရကာ ဘရပ်ဆဲလ်မြို့ ထိုင်းနိုင်ငံ သံရုံး၊ ဂျီနီဗာမြို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ထိုင်းနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ရုံး၊ ဟောင်ကောင်မြို့နှင့် ကွမ်ကျိုးမြို့ ထိုင်းနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၁၅ ခုနှစ်မှစတင်၍ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စစ် ဆူဖတ်ထရာ ဆရီမိုင်းသရီဖိတပ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**သတင်းစဉ်**

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၃

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ်**

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် အဆိုပါမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ဇလ

# ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့်အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီအတွက် လုပ်ငန်းတာဝန်များကိုလည်း ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေရာချရန် ကျေးရွာနေရာများ သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် ဝင်ရောက်ပြီးပါက လုပ်ငန်းအစီအစဉ်များအတိုင်း ဆောင်ရွက်ပြီး ကျေးရွာများကို ကျေးရွာအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးပိုင်း အခြေအနေများအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြစေလိုကြောင်း၊ နေအိမ်များ ပြန်လည်ဆောက်လုပ်ရာတွင် လုပ်ငန်းတာဝန်များအတိုင်း UN-Habitat မှ အကြံပြုချက်များကို အခြေခံ၍ ဆောက်လုပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ လုပ်ငန်းကော်မတီပူးတွဲဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက လုပ်ငန်းတာဝန်တစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့်အပိုင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များက ၎င်းတို့ဆောင်ရွက်နေရသည့် ကဏ္ဍအသီးသီးနှင့်ပတ်သက်၍ ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲအခြေအနေများ၊ သီးခြားလိုအပ်ချက်များ၊ အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံရှိ ASEAN – Korea Centre နှင့် K’ ARTS တို့တွင် ကြည့်ရှုလေ့လာ

**ရန်ကုန် စက်တင်ဘာ ၃**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့သည် ယနေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ ASEAN – Korea Centre နှင့် ကိုရီးယားအမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ် (Korea National University of Arts - K’ ARTS) သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ASEAN - Korea Centre ၌ Secretary General H.E. Lee Hyuk ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံရာ မစ္စတာလီက ASEAN – Korea Centre အနေဖြင့် မီဒီယာကဏ္ဍအပြင် ခရီးသွားလုပ်ငန်းကဏ္ဍမှစ၍ အာဆီယံဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ရုပ်ရှင်ကဏ္ဍသည် အရေးပါသဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းလုပ်ဆောင်မှုအပေါ် ကြိုဆိုအားပေးပါကြောင်းနှင့် ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာလေ့လာရေးအဖွဲ့တွင် အစိုးရဝန်ကြီးဌာနများ၊ နေပြည်တော်စည်ပင်သာယာရေးကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့်ရုပ်ရှင်၊ ဇာတ်လမ်းထုတ်လုပ်သူများ ဖွဲ့စည်းလာရောက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်၍ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ ASEAN-Korea Centre မှ Secretary General H.E. Lee Hyuk ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယင်းအဆောက်အအုံတွင် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ကိုရီးယားအမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ်သို့ သွားရောက်ပြီး President Kim Bongryol ဦးဆောင်သော ဌာနမှူးများနှင့် တွေ့ဆုံကာ သင်ကြားပေးလျက်ရှိသောဘာသာရပ်များ၊ သင်ကြားပို့ချမှုနှင့် သင်ယူမှုတွင် ကြုံတွေ့ရသောအခက်အခဲများ၊ ကျောင်းဝင်ဆန်းစစ်မှု၊ ကျောင်းပြီးလျှင် အလုပ်ခွင်ဝင်ရောက်ရန် ပေါင်းကူးဆောင်ရွက်ပေးနေမှု၊ အောင်မြင်သော တက္ကသိုလ်အဖြစ် ရပ်တည်လာနိုင်မှု၏ အကြောင်းရင်း၊ Art Major Asian (AMA) Scholarship Programme အစီအစဉ်ဖြင့် သင်ကြားနိုင်မှု အခွင့်အရေးတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ ရယူတက်ရောက်နိုင်မှုနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းတက္ကသိုလ်သည် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ တစ်ခုတည်းသောတက္ကသိုလ်ဖြစ်ပြီး Music, Drama, Film, TV and Multimedia , Dance , Visual Art , Traditional Arts ဟူသည့် ဌာနခွဲ ခြောက်ခုရှိပြီး ကထိက ၁၃၅ ဦး၊ ပြင်ပနည်းပြ ၁၀၀၀ ဖြင့် မြန်မာနိုင်ငံမှ ကျောင်းသား သုံးဦးအပါအဝင် ကျောင်းသား ၃၅၀၀ ခန့်ကို လေးနှစ်သင်ကြားပေးကာ ဘွဲ့ပေးအပ်လျက်ရှိသည့်အပြင် ဘွဲ့လွန်သင်တန်းများကိုလည်း ထပ်မံ၍ နှစ်နှစ်၊ သုံးနှစ်ခန့်ဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ကျောင်းပြီးသွားသူအများစုမှာ ကိုရီးယားအနုပညာလောကရှိ နယ်ပယ်အသီးသီးတွင် အောင်မြင်ကျော်ကြားသူများအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် တာဝန်ရှိသူများက အင်ချွန်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၃**
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာန စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃၄) ရှိ ပင်စင်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနခွဲတာဝန်ခံများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပင်စင်ဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ စီမံကိန်းနှင့် ဘတ်ဂျက်ချိတ်ဆက်အကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး သင်တန်းမှ ပို့ချလိုက်သည့် သင်ခန်းစာများကို မိမိလုပ်ငန်းတွင် လက်တွေ့အသုံးချခြင်းအားဖြင့် လုပ်ငန်းဆောင်ရွက်မှု ပိုမိုစနစ်ကျလာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ငွေတိုက်ဦးစီးဌာနတို့မှ သင်တန်းနည်းပြများက ပို့ချပေးခြင်းဖြစ်ပြီး ပင်စင်ဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ဆွာချောင်းရေလွှမ်းမှုကြောင့် သဲနုန်းဖုံးသွားသည့်လယ်မြေများအား သင့်တော်သည့်သီးနှံများစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေး

**ရေတာရှည် စက်တင်ဘာ ၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလျှံမှုကြောင့် မိုးစပါးစိုက်ပျိုးပြီးသည့် လယ်မြေ ၆၀၉ ဧက သဲနုန်းများ ဖုံးလွှမ်းသွားခဲ့ရာ အဆိုပါလယ်မြေများတွင် အခြားသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅) နေပြည်တော်မှ ဒိုဇာ ၁၅ စီး၊ ဘက်ဟိုး နှစ်စီး၊ ဒမ်ပါယာဉ်နှစ်စီးဖြင့် သဲနုန်းများကို ရှင်းလင်းဖယ်ရှားပေးလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အစီးရေ ၃၀ ဖြင့် ဧကကွက်များဖော်ပေးခြင်း၊ မြေညှိပေးခြင်းနှင့် ထွန်ယက်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသန်းဦးက ပြောကြားသည်။



“တိုင်းတာရေး လုပ်ငန်းတွေကို နှစ်ရက်အတွင်း အပြီးဆောင်ရွက်မှာပါ။ တောင်သူတွေလက်ရှိပိုင်ဆိုင်တဲ့ ဧကတွေကို ပြန်ဖော်ပေးမယ်။ အရင်လို နှစ်ဧကရှိတဲ့သူက နှစ်ဧကတော့ အတိအကျမရနိုင်ဘူးပေါ့။ နည်းနည်းတော့ လျော့သွားမယ်။ တောင်သူတွေကိုလည်း ရှင်းပြပြီးပါပြီ။ လက်ရှိတိုင်းတာတွေ့ရှိချက်အရတော့ သဲနုန်းဖုံးသွားတာ ၆၀၉ ဧကရှိပါတယ်”ဟု တောင်ငူခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမြင့်နိုင်က ပြောကြားသည်။

လက်ရှိမြေအနေအထားအရ စပါးစိုက်ပျိုးရန် မဖြစ်နိုင်တော့သည့်အတွက် အခြားဆောင်းသီးနှံများဖြစ်သည့် အာလူး၊ မြေပဲတို့ကို စိုက်ပျိုးရန် လျာထားသည့်ကိစ္စနှင့်ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့်က “တောင်သူတွေအနေနဲ့ မြေပဲစိုက်မလား၊ အာလူးစိုက်မလား၊ ကိုယ်တိုင်စိုက်မယ်ဆိုရင် မျိုးကို စီစဉ်ပေးမယ်။ ဒါမှမဟုတ် ကန်ထရိုက်စနစ်နဲ့လုပ်မလား၊ မြေငှားမလား ဆိုတာ တောင်သူတွေနဲ့ဆက်ပြီး ညှိနှိုင်းရဦးမယ်”ဟု ပြောကြားသည်။

ဒေသခံတောင်သူများအနေဖြင့် လက်ရှိ ကိုယ်တိုင်စိုက်ပျိုးပါက စိုက်ပျိုးမည့်သီးနှံနှင့် ရင်းနှီးကျွမ်းဝင်မှုအားနည်းသည့်အတွက် မြေကို တစ်ရာသီစာ ငှားရမ်းလုပ်ကိုင်လိုသောဆန္ဒရှိနေပြီး အခြားသော စိုက်ပျိုးလိုသည့်ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါက တောင်သူအားလုံးသဘောတူညီရန် လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# မြိတ်မြို့၌ ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဈေးရောင်းပွဲတော် ကျင်းပ

**မြိတ် စက်တင်ဘာ ၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သာကေတရပ်ကွက် ကမ်းနားလမ်း မြိတ်ကုန်တိုက်ဈေးဝယ်စင်တာဝင်းအတွင်း၌ ယနေ့မွန်းတည့် ၁၂ နာရီက တနင်္သာရီမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးအတွက် ရည်ရွယ်၍ မြိတ်မြို့ပေါ်ရှိ ပရဟိတလူငယ်အဖွဲ့များစုပေါင်းကာ စားဖွယ်စုံဈေးရောင်းပွဲတော်ကျင်းပခဲ့ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

“တနင်္သာရီမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဒီဈေးရောင်းပွဲတော်ကရရှိတဲ့ငွေနဲ့ သွားရောက်လှူဒါန်းသွားပါမယ်။ ဒီဈေးရောင်းပွဲတော်ကို မတည်အလှူရှင်တွေရဲ့ ငွေနဲ့ ကျင်းပတာဖြစ်ပြီး ရရှိလာတဲ့အကျိုးအမြတ်တွေကို တနင်္သာရီမြို့နယ်ရှိ ကျေးရွာတွေကိုသွားပြီး ထောက်ပံ့ဖို့ ဘာတွေလိုအပ်လဲ၊ လိုအပ်တာတွေကို လှူဒါန်းပေးသွားပါမယ်”ဟု ပရဟိတအကျိုးဆောင်စေတနာရှင်လူငယ်များအဖွဲ့ ခေါင်းဆောင် ကိုသက်အောင်က ပြောသည်။

အဆိုပါဈေးရောင်းပွဲတော်ကို မွန်းတည့် ၁၂ နာရီမှ ည ၉ နာရီအထိ ရောင်းချပေးခဲ့ပြီး ဈေးရောင်းပွဲတော်တွင် ရောင်းချလျက်ရှိသော စားသောက်ဖွယ်ရာများကို တစ်မျိုးလျှင် အနည်းဆုံးငွေကျပ် ၅၀၀ နှင့် အမြင့်ဆုံးငွေကျပ် ၇၀၀၀ အထိရှိကြောင်း အရောင်းဆိုင်များထံမှ သိရသည်။

ဆက်လက်၍ ရန်ပုံငွေ ဈေးရောင်းပွဲတော်သို့ လာရောက်ဝယ်ယူအားပေးကြသူများနှင့် ဒေသခံပြည်သူများအား တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်းနှင့် ရန်ပုံငွေဈေးရောင်းပွဲတော်မှ ရောင်းချရရှိသည့်ငွေများကို တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့် ကျေးရွာ ၂၀ ကျော်ရှိ ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအတွက် ပရဟိတအဖွဲ့များက သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# အချိန်တိုင်း သတိပြုရမည့် ငလျင်ဘေး

## ■ မေဃ-မျိုးအောင်(MANA)

ကမ္ဘာကြီး တွေ့ကြုံခံစားနေရသည့် သဘာဝဘေးအန္တရာယ်ငါးမျိုးရှိသည်။ ၎င်းတို့မှာ (၁) ရာသီဥတုကြောင့် ဖြစ်ပွားခြင်း၊ (၂) ပထဝီအနေအထားကြောင့် ဖြစ်ပွားခြင်း၊ (၃) မီးဘေး၊ (၄) ဓာတု၊ စက်မှု၊ အဏုမြူ ဘေးအန္တရာယ်နှင့် (၅) မတော်တဆဖြစ်ပွားသော ဘေးအန္တရာယ်တို့ဖြစ်သည်။ ပထဝီအနေအထားကြောင့် ဖြစ်ပွားသော ဘေးအန္တရာယ်တွင် ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီဖြစ်ပွားခြင်းတို့ ပါဝင်သည်။ မြန်မာနိုင်ငံတွင် အဖြစ်များနေသော ငလျင်လှုပ်ခြင်းနှင့်ပတ်သက်၍ တင်ပြလိုပါသည်။

ငလျင်ဒဏ်ကြောင့် ၁၅၂၆ ခုနှစ်တွင် တူရကီနိုင်ငံ၌ လူ ၂၅၀၀၀၀ ကျော်၊ ၁၅၅၆ ခုနှစ်တွင် တရုတ်နိုင်ငံ၌ လူ ၈၃၀၀၀၀ ကျော်၊ ၂၀၁၀ ပြည့်နှစ်တွင် ဟေတီနိုင်ငံ၌ လူ ၃၀၀၀၀၀ ကျော် စသည်ဖြင့် သေဆုံးမှုများရှိခဲ့သည်။ မြန်မာနိုင်ငံတွင် လူသိများသော ၁၉၃၀ ပြည့်နှစ် ပဲခူးငလျင်ကြီး၊ ၁၉၇၅ ခုနှစ် ပုဂံငလျင်ကြီးတို့ကြောင့် စေတီပုထိုးများ ပြိုကျပြီး လူအနည်းငယ်သေဆုံးမှုများရှိခဲ့သည်။ ၁၈၃၉ ခုနှစ် အင်းဝငလျင်ကြောင့် လူ ၄၀၀ ခန့် သေဆုံးခဲ့သည်။ တောင်တွင်းကြီး ငလျင်နှင့် တာလေငလျင်တို့တွင် မြေပြင်အက်ကွဲမှုများ၊ မြေအောက်ရေ ပန်းထွက်မှုများ ဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ခံစားရသည့် သဘာဝဘေးဒဏ်များတွင် ငလျင်ဒဏ်က အများစုဖြစ်ကြောင်း သိရသည်။ အဓိကပြတ်ရွေ့ကြောများမှာ စစ်ကိုင်းပြတ်ရွေ့ (မြန်မာနိုင်ငံအလယ်ပိုင်း)၊ ကဘော်ပြတ်ရွေ့ (မြန်မာနိုင်ငံအနောက်ပိုင်း)၊ ဖာပွန်ပြတ်ရွေ့နှင့် ကျောက်ကြမ်းပြတ်ရွေ့ (နောင်ချိုနှင့် ပြင်ဦးလွင်အနီးမှဖြတ်) များအပြင် အခြားပြတ်ရွေ့ငယ်များစွာရှိကြောင်း၊ စစ်ကိုင်းပြတ်ရွေ့မှာ အဓိကသတိပြုဖွယ်ပြတ်ရွေ့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ တောင်ဘက် မုတ္တမပင်လယ်အထိ ကီလိုမီတာ ၁၀၀၀ ကျော် (မြန်မာ့ကျောက်ချပ်နှင့် အင်ဒိုနီးရှား ကျောက်ချပ်တို့ဆုံရာ) ရှည်လျားကြောင်း၊ ထပ်မံပြီး စစ်ကိုင်းပြတ်ရွေ့တွင် (၁) စက်ကိုင်းပြတ်ရွေ့မှ ဖြတ်ထွက်သွားသော ပြတ်ရွေ့ခွဲများအပိုင်း၊ (၂) သပိတ်ကျင်းမြို့အနီးမှ စစ်ကိုင်းမြို့အထိအပိုင်း၊ (၃) စစ်ကိုင်းမြို့မှ သာစည်- ပျော်ဘွယ်အပိုင်း၊ (၄) သာစည်-ပျော်ဘွယ်မှ ပဲခူးမြို့အနီးအထိ အပိုင်းနှင့် (၅) ပဲခူးဘုရားကြီးမှ မုတ္တမကမ်းစပ်အထိ အပိုင်းဟူ၍ အပိုင်းကြီးငါးပိုင်း ပါဝင်ကြောင်း၊ စစ်ကိုင်းပြတ်ရွေ့တစ်လျှောက် မြန်မာ့ကျောက်ချပ်သည် တစ်နှစ်လျှင် မီလီမီတာ ၂၀ ခန့် ရွေ့မျောနေကြောင်း၊ စစ်ကိုင်းပြတ်ရွေ့ပေါ်မှ မြို့ကြီးများမှာ မြစ်ကြီးနားမှအစပြု၍ ရန်ကုန်နှင့် သုံးခွတွင် အဆုံးသတ်ပြီး ဝန်းသို၊ တကောင်း၊ စစ်ကိုင်း၊ စဉ့်ကူး၊ မန္တလေး၊ နေပြည်တော်၊ ဝမ်းတွင်း၊ ပျဉ်းမနား၊ တောင်ငူ၊ ဖြူးနှင့် ပဲခူးမြို့တို့ ပါဝင်ကြောင်း၊ ငလျင်ကြောအဖြစ် သံလွင်မြစ်တစ်လျှောက် ဖြတ်သည့် သံလွင်မြစ်ငလျင်ကြောနှင့် ရခိုင်ပြည်နယ်ကို ဖြတ်သည့် ရခိုင်မြေငလျင်ကြောလည်း ရှိကြောင်း စသည်တို့ကို လေ့လာမှတ်သားမိသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၄ ရက်အတွင်းတွင် ငလျင်အငယ်စားများ ၁၉ ကြိမ်ခန့် လှုပ်ခဲ့သဖြင့် မြန်မာနိုင်ငံသားများ အထူးသဖြင့် မြို့ကြီးများရှိ အထပ်တိုက်နေလူများအတွက် စိုးရိမ်မှုများ အတိုင်းအတာတစ်ခုအထိ ပေါ်ပေါက်ခဲ့ရပါသည်။ ယင်းငလျင်ငယ်များသည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၊ တိုက်ကြီးမြို့၊ ကလေးဝမြို့၊ သပိတ်ကျင်းမြို့၊ မိုးညှင်းမြို့၊ ဂွမြို့၊ ဟုမ္မလင်းမြို့၊ ကျောက်ထုမြို့စသည့် မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးတွင် လှုပ်ခဲ့ခြင်းဖြစ်သည်။ ဖြူးမြို့အနီး ငလျင်မှာ ပြင်းအား အဆင့်(၆)ရှိသဖြင့် အင်အားအလတ်စားဖြစ်ပြီး ကျန်ငလျင်များမှာ အင်အားအသင့်အတင့်သာရှိခဲ့ကြောင်း မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့တွင် အသေးစားများမှာ မကြာခဏဖြစ်လေ့ရှိပြီး အလတ်စားများမှာ နှစ် ၄၀၊ ၅၀ ခန့်တွင် ဖြစ်လေ့ရှိကာ အလွန်ကြီးမားသော ဘေးအန္တရာယ်များမှာ နှစ် ၁၀၀ ပတ်ဝန်းကျင်တွင် တစ်ကြိမ်ပေါ်ပေါက်လေ့ရှိသည်ဟုလည်း ဆိုရိုးရှိသည်။ ပဲခူးငလျင်ကြီး ဖြစ်ပေါ်ခဲ့သည်မှာ နှစ်ပေါင်း ၉၀ ခန့်ရှိပြီဖြစ်သောကြောင့် ငလျင်ကြီးတစ်ခုဖြစ်မည့် အလားအလာသည် အတော်ပင် နီးကပ်လာပြီဟု သုံးသပ်ချက်များကို ကြားသိလာရသည်။

မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများကို အုပ်ချုပ်ရေးယန္တရားအဆင့်အလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ဘေးအန္တရာယ် အမျိုးအစားအလိုက် အသိပညာပေးခြင်း၊ ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်းများကို အချိန်မီဆောင်ရွက်လုပ်ကိုင်ရန်သာ လိုအပ်လျက်ရှိနေပါသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လှုပ်ရှားခဲ့သည့် မြေငလျင်က အင်အားအသင့်အတင့်ရှိပြီး စောက်တိမ် ငလျင်ဖြစ်သည့်အတွက်ကြောင့် ဖြူး၊ တောင်ငူ၊ ပြည်၊ နေပြည်တော်၊ ရန်ကုန်၊ ဇီးကုန်း၊ ရွှေတောင်၊ မြန်အောင်၊ ဟင်္သာတ၊ သထုံ၊ ဘားအံနှင့် တောင်ကြီးမြို့များရှိ ပြည်သူများ သတိပြုမိခဲ့ကြသည်။ မြေငလျင်၏ ပြတ်ရွေ့အမျိုးအစားမှာ တွန်းတင်ပြတ်ရွေ့ အမျိုးအစားဖြစ်သည်။ ပဲခူးရိုးမတွင်ရှိသည့် တွန်းတင်ပြတ်ရွေ့ငယ်ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ စစ်ကိုင်းပြတ်ရွေ့မှာ လှုပ်ရှားသည့် မြေငလျင်လှုပ်ရှားမှုများသည် ဘေးတိုက်ပြတ်ရွေ့ (Strike Slip Fault) အမျိုးအစားများ ဖြစ်သည်။ စောက်တိမ်မြေငလျင် အမျိုးအစားများ၏ သဘောသဘာဝများအရ မြေငလျင်ကြီး လှုပ်ရှားပြီးနောက် နောက်ဆက်တွဲ မြေငလျင်များ ဖြစ်ပေါ်လေ့ရှိသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အတွင်းမှာတော့ အင်အား ၅ ဒသမ ၃ အင်အားအသင့်အတင့်ရှိသည့် နောက်ဆက်တွဲမြေငလျင် သုံးကြိမ်လှုပ်ရှားခဲ့ပြီး အင်အားရစ်(ချ်)တာစကေး ၂ ဒသမ သုညနှင့် ၄ ဒသမ ၉ အတွင်း နောက်ဆက်တွဲ မြေငလျင်ပေါင်း ၄၇ ကြိမ်ခန့် လှုပ်ခတ်ခဲ့သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ၏ အဓိကတာဝန်အနေဖြင့် မြန်မာနိုင်ငံ ပြည်တွင်းနှင့် ပတ်ဝန်းကျင်နိုင်ငံများတွင် လှုပ်ရှားသော မြေငလျင်များကို စောင့်ကြည့်တိုင်းတာပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် သက်ဆိုင်ရာ မိတ်ဖက်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပြည်သူလူထုထံသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားရန် ဖြစ်ပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ (နေပြည်တော်)တွင် မြေငလျင်လှုပ်ရှားမှုများအား စောင့်ကြည့်တိုင်းတာနိုင်ရန်အတွက် ၂၄ နာရီ တာဝန်ကျအဖွဲ့များဖြင့် အလှည့်ကျတာဝန်ချထားပြီး ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးစသည့် သဘာဝဘေးမျိုးစုံဖြစ်ပွားနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထိုဘေးအန္တရာယ်များအနက်မှ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်း၍မရဘဲ ကြိုတင်သိရှိရခြင်းလည်းမရှိသဖြင့် အလွန်အန္တရာယ်ကြီးမားသည့် ဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။

အင်အားပြင်း ငလျင်များဖြစ်ပေါ်လာပါက ပျက်စီးဆုံးရှုံးမှု ကြီးမားတတ်ပြီး နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခြင်း၊ ရေကာတာကြီးများ ကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်နိုင်ခြင်း၊ ရုတ်တရက် လျှပ်စစ်ကြိုးများ ပူးသွားခြင်းကြောင့် လျှပ်စစ်မီးပွားမှတစ်ဆင့် မီးလောင်ခြင်း၊ လောင်စာဆီ၊ ဓာတ်ငွေ့ပိုက်များ ပျက်စီးရာမှတစ်ဆင့် မီးလောင်ကျွမ်းခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။

ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့သွားသော တိုက်တာအဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲမြေငလျင်များကြောင့် ထပ်မံပျက်စီး၊ ပြိုကျတတ်သည်။ အဆောက်အအုံများတွင် အုတ်ကျိုးအုတ်ပဲ့များ ပြိုကျမှု၊ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျမှုနှင့် အခြားဘေးအန္တရာယ်များရှိနိုင်ကြောင်းကိုလည်း သတိရှိရမည် ဖြစ်သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်အားအနည်းငယ်နှင့် အသင့်အတင့်ရှိ မြေငလျင်များ အကြိမ် ၇၀ ခန့် လှုပ်ခဲ့ပြီး နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ယခုနှစ် ဇန်နဝါရီလတို့တွင် မကြာခဏ လှုပ်ခတ်လျက်ရှိသဖြင့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပြုနေထိုင်ရန်လိုအပ်သည်။ ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- မိမိအိမ်တွင် ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ၊ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။
- မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။
- ငလျင်လှုပ်ပါက ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မပြေးထွက်နိုင်ပါက ခိုင်ခံ့သည့်စားပွဲ၊ ခုတင်အောက်တွင်လည်းကောင်း၊ အခန်း၏ ထောင့်နေရာများတွင် လည်းကောင်း၊ အကာအကွယ်ယူ၍နေပါ။
- မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာသို့ပြေးပါ။ ကွင်းပြင်များတွင် ခေတ္တခိုလှုံပါ။
- မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ၊ မီးခလုတ်များ ပိတ်ပါ။
- ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- ငလျင်လှုပ်နေချိန်တွင် အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်၊ ဓာတ်လှေကားများ အသုံးမပြုပါနှင့်၊ အထပ်မြင့်တိုက်များမှ ခုန်ချခြင်းမပြုပါနှင့်။
- ငလျင်လှုပ်ပြီးနောက် အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ပါနှင့်၊ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်၊ မြေပြိုနိုင်သည်။ ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်၊ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။ တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။
- အသိပညာပေးဆွေးနွေးဟောပြောပွဲများသို့ တက်ရောက်ပါ။ သတင်းထုတ်ပြန်ချက်များ၊ ပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ်နားထောင်ပါ။

ပြည်သူလူထုအနေဖြင့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပြုနေထိုင်ရန်နှင့် တာဝန်ရှိအဖွဲ့အစည်းများ၊ ပညာရှင်များ၏ အသိပညာပေးဆောင်ရွက်မှုများအပေါ် လေ့လာမှတ်သား၍ အကြံပြုချက်များကိုလည်း လိုက်နာခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

> ❛ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့သွားသော တိုက်တာအဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲမြေငလျင်များကြောင့် ထပ်မံပျက်စီး၊ ပြိုကျတတ်သည်။ အဆောက်အအုံများတွင် အုတ်ကျိုးအုတ်ပဲ့များ ပြိုကျမှု၊ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျမှုနှင့် အခြားဘေးအန္တရာယ်များရှိနိုင်ကြောင်းကိုလည်း သတိရှိရမည်ဖြစ်❜

# ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များနှင့် မြန်မာအလုပ်သမားများ စုပေါင်း၍ ရေဘေးသင့် အိမ်ထောင်စုများအတွက် ကူညီထောက်ပံ့

**ကျိုက်မရော စက်တင်ဘာ ၃**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ဒေသဖြစ်သော ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ထိုင်းနိုင်ငံရှိ ခယ်ခေါမ်အီလက်ထရွန်နစ်ကုမ္ပဏီလီမိတက်၊ မန်းမီ MUNGMEE(2557) ကုမ္ပဏီလီမိတက်၊ ကဘီပရဟိတ မြန်မာလူငယ်များအဖွဲ့၊ နောင်စုန်းနယ်မြေ လူမှုအဖွဲ့အစည်းများနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ စုပေါင်း၍ အလှူငွေ ဘတ်ငွေ ငါးသိန်းတန်ဖိုးရှိ စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းများကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျေးရွာအရောက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကွမ်ဖော့ကျေးရွာမှ အိမ်ထောင်စု ၂၃၀၊ ဒေါလန်ကျေးရွာမှ အိမ်ထောင်စု ၄၀၀၊ ကော့တာကျေးရွာမှ အိမ်ထောင်စု ၄၀၀၊ မွန်စုကျေးရွာမှ အိမ်ထောင်စု ၈၀ နှင့် ဒေးဖရာကျေးရွာမှ အိမ်ထောင်စု ၁၈၇ စု၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ ခရစ်ကျောက်တန်းကျေးရွာမှ အိမ်ထောင်စု ၃၁၅ ခု၊ ကော့ဟတောကျေးရွာမှ အိမ်ထောင်စု ၁၃၀၊ ကော့ဂိုကျေးရွာမှ အိမ်ထောင်စု ၄၁၅ ခု၊ သရက်တောကျေးရွာမှ အိမ်ထောင်စု ၆၆၀ နှင့် ညောင်ရိပ်ကျေးရွာမှ အိမ်ထောင်စု ၇၀၊ ဘားအံမြို့နယ်အတွင်းရှိ သံလှယ်ကျေးရွာမှ အိမ်ထောင်စု ၃၅ ခု၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ မယ်ကတိုကျေးရွာမှ အိမ်ထောင်စု ၃၀၀၊ နိဒုန်ကျေးရွာမှ အိမ်ထောင်စု ၂၅၀၊ ကွမ်ငန်ကျေးရွာမှ အိမ်ထောင်စု ၃၀၀ နှင့် မယ်ကတန်ကျေးရွာမှ အိမ်ထောင်စု ၃၅ စုတို့အတွက် သွားရောက် ကူညီထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စိုးမြင့်အောင်**

# လယ်ယာ၊ သားငါးကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ Metro Wholesale Myanmar ၏ Deputy CEO ဖြစ်သူ Mr. Tipayarat Kaewsrignarm ဦးဆောင်သော အဖွဲ့ဝင်များအား ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးရာတွင် Metro Wholesale Myanmar က တောင်သူပညာပေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် သား၊ ငါးကဏ္ဍ ထုတ်ကုန်များ၏ ထုတ်လုပ်မှုအရည်အသွေးတိုးတက်ရေးနှင့် ယင်းထုတ်ကုန်များအား နိုင်ငံတကာ စံချိန်စံညွှန်းမီ ထောက်ခံချက်လက်မှတ်များ ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စီးပွားရေးသံမှူးသင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

စီးပွားရေးသံမှူးသင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် ဧပြီလမှစတင်ပြီး စီးပွားရေးသံမှူးများ ရွေးချယ်စေလွှတ်ရေး



အတွက် နိုင်ငံတော်အစိုးရက တာဝန်ပေးအပ်ထားကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လက်ရှိစေလွှတ်ထားသည့် စီးပွားရေးသံမှူးများနေရာတွင် စီးပွားရေးသံမှူးအသစ်များ ခန့်အပ်တာဝန်ပေးအပ်ရန်အတွက် သင်တန်းပေးပြီး ရွေးချယ်စေလွှတ်သွားမည်ဖြစ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

စီးပွားရေးသံမှူး စေလွှတ်ခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနိုင်ရန်၊ ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်ရေးမြှင့်တင်ချိတ်ဆက်မှု ကောင်းကောင်းရရှိရန်ဖြစ်ပါကြောင်း၊ စီးပွားရေးသံမှူးများကို စီးပွားရေးအရ အရေးပါသည့်နိုင်ငံများသို့ စေလွှတ်၍ ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

စီးပွားရေးသံမှူးများ အသိပညာဗဟုသုတများ ပြည့်ဝစေရန် မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်ရေးဆိုင်ရာအဖွဲ့အစည်းများ၏ အတွေ့အကြုံများကို သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များကို ဖိတ်ကြားပြီး ပို့ချပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနရှိ သတ်မှတ်ချက်နှင့် အကျုံးဝင်သော လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း ၂၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံချက်၏ ဒေသတွင်း ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၃**

မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံချက်၏ ဒေသတွင်း ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာပြဿနာသည် ယခုအခါ ကမ္ဘာ့ပြည်သူ့ကျန်းမာရေးဆိုင်ရာပြဿနာတစ်ရပ်အနေဖြင့် တည်ရှိနေပါကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းရန်အတွက် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်း (WHO) မှ the Global Action Plan on Antimicrobial Resistance (GAP) ကို ၂၀၁၅ ခုနှစ် မေလတွင် စတင်အကောင်အထည်ဖော်ဆောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် CLMV နိုင်ငံများအတွင်းတွင်လည်း သက်ဆိုင်ရာအစိုးရများ၏ ထောက်ခံအားပေးမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ မဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများအနေဖြင့် ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ တူညီသောပြဿနာနှင့် စိန်ခေါ်မှုများကို အတူပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ပဋိဇီဝဆေးများကို လူ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် မဆင်မခြင် အသုံးပြုရာမှ ဖြစ်လာသော ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ ပြဿနာကို အသိပညာပေးခြင်း၊ စောင့်ကြည့်ကြပ်မတ်စစ်ဆေးခြင်း၊ စနစ်တကျအသုံးပြုစေခြင်း၊ ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းနှင့် သုတေသနလုပ်ခြင်းစသည့် နည်းဗျူဟာများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကာ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးကော်မတီကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ National Multi - sectorial Steering Committee for Combating AMR(NMSC)၊ နိုင်ငံအတွင်း ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးညှိနှိုင်းမှု ဗဟိုဌာန (National Coordination Centre-NCC) ကို အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲဌာနတွင် ထားရှိကာ



နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးများကို ဩဂုတ်လအတွင်းက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှရရှိလာသော နည်းပညာများကို လက်တွေ့အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံချက်၏ ဒေသတွင်းပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး နည်းဗျူဟာများ၊ နိုင်ငံအလိုက် ဦးစားပေးဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့် ဆက်စပ်အဖွဲ့အစည်းများအတွင်း ကွန်ရက်ချိတ်ဆက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အတည်ပြုချက်ရယူကြမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့မှ တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးကို စက်တင်ဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

# တာချီလိတ်မြို့၌ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉ ဦး ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် စက်တင်ဘာ ၃**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉ ဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ စက်တင်ဘာ ၃ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များက ကူညီဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ယခုလွှဲပြောင်းသည့် ၁၉ ဦးအပါအဝင် အမျိုးသား ၅၃၄ ဦး၊ အမျိုးသမီး ၂၄၃ ဦးနှင့် ကလေး ၂၅ ဦး စုစုပေါင်း ၈၀၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ထောက်ကြန့်၌ မူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက် ဓမ္မာရုံ၌ ဩဂုတ် ၃၀ ရက် ည ၈ နာရီခွဲက ထောက်ကြန့်နယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်စိုးသန့်က ပြည်သူများမှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။


ဟောပြောပွဲသို့ ရဲစုတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ထွန်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၆၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



စူရ်သီ မွတ်စလင်ဘာသာရေး၊ နာရေး၊ လူမှုကူညီရေးအသင်း (ရန်ကုန်)မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ စက်တင်ဘာ ၃ ရက်တွင် တောင်ငူမြို့ ၂၁ ရပ်ကွက်ရှိ ရေဘေးကယ်ဆယ်ရေး အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ ရေဘေးသင့် ပြည်သူများအတွက် ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ အဝတ်အထည်များကို သက်ဆိုင်ရာစခန်း ကော်မတီဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ မြင့်မောင်(ကြေးမုံ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
အခြေခံပညာဦးစီးဌာနနှင့် ကျောက်ဆည်မြို့ပြည်သူလူထုတို့
ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်
(ကျောက်ဆည်မြို့)

၂၀၁၈-ခုနှစ်၊စက်တင်ဘာလ(၇/၈/၉)ရက် သောကြာ၊စနေ၊တနင်္ဂနွေနေ့များတွင်
နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိမည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အထက(၁)၊ကျောက်ဆည်မြို့။

# ပလောက်မြို့၌ လက်နက်နှင့် ကျည်များ သိမ်းဆည်းရမိ

**ပုလော စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ ကျောက်လုံးကြီးကျေးရွာအုပ်စု အရှေ့ကုန်းကျေးရွာရှိ နေအိမ်တစ်လုံးအတွင်းမှ ယနေ့ နံနက်ပိုင်းက 38 SPECIAL ဆုံလည်သေနတ်တစ်လက်နှင့် ၎င်းကျည် ငါးတောင့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပလောက်မြို့ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၁ နာရီခန့်က ပလောက်မြို့ ကျောက်လုံးကြီးကျေးရွာအုပ်စု အရှေ့ကုန်းကျေးရွာနေ မျိုးနိုင်ဦး (ခ) အဒိတ်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ဒန်အိုးအတွင်း၌ ဝှက်ထားသည့် ဆုံလည်သေနတ် တစ်လက်နှင့် ၎င်းကျည် ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးနိုင်ဦး (ခ) အဒိတ်အား ပလောက်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# ကျောင်းအခြေပြု ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်

**စစ်တွေ စက်တင်ဘာ ၃**

ရပ်ရွာလူထုအနေဖြင့် ဘေးအန္တရာယ်များကို ထိခိုက်မှုနည်းစွာဖြင့် တုံ့ပြန်ရင်ဆိုင်နိုင်ရန်နှင့် ဘေးဒဏ်ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသော လူ့အဖွဲ့အစည်း တစ်ခုပေါ်ထွန်းစေရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် LWF အဖွဲ့တို့ ပူးပေါင်း၍ ကျောင်းအခြေပြု ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲကို စစ်တွေမြို့နယ် ချီလည်းပင်း ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်း၌ ယနေ့ နံနက် ၁၁ နာရီက ဖွင့်လှစ်သည်။



အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂ ရက်မှ ၄ ရက်ထိ ကြာမြင့်မည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဘာသာရပ်များကို သင်တန်းနည်းပြ ဆရာ ဆရာမများက စာတွေ့ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ နံရံကပ်ပိုစတာပေးအပ်ခြင်းနှင့် ဗီနိုင်းပိုစတာ ပေးအပ်ခြင်းများကို ဆောင်ရွက်ကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# လှည်းကူးမြို့၌ ယာဉ်နှစ်စီးနှင့်အတူ ကျွန်းသစ် ၁၂ တန်ခန့် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိပြီး ဖမ်းဆီးရေးအဖွဲ့အား ရန်ပြုသူများကို အမှုဖွင့်အရေးယူထား

**နေပြည်တော် စက်တင်ဘာ ၃**

အမှတ်(၁)သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲ(မြောက်ပိုင်းခရိုင်)မှ တပ်ဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၆ နာရီ မိနစ် ၂၀ က သတင်းအရ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၂၀ တွင် ဖောယာဉ် တစ်စီးနှင့် ကင်တာယာဉ် နှစ်စီးတို့အား ဘောနတ်ကြီးလမ်းဆုံမှ ရန်ကုန်သို့ မောင်းနှင်လာသည်ကို တွေ့ရှိ၍ စစ်ဆေးရန်ဆောင်ရွက်သော်လည်း အစစ်ဆေးမခံဘဲ မိုင်တိုင်(၂၀/၂)ရှိ အမြန်လမ်းမှ ဂငယ်ကွေ့ရန် ခွင့်ပြုထားသော ယာဉ်ကြောမှတစ်ဆင့် ဘောနတ်ကြီးဘက်သို့ ပြန်ကွေ့မောင်းနှင်သွားသော ကြောင့် ဖမ်းဆီးရေးအဖွဲ့က လိုက်လံဖမ်းဆီးရာ နံနက် ၆ နာရီ ၄၅ မိနစ်တွင် မိုင်တိုင် (၃၂/၁)အနီး ယာဘက်ရှိ ဒေသလမ်းငယ်အတွင်း အမြန်လမ်းနှင့် ပေ ၂၀၀ ခန့်အကွာ၌ YGN 1K/---- ကင်တာယာဉ်အား ကျွန်းသစ် လေးတန်နှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး ဖောယာဉ်တစ်စီးမှ ကျွန်းသစ် လေးတန်ခန့်ကိုချ၍ ၎င်းလမ်းအတိုင်း ပဲခူးဘက်သို့ မောင်းနှင်သွားသဖြင့် မော်တော်ယာဉ် တစ်စီးနှင့် ကျွန်းခွဲသား ရှစ်တန့်ခန့်တို့အား ပိုင်ရှင်မဲ့တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



ထို့နောက် ဖမ်းဆီးရေးအဖွဲ့က အမြန်လမ်းတစ်လျှောက် ဆက်လက်ရှာဖွေရာ နံနက် ၇ နာရီတွင် မိုင်တိုင် (၃၆/၅)ရှိ ရော်ဘာခြံအတွင်း အမြန်လမ်းနှင့် လေးမိုင်ခန့်အကွာ၌ ရပ်တန့်ထားသော AYY 8M/---- ကင်တာယာဉ်အား ကျွန်းသစ်လေးတန်နှင့် ပိုင်ရှင်မဲ့ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

နံနက် ၉ နာရီခွဲတွင် ဖမ်းဆီးရေးအဖွဲ့၊ ပဲခူးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့တို့ ပူးပေါင်း၍ အမြန်လမ်းတစ်လျှောက် ဆက်လက်ရှာဖွေရာ မိုင်တိုင်(၃၇/၂)ရှိ အမြန်လမ်းမကြီး စစ်ပင်ဆိပ်တံတားအောက် စစ်ပင်ဆိပ်ရွာ ထိပ်ရှိ Under Pass ၌ YGN 5F/----WISH ယာဉ်အား တွေ့ရှိသဖြင့် စစ်ဆေးဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီခွဲတွင် စစ်ပင်ဆိပ်ကျေးရွာအတွင်းမှ ကျေးရွာသား နေဇော်ပါ ၂၀ ဦးခန့်သည် တုတ်၊ ဓားများ ကိုင်ဆောင်ထွက်လာကာ ဖမ်းဆီးရေးအဖွဲ့အား ရန်ပြုခဲ့ရာ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ခါးကိုထိမှန်ခဲ့၍ သေနတ်ဖြင့် တစ်ချက် သတိပေးပစ်ခတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ၎င်းကျေးရွာသားများအတွင်းမှ တစ်ဦးက WISH ယာဉ်အား မောင်းနှင်ကာ စစ်ပင်ဆိပ်ရွာအတွင်းသို့ ထွက်ပြေးသွားခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ပူးပေါင်းအဖွဲ့က သိမ်းဆည်းရမိသော ကျွန်းသစ် ၁၂ တန်ခန့်နှင့် ကင်တာယာဉ် နှစ်စီးအား ဘောနတ်ကြီးအမြန်လမ်း ရဲစခန်းသို့ ပို့ဆောင်အပ်နှံခဲ့ပြီး နေဇော်ပါ ၂၀ ဦး (စိစစ်ဆဲ)အား ဘောနတ်ကြီးအမြန်လမ်းမကြီးရဲစခန်း(ပ)၂၈၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၃၂/၂၉၄/၁၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းနှင့် သိမ်းဆည်းရမိသော သစ်များ၏ ပိုင်ရှင်အား ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၃/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)**

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်၊ ပန်ဟိုက်ရပ်ကွက် (၈)တွင် ဘိန်းစားဆေးပြား သုံးစွဲသူများနှင့် ရောင်းဝယ်နေသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၈-၂၀၁၈ ရက်နေ့တွင် နမ္မတူမြို့၊ ပန်ဟိုက် (၈) ရပ်ကွက်၊ ရေစင်ကြီးအနီး၌ စောင့်ဆိုင်းစစ်စစ်နေစဉ် အိုက်နိုင် (၄၅)နှစ်၊ (ဘ) ဦးအိုက်ငို၊ ဟိုတုန်းကျေးရွာ၊ မန်တုံမြို့နယ်အား ဘိန်းဖြူ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(နမ္မတူ) မယ(ပ) ၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ သချိုင်းကုန်းအနီး၌ စောင့်ဆိုင်းစစ်စစ်နေစဉ် လင်းနောင်နောင်ဝင်း (၃၆)နှစ်၊ (ဘ) ဦးဆန်းဦး၊ ပန်ဟိုက်(၁၀)ရပ်ကွက်အား ဘိန်းဖြူများနှင့်အတူ သိမ်းဆည်းရမိသဖြင့် ၎င်းအား မမစ(နမ္မတူ)မယ (ပ)၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်၊ သချိုင်းကုန်းအနီး၌ စောင့်ဆိုင်းစစ်စစ်နေစဉ် မာနော်(၃၀)နှစ်၊ (ဘ) ဦးဘရန်ထောင်၊ ပန်ဝါကျေးရွာ၊ မန်တုံမြို့နယ်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(နမ္မတူ)မယ(ပ)၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါရွာနေ ဦးချစ်မောင် (ကွယ်လွန်)၏သား ဖော်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၈-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ဖော်ဦး(ခ)သိန်းမြင့်စိုး(၄၅)နှစ်၊ (ဘ)ဦးချစ်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ (ဖောင်းပြင်) မယ(ပ) ၆၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာ၊ ရပ်ကွက်(၁)နေ ကိုထူးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၁၈ ရက်နေ့တွင် မတ္တရာမြို့နယ်၊ ဆည်တော်ကြီးရွာ၊ အမှတ်(၁)ရပ်ကွက်နေ ဖိုးထူး(ခ) ကိုထူး(ခ) ထွန်းလင်း (၅၅)နှစ်၊ (ဘ) ဦးလှဘူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဆည်တော်ကြီး)မယ(ပ) ၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ နန်းစောင်းပုကျေးရွာနေ ချစ်စန်းမောင်သည် မူးယစ်ဆေးပြားနှင့် ဘိန်းဖြူများ အကြီးအကျယ် ရောင်းချနေသူဖြစ်ကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၁၈ ရက်နေ့တွင် ကလေးမြို့နယ်၊ နန်းစောင်းပု ကျေးရွာ (ဟောင်း)၏ အနောက်ဘက်လယ်ကွက်အနီး စောင့်ဆိုင်းစစ်စစ်နေစဉ် ချစ်စန်းမောင်(၄၅)နှစ်၊ (ဘ)ဦးသိန်းရွှေ၊ နန်းစောင်းပုကျေးရွာနေသူအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ)၁၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ဒေါပုံမြို့နယ် အတွင်းမှာရှိသော (အသက်၁၈၊ ၁၉)ဝန်းကျင် လူငယ်အများစုမှာ ဆေးပြားများ အလွယ်တကူ ဝယ်ယူသုံးစွဲနေကြသဖြင့် တင်းတင်းကျပ်ကျပ် ဖမ်းဆီးစေလိုကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၈-၂၀၁၈ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နဂါးနီ (၄)လမ်း၊ အမှတ်(၇၅)၊ မြေညီထပ်နေ ကျော်ကျော် (ခ)ကျော်ဝဏ္ဏ (ခ)မိုဟာမတ်အလီ (၃၆)နှစ်၊ (ဘ) ဦးထွန်းအောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဝင်းနိုင် (ခ)မာမတ်ဆာဘီ (၃၈)နှစ်၊ (ဘ)ဦးမိုးသီး၊ သာကေတမြို့နယ်၊ ကိုဖြိုး(ခ)တင်ဖြိုးမောင် (၂၉)နှစ်၊ (ဘ)ဦးမောင်မောင်အေး၊ သဃ်န်းကျွန်းမြို့နယ်နှင့် ဒေါ်လှမြင့်(၅၆)နှစ်၊ (ဘ) ဦးမောင်မောင်၊ ဒေါပုံမြို့နယ်နေသူတို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ)၃၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၂၆-၈-၂၀၁၈ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၂) ရပ်ကွက်၊ ရွာမ ကမ်းနားလမ်း၊ အမှတ်မရှိတွင် နေထိုင်သည့် ဇော်ဦး (၃၅)နှစ်၊ (ဘ)ဦးလှမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လှထွန်း(ခ)ကိုမျိုး (၄၂)နှစ်၊ (ဘ) ဦးတင်မောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရဲရင့်(ခ) ကိုမလိုင်း (၁၅) နှစ်၊ (ဘ)ဦးအောင်ကျော်ထွန်း၊ ဒဂုံတောင်မြို့နယ်၊ စောဝေလင်းထက် (၃၅)နှစ်၊ (ဘ) ဦးခင်မောင်လတ်၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်ရတနာမိုး (၂၄)နှစ်၊ (ဘ) ဦးဝင်းလွင်၊ ဒေါပုံမြို့နယ်၊ ဝင်းမြင့်ထိုက် (ခ)ကုလား (၂၃)နှစ်၊ (ဘ)ဦးမြင့်လွင်၊ ကမ်းနားလမ်း၊ ယမုံနာ(၂) ရပ်ကွက်၊ ဒေါပုံမြို့နယ်နှင့် ဝေဝေလွင် (၂၅)နှစ်၊ (ဘ) ဦးအေးကျူ၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်နေသူတို့ (၇)ဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ(ပ)၃၄/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သဇင်လမ်းဆုံ အမှတ်မရှိ နေအိမ်နေ ဦးနိုင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ အလယ်ရွာ၊ သဇင်လမ်း၊ အမှတ်မရှိတွင် နေထိုင်သော ဦးနိုင်ဝင်း (၄၅)နှစ်၊ (ဘ)ဦးသံချောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်သာယာ) မယ(ပ)၆၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တဲမရွာနေ ဦးကျော်လင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၈-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ နန်းဘုတ် ကျေးရွာအုပ်စု၊ တဲမကျေးရွာနေ ကျော်လင်း(၄၀)နှစ်၊ (ဘ)ဦးချမ်းမြ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား အသင့်တွေ့ရှိပြီး နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၆၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။ |
| ၈ | ဘိုကလေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ နဝရတ်လမ်းကြားနေ ခွေးဘီလူးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၈-၂၀၁၈ ရက်နေ့တွင် ဘိုကလေးမြို့နယ်၊ ကျွဲခြံရေကျော်တံတားထိပ်၌ စောင့်ဆိုင်းစစ်စစ်နေစဉ် ဖြိုးကိုကို (ခ) ခွေးဘီလူး (၂၁)နှစ်၊ (ဘ)ဦးခင်အောင်၊ (၃)ရပ်ကွက်၊ ဘိုကလေးမြို့နှင့် မြတ်မင်း(၁၅)နှစ်၊ (ဘ) ဦးထွန်းထွန်းဦး၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့နေသူတို့ မောင်းနှင်လာသော Honda CB-400 Super Four (လိုင်စင်စိစစ်ဆဲ) ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘိုကလေး) မယ(ပ)၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ဘိုင်းလယ်ရွာမှ မင်းဇော်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၈-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ဘိုင်းလယ်ကျေးရွာနေ မင်းဇော် (၃၁)နှစ်၊ (ဘ)ဦးသာထွေး၏ ယာတဲအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(ဖောင်းပြင်)မယ(ပ)၆၇/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကညင်မြိုင် အုပ်စုကျေးရွာနေ ဦးမောင်ရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၈-၂၀၁၈ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ ကညင်မြိုင်ကျေးရွာနေ ဦးမောင်ရွှေ(ခ) ဦးစံလယ်(၅၇)နှစ်၊ (ဘ)ဦးဖိုးတီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မိုးကောင်း) မယ(ပ)၄၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ဂွန်းကျေးရွာနေ ဦးသာပု(ခ) ဦးမြင့်ဦးသည် မူးယစ်ဆေးဝါးများအား အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၉-၂၀၁၈ ရက်နေ့တွင် ဘားအံမြို့နယ်၊ ကော့ဂွန်းကျေးရွာနေ ဦးမြင့်ဦး(ခ)သာပု(၆၇)နှစ်၊ (ဘ)ဦးဘဆွေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားနေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘားအံ) မယ(ပ)၂၉/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ နယ်မြေ(၈)နေ နဂါးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၈-၂၀၁၈ ရက်နေ့တွင် သန်လျင်မြို့နယ်၊ နယ်မြေ(၈)၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး(၅)လမ်းရှိ ဇင်သော်အောင် (ခ)နဂါး (၂၅)နှစ်၊ (ဘ)ဦးစိုးအောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်) မယ(ပ) ၂၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | လားရှိုးမြို့နယ်၊ နမ္မတူမြို့၊ သတလ (၁)ရပ်ကွက်၊ သဲကွင်း၌ တဲများထိုး၍ နေထိုင်သော ဦးအောင်ဆန်းဌေးသည် မူးယစ်ဆေးဝါးများ နှစ်ရှည်စွာ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၉-၂၀၁၈ ရက်နေ့တွင် နမ္မတူမြို့၊ သတလ(၁)ရပ်ကွက်၊ သဲကွင်းအနီး စောင့်ဆိုင်းစစ်စစ်နေစဉ် အောင်ဆန်းဌေး(၃၅)နှစ်၊ (ဘ)ဦးနေဒွန်း၊ သတလ(၁)ရပ်ကွက်၊ နမ္မတူမြို့နေသူအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(နမ္မတူ)မယ(ပ)၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၊ သဲကွင်းလမ်းမပေါ် စောင့်ဆိုင်းစစ်စစ်နေစဉ် ရှော်ပေါင်း(၅၀)နှစ်၊ (ဘ)ဦးခေါင်းဆန်း၊ ပန်ဟိုက် (၉) ရပ်ကွက်၊ နမ္မတူမြို့နေသူအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မမစ(နမ္မတူ)မယ(ပ)၁၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ သောင်ကြီးလမ်းနေ ဂဠုန်ကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၈-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ သောင်ကြီးလမ်း၊ အမှတ်(၄၂၂/က)၊ နှစ်ထပ်ဆောင်၊ အခန်းအမှတ်(၁၀)နေ ကျော်မင်းထက် (ခ)ဒုံကြီး (ခ)ဂဠုန်ကြီး (၃၅)နှစ်၊ (ဘ)ဦးမင်းသန်း၏ အခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျော်ဇေယျ (၃၂)နှစ်၊ (ဘ)ဦးသိန်းချစ်၊ (၈) ရပ်ကွက်၊ ဝေယံထွန်း (ခ)ပိုင်ပိုင် (၁၇)နှစ်၊ (ဘ)ဦးအေးမြင့်၊ (၇)ရပ်ကွက်နေသူတို့အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ (လှိုင်သာယာ) မယ(ပ)၆၅/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၀ သို့ »»

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၃

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



### လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းဖြင့် နှုတ်ခွန်းဆက်သပါတယ်။

လွှတ်တော်အသီးသီးမှာ လစ်လပ်နေတဲ့ ကိုယ်စားလှယ်များအတွက် အဲဒီ မဲဆန္ဒနယ်မြေတွေမှာ မကြာတော့မယ့်အချိန် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်တော့မှာ ဖြစ်ပါတယ်။ ဒီကြားဖြတ်ရွေးကောက်ပွဲမှာ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက မန္တလေးတိုင်းဒေသကြီး လွှတ်တော် သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၁)မှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ဖွဲ့စည်းထူထောင်ခဲ့တာဟာ အနှစ် ၃၀ ပြည့်မြောက်လာပြီး စည်းလုံးညီညွတ် တည်ငြိမ်ခိုင်မာစွာ ရပ်တည်နိုင်ခဲ့တဲ့ပါတီ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီမှာ "လူအများကောင်းစားရေး"ကိုအခြေခံတဲ့ လမ်းညွှန်သဘောတရားမူဝါဒ အခိုင်အမာရှိပါတယ်။ ဒီမူဝါဒကို အကောင်အထည်ဖော်တဲ့ "ပြည်သူ့အကျိုးပြု မြန်မာ့လမ်းစဉ်"ကိုလည်း ပီပီပြင်ပြင် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပါတီရဲ့လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အစွန်းတရားတွေဘက် ရောက်မသွားစေဖို့အတွက် "မဇ္ဈိမပဋိပဒါကျင့်စဉ်" နဲ့ ကိုက်ညီကျင့်သုံးလျက်ရှိပါတယ်။ ပါတီရဲ့ မူဝါဒရယ်၊ လမ်းစဉ်နဲ့ကျင့်စဉ်တွေကို ဟန်ချက်ညီညီ ချမှတ်ကျင့်သုံးနေပါတယ်။

ပါတီတွင်းမှာ တစ်ဦးကောင်းတစ်ယောက်ကောင်းဝါဒကို ရှောင်ရှားပြီး ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနဲ့အညီ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ရှိမှု၊ တာဝန်ယူမှုတွေကို အခိုင်အမာကျင့်သုံးလျက်ရှိပါတယ်။

အဓိကကျတာကတော့ ကျွန်တော်တို့ပါတီရဲ့ ပါတီဝင်တွေအနေနဲ့ ပါတီအပေါ် ထားရှိတဲ့ သစ္စာတရားနဲ့အတူ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စွမ်းရည်တွေနဲ့ အနစ်နာခံဆောင်ရွက်မှုတွေကြောင့်လည်း အခုလို အနှစ် ၃၀ အထိ တည်ငြိမ်ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်တယ်လို့ ပါတီအပေါ် မှာ မဲဆန္ဒရှင်ပြည်သူများ အကဲခတ်ဆန်းစစ်နိုင်အောင် တင်ပြနေခြင်းဖြစ်ပါတယ်။

အခုကြားဖြတ်ရွေးကောက်ပွဲမှာ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အတွက် သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှာ ဝင်ရောက်အရွေးခံမယ့် ကိုယ်စားလှယ်လောင်းကတော့ ဦးညီညီ ဖြစ်ပါတယ်။ သပိတ်ကျင်းမြို့နယ် ဇာတိသား လိပ်ကျကျေးရွာက ဖြစ်ပါတယ်။ ဒေသသားဖြစ်ပြီး ကိုယ့်ရပ်ဆွေ၊ ရပ်မျိုးဖြစ်နေတာကြောင့် ပါတီအနေနဲ့ တင်ပြစရာမလိုအောင် "အူမချေးခါး" ကအစ သိနေကြမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကဲခတ်မှတ်ကျောက်တင်စိစစ်ခံနိုင်သူ ဖြစ်ပါတယ်။

ပါတီစုံစနစ်မှာ ဒီမိုကရေစီယဉ်ကျေးမှုအရ မဲဆန္ဒရှင်များအနေနဲ့ မိမိတို့ရဲ့ကိုယ်စားလှယ်တွေကို ရွေးချယ်ကြရာမှာ လူကိုမကြည့်ဘဲ ပါတီကိုပဲကြည့်ပြီး ရွေးချယ်တာဟာ လိုအပ်ချက်ဖြစ်သလို ပါတီကိုမကြည့်ဘဲ လူကိုပဲကြည့်ပြီး ရွေးချယ်ပြန်ပါကလည်း မပြည့်စုံတဲ့ရွေးချယ်မှုဖြစ်မှာပါ။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူများအနေနဲ့ အခုကြားဖြတ်ရွေးကောက်ပွဲမှာ ပါတီကိုရောလူ(ကိုယ်စားလှယ်လောင်း)ကိုပါကြည့်ပြီး ဆန်းစစ်အကဲဖြတ်ကြပါ၊ ဆန္ဒမဲပေးကြပါလို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ကိုယ်စား အလေးအနက်ပန်ကြားအပ်ပါတယ်။

### လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား

မကြာခင်ကာလအတွင်းက တိုင်းဒေသကြီး၊ ပြည်နယ်ငါးခုမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် တောင်သူလယ်သမားမိသားစုတွေနဲ့ ကျေးလက် နေပြည်သူတွေဟာ ရေဘေးဒုက္ခတွေနဲ့ ကြုံတွေ့ခဲ့ကြရပါတယ်။ အစိုးရရော၊ နိုင်ငံသူ နိုင်ငံသား၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများပါမကျန် ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြရပါတယ်။ နိုင်ငံရဲ့ အသက်သွေးကြောဖြစ်တဲ့ လယ်ယာကဏ္ဍမှာ စိုက်ဧကသိန်းနဲ့ချီပြီး ထိခိုက်ပျက်စီးတယ်ဆိုတာလည်း သိရပါတယ်။ အဲဒီလို ထိခိုက်တဲ့နေရာမှာ တောင်သူလယ်သမားတွေရဲ့ လယ်ယာစီးပွားရေးဘဝ ပြန်ပြီးနာလန်ထူလာအောင် အားလုံးက ဝိုင်းပြီး အဓိကဦးစားပေးလုပ်ငန်းအနေနဲ့ ကြိုးပမ်းဆောင်ရွက်ကြရမယ်ဆိုတာ ကျွန်တော်တို့ပါတီက အလေးအနက် ခံယူထားပါတယ်။

ရေဘေး၊ လေဘေးကြောင့် ပျက်စီးသွားတဲ့ အိုးအိမ်၊ လမ်း၊ တံတား၊ စာသင်ကျောင်း၊ လျှပ်စစ်ဆက်သွယ်မှု စတဲ့ အခြေခံအဆောက်အအုံတွေကို မူလအခြေအနေပြန်ရောက်အောင် ဆောင်ရွက်ရေးဟာလည်း အထူးဦးစားပေးလုပ်ငန်းအဖြစ် ကျွန်တော်တို့ပါတီက သတ်မှတ်ထားပါတယ်။ အားလုံးဝိုင်းဝန်းကူညီလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ ၂၀၀၈ ခုနှစ် နာဂစ်လေမုန်တိုင်းဒဏ်ခံရပြီးနောက်ပိုင်း နှစ်တိုင်းလို ရာသီဥတုဖောက်ပြန်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ ဒါ့အပြင် ငွေကြေးအရင်းအနှီး မပြည့်စုံမှု၊ လယ်ယာလုပ်သားရှားပါးမှု၊ လယ်ယာသွင်းအားစုတွေရဲ့ ဈေးနှုန်းကြီးမှု၊ လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းတွေရဲ့ ဈေးကွက်မတည်ငြိမ်မှု၊ ပုံစံ ၇ စတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် မတည်ငြိမ်မှု စတာတွေကို နှစ်စဉ်လိုကြုံတွေ့ပြီး လယ်ယာလုပ်ငန်းခွင်မှာ မပျော်ပိုက်တဲ့ အခြေအနေရှိနေပါတယ်။

ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် တည်ဆဲဥပဒေအနေနဲ့ "တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ" ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေမှာပါတဲ့ တောင်သူလယ်သမားတွေအတွက် အခွင့်အရေးနဲ့ အကျိုးစီးပွားတွေကို ပြည့်စုံအောင် အကောင်အထည်မဖော်နိုင်သေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ပါတီအနေနဲ့ တည်ဆဲဥပဒေဖြစ်တဲ့ "တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ"ပါ ပြဋ္ဌာန်းချက်များ အမြန်ဆုံးအကောင်အထည်ဖော်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား

အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခကြေးငွေကို ကျပ် ၄၈၀၀ တိုးမြှင့်ပေးခဲ့ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ စီးပွားရေး နာမကျန်းဖြစ်နေမှုကြောင့် အခြေခံစားကုန်ဈေးနှုန်းတွေ တက်လာတဲ့အတွက် အလုပ်သမားတွေရဲ့ လုပ်ခနဲ့ဈေးနှုန်းဟာ "ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်"ဆိုသလို ဖြစ်ပြီး အလုပ်သမားတွေ အကျိုးမခံစားရပါဘူး။ ရေရှည်အတွက် အလုပ်သမားတွေရဲ့ အကျိုးစီးပွားကိုကြည့်ပြီး "လုပ်ခနဲ့ဈေးနှုန်း"မူဝါဒတွေကို ချမှတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အချို့စက်ရုံ၊ အလုပ်ရုံပိတ်မှုတွေ၊ လူအင်အားလျှော့ချမှုတွေ၊ စက်ရုံ၊ အလုပ်ရုံတွေရဲ့ လုပ်ငန်းအပြောင်းအရွှေ့တွေ၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ပီပီပြင်ပြင် အကောင်အထည်မဖော်နိုင်တာကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ အလုပ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ အလုပ်သမားတွေရဲ့ အကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးလုပ်ငန်းတွေကို အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြင်ဆင်ထားတဲ့ ဘတ်ဂျက်နှစ်အတွက် နိုင်ငံတော်ရဲ့ ဘတ်ဂျက်အရအသုံးကို လွှတ်တော်မှာ တင်ပြတဲ့အခါ ၂၀၁၈/၂၀၁၉ ခုနှစ် ဘတ်ဂျက်လိုငွေဟာ ကျပ်ဘီလီယံ ငါးထောင်နီးပါးရှိပြီး စံချိန်တင် လိုငွေပြလျက်ရှိနေပါတယ်။ ဒီလိုငွေကို နိုင်ငံတော်က ဖြည့်ဆည်းတဲ့အခါမှာ အခွန်အတုပ်ကောက်ခံမှုဟာ နည်းလမ်းတစ်ခုအနေနဲ့ မလွဲမသွေ ပါလာမှာဖြစ်ပါတယ်။ လုပ်သားပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် အခွန်အကောက်ဆိုင်ရာ မူဝါဒများချမှတ်ပြီး ပြည်သူများ အခွန်ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးကို လှုံ့ဆော်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

### လေးစားအပ်တဲ့ မဲဆန္ဒရှင် ပြည်သူ အပေါင်းတို့ခင်ဗျား

ငြိမ်းချမ်းရေးဟာ ကျွန်တော် တို့နိုင်ငံရဲ့ အမျိုးသားရေးဖြစ်တဲ့အပြင် နိုင်ငံရဲ့အနာဂတ်လည်း ဖြစ်ပါတယ်။ ပြည်သူတွေလိုလားနေတဲ့ "ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး" "ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" မျှော်မှန်းချက်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အပေါ် မှာ အဓိကမူတည်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အားသွန်ခွန်စိုက် ကြိုးပမ်းပါဝင်လျက် ရှိပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကျွန်တော်တို့ပါတီက ကိုင်စွဲထားတဲ့ သဘောထားတွေကတော့-

- တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မှာ ပါဝင် လက်မှတ်ရေးထိုးကြရေး၊
- အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲတွေ အောင်မြင်စွာ ကျင်းပနိုင်ရေး၊
- ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်လာရေး၊
- အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးမူဝါဒတွေ ချမှတ်ရေးတို့ ဖြစ်ပါတယ်။

ဒီသဘောထားတွေနဲ့အညီ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ထဲထဲဝင်ဝင် ဆက်လက်ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပွားနေတဲ့အရေးကိစ္စဟာ ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံများကပါ ဖြစ်ရပ်မှန်များနဲ့ နိုင်ငံတော်ရဲ့လုပ်ဆောင်ချက်အပေါ် မှာ လျစ်လျူရှုပြီး အနောက်မီဒီယာများရဲ့ မမှန်သတင်းလုပ်ကြံမှုတွေ၊ ကောက်ချက်တွေအပေါ် အခြေခံပြီး ပြောဆိုလုပ်ဆောင်နေတာတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေကို စွက်ဖက်ထိပါးစေတဲ့ လုပ်ရပ်တွေလို့ ကျွန်တော်တို့ပါတီက ခံယူထားပါတယ်။

ဒါကြောင့် ရခိုင်ပြည်နယ်အရေးကိုအခြေခံပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးစွက်ဖက်လာတဲ့ကိစ္စ၊ ပြည်ထောင်စုရဲ့ ပိုင်နက်နယ်မြေကို ခြိမ်းခြောက်လာတဲ့ကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း လုံခြုံအေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အန္တရာယ်ဖြစ်စေမယ့် လုပ်ရပ်မှန်သမျှကို ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ ကန့်ကွက်ဆန့်ကျင်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

### လေးစားအပ်တဲ့ မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား

အခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများအနေနဲ့ ဆန္ဒမဲပေးရာမှ ပါတီအဖွဲ့အစည်းကိုရော ကိုယ်စားလှယ်လောင်း"လူ"ကိုပါကြည့်ပြီး အကဲခတ် ဆန္ဒမဲပေးနိုင်ဖို့ ပါတီရဲ့ အနေအထား၊ သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ်မြေ(၁) ပါတီကိုယ်စားလှယ်လောင်းရဲ့ အခြေအနေများနဲ့ ပါတီရဲ့ သဘောထားလုပ်ငန်းစဉ်တွေကို ကျွန်တော် အကျဉ်းချုပ် တင်ပြခဲ့ပြီးဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများက နိုင်ငံတော်ရဲ့အကျိုး၊ ဒေသရဲ့အကျိုးနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို အမှန်တကယ်သယ်ပိုးပေးနိုင်မယ့် ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးကြပါလို့ ဆန္ဒပြုလိုက်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**တို့ပါတီအောင်ရမည်**

**နှစ်ပေါင်းထောင်သောင်းချီ ရှေးရှေးတုန်းကအမွေအနှစ် အတိတ်ဆီက မြန်မာပြည်တို့ ဘိုးဘွားများ တည်ဆောက်ခဲ့ကြသည်-**

**(နိုင်ငံတော်ရဲ့အလံ တလွင့်လွင့်ချီ)၂**

**လွတ်လပ်တဲ့မြန်မာပြည် တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးသည် မြန်မာနိုင်ငံ ကမ္ဘာတည် တို့ချစ်တဲ့အလံတော် တလွင့်လွင့်ချီ**

**တိုင်းရင်းသားအားလုံးညီညွတ်မည်။ ညီရင်းအစ်ကိုပမာ တို့ချစ်ကြည်၊ ထာဝစဉ်မကွဲ လက်တွဲမည်။ ဒါမှ ဒို့ပါတီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အောင်ရမည်။**

**မြန်မာပြည် တို့-တိုင်းပြည် မြန်မာတို့ရဲ့ဇာတိသွေးက ဇွဲမာန်အစစ်ဖြစ်သည်။ တိုင်းရင်းသားတို့ ထာဝရစည်းလုံးညီညွတ်မည်။ အမျိုးသားရေးကိုဦးတည် နိုင်ငံတော်ကို ချစ်မြတ်နိုးသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အောင်ရမည်။**

# အစ္စရေးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး သမ္မတ ဒူတာတေး ချစ်ကြည်ရေးခရီး စတင်



**ဂျေရုဆလင် စက်တင်ဘာ ၃**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးသည် လေးရက်ကြာ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့သို့ စက်တင်ဘာ ၂ ရက် ညနေခင်းတွင် ရောက်ရှိလာခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်သမ္မတတစ်ဦးအနေဖြင့် အစ္စရေးနိုင်ငံသို့ လာရောက်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။ သမ္မတဒူတာတေးသည် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် သမ္မတ ရူဗင်ရီဗလင်းတို့ အပါအဝင် အစ္စရေး ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

### ပူးပေါင်းဆောင်ရွက်

မိမိ၏နိုင်ငံသည် ကာကွယ်ရေးနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးနှင့် ပင်လယ်ရပ်ခြားအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရေးတို့နှင့်ပတ်သက်၍ အစ္စရေးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း သမ္မတ ဒူတာတေးက ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရအဖွဲ့ထံသို့ အစ္စရေးက လက်နက်တင်ပို့ရောင်းချရေးကိစ္စမှာ ခေါင်းဆောင်များဆွေးနွေးမည့် အဓိကကိစ္စရပ်တစ်ရပ်ဖြစ်ကြောင်း အစ္စရေးမီဒီယာက ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အင်အား ၁၂၀၀၀၀ ရှိ ရဲတပ်ဖွဲ့အတွက် ဂါလီအမျိုးအစား ချေမှုန်းရေး ရိုင်ဖယ်သေနတ်များနှင့် ပစ္စတိုသေနတ်များကဲ့သို့သော လက်နက်များကို မကြာသေးမီက အစ္စရေးနိုင်ငံက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သမ္မတဒူတာတေးသည် အစ္စရေးနိုင်ငံ၌ နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိကြသော ဖိလစ်ပိုင်လူမျိုးများနှင့် ခရီးစဉ်ပထမနေ့မှာပင် တွေ့ဆုံခဲ့သည်။ အစ္စရေးနိုင်ငံ၌ ဖိလစ်ပိုင်လူမျိုး ၂၈၀၀၀ ခန့်ရှိပြီး ၎င်းတို့အနက် အများစုမှာ ကျန်းမာရေးလုပ်သားများဖြစ်ကြသည်။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

# ရာသီဥတုညီလာခံ၏ ကြိုတင်ပြင်ဆင်ရေးအစည်းအဝေး ကျင်းပသော မြို့တော်ဗန်ကောက် ပတ်ဝန်းကျင်ဘေးအန္တရာယ် ဝန်းရံခံနေရ

**ဗန်ကောက် စက်တင်ဘာ ၃**

ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်သည် ဆယ်စုနှစ် တစ်စုတာကာလအတွင်းမှာပင် ပင်လယ်ရေအောက်သို့ တစ်စိတ်တစ်ဒေသ နစ်မြုပ်သွားနိုင်သည့် ဘေးအန္တရာယ်ရှိနေသည်ဟု ကျွမ်းကျင်သူပညာရှင်များ၏ ခန့်မှန်းချက်ပေါ်ထွက်နေကြောင်း အေအက်ဖ်ပီသတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြသည်။

ကုလသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ ညီလာခံအတွက် ဆွေးနွေးညှိနှိုင်းနိုင်ရန် ကြိုတင်ပြင်ဆင်ရေးအစည်းအဝေးကို စက်တင်ဘာ ၃ ရက်တွင် ဗန်ကောက်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် နှစ်ကုန်၌ ပိုလန်နိုင်ငံတွင် ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပရေးနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် ပြင်ဆင်ထားသည်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေး၊ ထိခိုက်လွယ်သော နိုင်ငံများအတွက် အကူအညီပေးရေး စသည်တို့နှင့် ပတ်သက်၍ ဥပဒေစည်းမျဉ်းများ ရေးဆွဲသတ်မှတ်ကြမည်ဖြစ်သည်။

အပူချိန်မြင့်တက်လာသည်နှင့်အမျှ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ မကြုံစဖူး ထူးထူးကဲကဲ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ဆိုးရွားပြင်းထန်သော မိုးခေါင်မှုများနှင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခြင်းတို့ကဲ့သို့ ပုံမှန်မဟုတ်သော ရာသီဥတုပုံစံများကို ပိုမိုတွေ့ကြုံလာရမည်ဟု ကျွမ်းကျင်သူများက ဆိုသည်။ ၂၀၁၅ခုနှစ် ပါရီရာသီဥတုထိန်းညှိရေးစာချုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် အစိုးရအဖွဲ့များအပေါ် ဖိအားပေးမှု ကြီးမားလာသည်။



ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပြင်ဆင်ရေးညီလာခံကို အိမ်ရှင်အဖြစ် ကျင်းပသည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သည် တစ်နံတစ်လျားပြန့်ကားစွာ တည်ရှိနေသော မြို့တော်ဖြစ်၍ လူဦးရေ ၁၀ သန်းကျော်နေထိုင်သည်။

မြို့တော်အဖြစ် တည်ဆောက်ခဲ့စဉ်က ပင်လယ်ရေမျက်နှာပြင်အထက် ၁ ဒသမ ၅ မီတာ (ငါးပေ)ခန့်တွင် တည်ရှိခဲ့သော မြို့တော်ဗန်ကောက်သည် အရှေ့တောင်အာရှဒေသရှိ မြို့တော် ဂျကာတာနှင့် မြို့တော် မနီလာတို့နည်းတူ ပင်လယ်ရေအောက်သို့ တစ်စတစ်စ နိမ့်ဆင်းကျရောက်နိုင်သော မြို့တော်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့်အတူ ဗန်ကောက်၏ နယ်မြေ ၄၀ ရာခိုင်နှုန်းခန့်မှာ အစောဆုံး ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျဘဲ ရေအောက်သို့ ရောက်ရှိသွားမည် ဆို၏။

**အေအက်ဖ်ပီ**

# မြို့တော် ထရီပိုလီအနီးရှိ အကျဉ်းထောင်မှ အကျဉ်းသားများ လွတ်မြောက်

**ထရီပိုလီ စက်တင်ဘာ ၃**

လစ်ဗျားနိုင်ငံမြို့တော် တောင်ဘက်ဆင်ခြေဖုံးရှိ အကျဉ်းထောင်တစ်ခုတွင် စက်တင်ဘာ ၂ ရက်က အကျဉ်းသား ၄၀၀ ခန့် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ မြို့တော်ထရီပိုလီတွင် လူအသေအပျောက်ရှိသည့် အဓိကရုဏ်းများ ရက်သတ္တတစ်ပတ်ကြာ ဖြစ်ပွားခဲ့ပြီးနောက် အကျဉ်းသားများ ယင်းသို့ ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အင်ဇာရာအကျဉ်းထောင်အနီး၌ ပြိုင်ဘက်ပြည်သူ့စစ်များအကြား အပြင်းအထန် တိုက်ခိုက်နေစဉ်ထောင်အတွင်း၌ထိန်းသိမ်းခံရသူများက အင်အားသုံးကာ တံခါးများကို ဖွင့်ပြီးထွက်ခွာသွားကြကြောင်း ရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။ ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသားများမှာ မည်သို့သော ရာဇဝတ်မှုမျိုးကို ကျူးလွန်သူများဖြစ်ကြောင်း အမျိုးအမည် ခွဲခြားဖော်ပြခြင်းမရှိပေ။

အကျဉ်းထောင်လုံခြုံရေး အစောင့်များသည် ၎င်းတို့ အသက်အန္တရာယ်ကျရောက်မည်ကို စိုးရိမ်ခဲ့ကြရပြီး အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်သွားခြင်းကို တားဆီးနိုင်စွမ်းမရှိကြောင်းကြေညာချက်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ သက်တမ်းရင့် ပြတိုက်တွင် မီးအကြီးအကျယ်လောင်ကျွမ်း



**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၃**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ သက်တမ်းနှစ်ပေါင်း ၂၀၀ ရှိ အမျိုးသားပြတိုက်တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းကြောင့် အဆိုပါပြတိုက်တွင် နှစ်ပေါင်းကြာရှည် စုဆောင်းထားသည့် ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဆိုင်ရာ လေ့လာတွေ့ရှိချက် ပစ္စည်းအရေအတွက် သန်း ၂၀ ကျော်မှာ ပျက်စီးသွားရန် သေချာသလောက်ရှိကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဧကရာဇ်ဘုရင်များ စိုးစံတော်မူခဲ့သော နန်းတော်ဟောင်းနေရာတွင် တည်ရှိသည့်ပြတိုက် မီးလောင်ခံရခြင်းသည် ဘရာဇီးနိုင်ငံအတွက် အလွန်ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်ကြောင်း သမ္မတမစ်ချယ်တီးမားက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

နှစ်ပေါင်း ၂၀၀မျှ စုဆောင်းခဲ့သည့် သုတေသနနှင့်အသိပညာများ ဆုံးရှုံးခဲ့ရသည်ဟု ဘရာဇီးသမ္မတ၏ ကြေညာချက်တွင် ဖော်ပြသည်။ ယင်းပြတိုက်မီးလောင်ကျွမ်းမှု ဖြစ်ပွားရသည့်အကြောင်းရင်းကို မပြောနိုင်သေးသလို ပျက်စီးဆုံးရှုံးမှု ပမာဏအတိအကျကိုလည်း မသိရှိရသေးပေ။ ရီယိုဒီဂျနေးရိုးမြို့မှ မီးသတ်သမားများကလည်း ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ မှတ်ချက်ပေးပြောကြားရန် တောင်းဆိုမှုများကို ပြန်ကြားခြင်းမရှိသေးပေ။

ပြတိုက်မီးလောင်ကျွမ်းမှု မြင်ကွင်းကို ရုပ်မြင်သံကြားသတင်းဌာနက တိုက်ရိုက်ထုတ်လွှင့်ပြသပြီး စက်တင်ဘာ ၂ ရက် ပြတိုက်သို့ လာရောက်ကြည့်ရှုခွင့်ပြုချိန် ကုန်ဆုံးသည့် ညနေ ၅ နာရီ ထိုးပြီးနောက် မကြာမီတွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး ယင်းနေ့ ညနှောင်းပိုင်းအချိန်ထိတိုင် မီးကိုထိန်းချုပ်နိုင်ခြင်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။

မီးလောင်ကျွမ်းခဲ့သည့် ပြတိုက်ကို ၁၈၁၈ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ရီယိုဒီဂျနေးရိုးဖက်ဒရယ်တက္ကသိုလ်နှင့် ဘရာဇီး ပညာရေးဝန်ကြီးဌာနတို့နှင့် ပညာရေးအရ ချိတ်ဆက်ထားသည့် ပြတိုက်ကြီး ဖြစ်သည်။ ယင်းပြတိုက်တွင် အီဂျစ်လူမျိုးများ၏ ရှေးဟောင်းလက်ရာအချို့နှင့် ဘရာဇီးနိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့သည့် ရှေးဟောင်းလူသားတို့၏ ရုပ်ကြွင်းအချို့ကို သိမ်းဝင် စုဆောင်းထားရှိခဲ့သည်။

**အေအက်ဖ်ပီ**

# မြန်မာ့ပင်လယ်ပြင်တွင် သောင်တင်နေသည့် ကုန်တင်သင်္ဘောကြီးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမ္မစိတ္တကျေးရွာ အပြင်ဘက် ရေမိုင် ခုနစ်မိုင်ခန့်အကွာ စစ်တောင်းမြစ်ဝအနီး မြန်မာ့ပင်လယ်ပြင်တွင် သောင်တင်နေသည့် Sam Ratulangi ကုန်တင်သင်္ဘောကြီးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို Ocean Solution Maritime Management Sdn Bhd ပိုင်ဆိုင်သည့် ဆွဲသင်္ဘော Independence ကုမ္ပဏီဘက်မှ ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် Ocean Solution Maritime Management Sdn Bhd ကုမ္ပဏီ၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် ဒေါ်မေသန့်ဇင်က "အခြေအနေအကြောင်းကြောင်းကြောင့် သင်္ဘောပေါ်မှာရှိတဲ့ ကပ္ပတိန်က သက်ဆိုင်ရာတာဝန်ရှိသူတွေကို သတင်းမပို့နိုင်ခဲ့ဘူး၊ ဒီသင်္ဘောကြီးကို မြန်မာရေပိုင်နက်ထဲမှာ စွန့်ပစ်ဖို့လာတာ လည်းမဟုတ်ပါဘူး၊ ဆွဲလို့ရတာနဲ့ ပြန်ထွက်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရှိတာကြောင့် သူလည်းသတင်းမပို့နိုင်ခဲ့ဘူး၊ ဒါကျွန်မတို့ ကုမ္ပဏီရဲ့အမှားပါ။ သက်ဆိုင်ရာတာဝန်ရှိသူအားလုံးကိုလည်းတောင်းပန်ပါတယ်။ ဒါဟာ ရည်ရွယ်ချက်ရှိရှိ ဖြစ်သွားတာမဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ ဖြစ်ခဲ့တာပါ။ ဒါကိုသက်ဆိုင်ရာလူကြီးတွေကို ရှင်းပြထားပါတယ်" ဟု ပြောသည်။

အဆိုပါ Sam Ratulangi ကုန်တင်သင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံတွင် မှတ်ပုံတင်ထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သွားရောက်ဖျက်ဆီးမည့် သင်္ဘောဖြစ်ကြောင်း ယင်းသင်္ဘောသည် ဩဂုတ်လ ၂၅ ရက်က မုတ္တမ ပင်လယ်ကွေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်သည့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆွဲသင်္ဘော Independence နှင့် ချိတ်ဆက်ထားသည့် ကြိုးပျက်ကာ မြန်မာနိုင်ငံဘက်သို့ မျောပါသွားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမ္မစိတ္တကျေးရွာ အပြင်ဘက် ရေမိုင် ခုနစ်မိုင် ခန့်အကွာ စစ်တောင်းမြစ်ဝအနီး မြန်မာ့ပင်လယ်ပြင်တွင် သောင်တင်နေခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"သောင်တင်တဲ့သင်္ဘောကို သတင်းမပို့ကြဘူးလားမေးကြတယ်၊ ရာသီဥတု အရမ်းဆိုးပြီး သောင်တင်တော့မှ အာမခံကုမ္ပဏီကို ကပ္ပတိန်ကလှမ်းပြောတယ်၊ သင်္ဘောဆက်ဆွဲလို့ မရတော့ဘူးလို့ပြောတယ်၊ မြန်မာနိုင်ငံက သက်ဆိုင်ရာ အာဏာပိုင်တွေကို အကြောင်းကြားပေးဖို့ လှမ်းပြောတယ်၊ စင်ကာပူအခြေစိုက် First Capital ကုမ္ပဏီက ဘာကြောင့်လှမ်းအကြောင်း မကြားတာလဲဆိုတာ ကုမ္ပဏီဘက်က ရှင်းပါလိမ့်မယ်" ဟု ဒေါ်မေသန့်ဇင်က ပြောသည်။

Ocean Solution Maritime Management Sdn Bhd ကုမ္ပဏီ ပိုင်ဆိုင်သည့် ဆွဲသင်္ဘော Independence တွင် တာဝန်ထမ်းဆောင်နေသည့် ကပ္ပတိန်အပါအဝင်သင်္ဘောသား ၁၃ ဦးမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ကြောင်း ယနေ့သတင်းစာရှင်းလင်းပွဲမှ သိရသည်။ **မင်းသစ် (MNA)**

# ဖျာပုံခရိုင် အားကစားကော်မတီဖလား အသက် ၂၅ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်



**ဖျာပုံ စက်တင်ဘာ ၃**

နိုင်ငံတော်အတွက် မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်လျက် ဖျာပုံခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ် (ဖျာပုံ)နှင့် ပဲ့တင်သံ ပရဟိတဘောလုံးအသင်းတို့ ပူးပေါင်းကာ အသက်(၂၅)နှစ်အောက် ခရိုင်အားကစားကော်မတီဖလား အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက်က ဖျာပုံမြို့ မြောက်ပိုင်းရပ်ရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ဖျာပုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီမြင့်တို့က ပြိုင်ပွဲအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ပြိုင်ပွဲများကို စက်တင်ဘာ ၂ ရက်တွင် စတင်၍ နေ့စဉ်တစ်လကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲမှ ရရှိသော အကျိုးအမြတ်အားလုံးကို ဖျာပုံမြို့ရှိ ပဲ့တင်သံ ပရဟိတ ဘောလုံးအသင်းနှင့် ပူးပေါင်း၍ မြို့နယ်အားကစားခန်းမအတွက် လိုအပ်သည်များပြင်ဆင်လှူဒါန်းပေးခြင်း၊ ပညာရေးဆိုင်ရာ ထောက်ပံ့မှုများ ပြုလုပ်ခြင်း၊ စာသင်ကျောင်းများအတွက် အားကစားပစ္စည်းများ ဝယ်ယူထောက်ပံ့ပေးခြင်း၊ အားကစားသင်တန်းများ အခမဲ့ ဖွင့်လှစ်ပေးခြင်းစသော ပရဟိတလုပ်ငန်းများအတွက် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# မြန်မာဖူဆယ်အသင်းကို ဦးဌေးမြင့် ဆက်လက်ကိုင်တွယ်မည်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၁၈ အာဆီယံ ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။

နည်းပြချုပ် ဦးဌေးမြင့်သည် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို ယာယီကိုင်တွယ်သည့် နှစ်ကြိမ်စလုံးတွင် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၎င်းကိုဆက်လက်တာဝန်ပေးထားခြင်း ဖြစ်သည်။ မြန်မာဖူဆယ်အသင်း နည်းပြချုပ် ဦးဌေးမြင့်သည် ပဏာမကစားသမားများ ရွေးချယ်ရန် လက်ရှိကျင်းပနေသည့် ဖူဆယ်လိဂ်ပြိုင်ပွဲကို လိုက်လံကြည့်ရှုလျက်ရှိပြီး ပဏာမလူစာရင်းကို စက်တင်ဘာလ ဒုတိယပတ်တွင် ထုတ်ပြန်ကြေညာမည် ဖြစ်သည်။

ဦးဌေးမြင့်သည် ၂၀၁၆ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ၂၀၁၆ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသမိုင်းတစ်လျှောက် ပထမဆုံး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းကို ပဏာမကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အောင်မြင်မှုရရန် ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲအတွက် ပြင်ဆင်ချိန် နှစ်လကျော် ရရှိမည်ဖြစ်ပြီး အောက်တိုဘာလတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၁၈ အာဆီယံဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့နှင့် အုပ်စုကျပ်အတွင်း ကျရောက်နေသည်။ **ရှိုင်းထက်ဇော်**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျိုင်းတုံ-တောင်ကြီးသွားလမ်းမကြီး လမ်းသားပဲ့ကျမှုဖြစ်

**မိုင်းပျဉ်း စက်တင်ဘာ ၃**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ဆင်မောင်းကျေးရွာအုပ်စု ပလောင်ချိုင့်ကျေးရွာအနီးရှိ တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီး အရှည်ပေ ၁၀၀ ခန့်နှင့် အနက်ငါးပေခန့်အထိ လမ်းသားများ ပဲ့ကျမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းသားပဲ့ကျသွားသည့်နေရာအား တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၃)မှ AE ဦးလေဝိ ဦးဆောင်၍ လမ်းလုပ်သား ၂၀ ခန့်ဖြင့် သွားရောက်ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် ယာဉ်ငယ်များ စတင်ဖြတ်သန်းသွားနိုင်ပြီဖြစ်ပြီး ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စက်ယန္တရားများဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

### ❖ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှ

ယူ-၂၁ အသင်းသည် ယင်းပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ရက် ၂၀ ကျော်သာရှိရခဲ့ပြီး ပြိုင်ပွဲမတိုင်မီ အကြိုပြင်ဆင်မှုအဖြစ် ပြည်တွင်း MNL ကလပ်အသင်းများဖြစ်သည့် ရောဝတီ၊ မကွေး၊ ရှမ်းယူနိုက်တက်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ခြေစမ်းပွဲများတွင် ဧရာဝတီကို နှစ်ဂိုး-ဂိုးမရှိ၊ မကွေးကို လေးဂိုး-နှစ်ဂိုး၊ ရှမ်းယူနိုက်တက်ကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် ယခုပြိုင်ပွဲပြီးပါက မူလဖွဲ့စည်းထားသည့် ယူ-၂၁ (က) အသင်းမှ ကစားသမားများဖြင့် ပေါင်းစပ်ကာ နှစ်ကုန်ပိုင်းမှစ၍ နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

### ❁ မြန်မာ-စင်ကာပူမှ

ပရိသတ်များအတွက် ဝင်ကြေးအခမဲ့သတ်မှတ်ထားသည်။ မြန်မာနှင့် စင်ကာပူ လူငယ်အသင်းများသည် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ကျင်းပမည့် အာရှခြေစစ်ပွဲများအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် ယခုလအတွင်း ကစားရမည်ဖြစ်သောကြောင့် ပိုမိုပြင်ဆင်နိုင်ရန် နှစ်ပွဲကစားမည် ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် စင်ကာပူအမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းယှဉ်ပြိုင်မည့် အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (င) ကို နီပေါနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှားနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကိုလည်း နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက တာဝန်ယူကိုင်တွယ်လျက်ရှိပြီး အောက်တိုဘာလတွင် ရန်ကုန်မြို့၌ ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော် ဓာတ်ပုံ-စိုးညွှန့်**

### ❒ မြန်မာအမျိုးသမီးအသင်းမှ

စတုတ္ထနေရာသာရခဲ့သောကြောင့် သွေးသစ်လောင်းကာ ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးသည် ကလပ်အသင်းများတွင် ကစားခွင့်ရသူများကိုသာ ရွေးချယ်ထားပြီး ကလပ်အသင်းတွင် ကစားခွင့်မရသူများကို ရွေးချယ်ထားခြင်းမရှိကြောင်း သိရသည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများကစားရန် လူငယ်အမျိုးသားအသင်းများကို ဦးစားပေးရွေးချယ်ထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တည်ထောင်ထားသည့် ရန်ကုန်နှင့်မန္တလေးမှ အကယ်ဒမီအသင်းများနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ထို့ပြင် ခြေစစ်ပွဲမတိုင်မီ ပြည်တွင်းသို့ ခြေစမ်းခရီးစဉ်သွားရောက်ကာ ခြေစမ်းပွဲများထပ်မံကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများကို စက်တင်ဘာလလယ်မှသာ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြ ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ ဦးမြကိုမင်း၊ ကစားသမားများအဖြစ် ဂိုး ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ခင်သီတာအေး၊ နောက်တန်း ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ငယ်ငယ်ထွေး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ အလယ်တန်း ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး ၊ လဲ့လဲ့လှိုင်၊ နန့်မေသဇင်၊ နုနု၊ ခင်မိုးဝေ၊ ရှေ့တန်း ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်နှင့် နီလာဝင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲ အုပ်စု(ဂ)ကို နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းအုပ်စုကို မြန်မာနိုင်ငံ၌ ကျင်းပခွင့်ရထားသည်။ မြန်မာအသင်းသည် အုပ်စုတွင် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွှန့်**

# မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေဖြင့် ရိုက်တာသတင်းထောက်နှစ်ဦးအား ထောင်ဒဏ် ခုနစ်နှစ်စီ အမိန့်ချမှတ်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာ သတင်းထောက်နှစ်ဦးဖြစ်သော ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း ၃၈ ချိန်းမြောက် ရုံးထုတ်ခဲ့ရာ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာ ၁၀၀ ကျော်ခန့် ရောက်ရှိလာကြသည်။ ရုံးထိုင် ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က စွဲချက်တင်ထားသော ဥပဒေပုဒ်မ ၃(၁)(ဂ)အရ စစ်ဆေးပေါ်ပေါက်ချက်များကို ရှင်းလင်းပြောကြားကာ စွဲဆိုထားသည့်အတိုင်း ၎င်းတို့နှစ်ဦးကို ထောင်ဒဏ် ခုနစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး-၁ ဒေါ်စုစန္ဒာဝင်းက "ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှု အမှတ်-၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ တရားခံ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရ စွဲဆိုမှုကနေ ဒီကနေ့ စက်တင်ဘာ ၃ ရက်မှာ အပြီးသတ်အမိန့်ချမှတ်ခဲ့တာပါ" ဟု ပြောသည်။

မီဒီယာများ ထပ်မံမေးမြန်းချက်ကို ဖြေကြားခဲ့ရာ "ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က အပြီးသတ်အမိန့်ချမှတ်ခဲ့တာနဲ့ပတ်သက်လို့ စာမျက်နှာ ၂၂ မျက်နှာမှာပါရှိတဲ့ အမှုအကြောင်းအရာအကျဉ်းချုပ်၊ တရားလိုနဲ့ တရားလိုပြသက်သေ ထွက်ဆိုချက်များ၊ တရားခံများအပေါ် စွဲချက်တင်ပြီးနောက် တရားခံများရဲ့ ထွက်ဆိုချက်များ၊ တရားခံပြသက်သေများက ထွက်ဆိုချက်များ၊ သက်သေအသီးသီးက ထွက်ဆိုချက်များအပေါ် ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ သုံးသပ်ပြီးမှ တရားခံနှစ်ဦးအပေါ် စွဲချက်တင်ထားတဲ့အတိုင်း မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ၃(၁)(ဂ)အရ ၎င်းတို့နှစ်ဦး ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိလို့ ထောင်ဒဏ် ခုနစ်နှစ်စီ ကျခံစေရန်နဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်ထိ အချုပ်ကာလ အသီးသီးထုတ်နုတ်ခံစားပြီး ကျခံစေတယ်လို့ ဖော်ပြပါရှိပါတယ်" ဟု ထပ်မံရှင်းလင်း ပြောကြားသည်။

တရားခံ၏ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်က "သတင်းထောက်နှစ်ယောက် လွတ်မြောက်ဖို့ကတော့ အယူခံအပါအဝင် လုပ်နိုင်တာ အားလုံးလုပ်သွားဖို့ ရှိပါတယ်" ဟု မီဒီယာများအား ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# အဖျောက်မြို့ အေးရွာကျေးရွာတွင် ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြို၍ တစ်ရွာလုံးနီးပါး ပြောင်းရွှေ့နေရ

**တိုက်ကြီး စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာကျေးရွာတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဧရာဝတီမြစ်ကမ်းပါးများ ပြိုကျလျက်ရှိရာ နေအိမ်များ တဖြည်းဖြည်းပြောင်းရွှေ့ရပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ကမ်းပါးများ ဆက်တိုက်ပြိုကျသဖြင့် ရွာလုံးကျွတ်နီးပါး ပြောင်းရွှေ့ရကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အေးရွာကျေးရွာတွင် အိမ်ထောင်စု ၃၀၀ ကျော်၊ လူဦးရေ တစ်ထောင်ကျော်၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ အမကစာသင်ကျောင်းတစ်ကျောင်းတို့ကိုပါ ပြောင်းရွှေ့ထားရကြောင်း၊ ပြောင်းရွှေ့ရာတွင်လည်း တစ်ပြိုင်တည်းမဟုတ်ဘဲ ကမ်းပြိုလိုက် ပြောင်းလိုက်နှင့် ယခုဆို တစ်ရွာလုံးနီးပါးပြောင်းရွှေ့နေရကြောင်း ဒေသခံများက ပြောသည်။

"ကမ်းပြိုတိုင်းပြောင်းရတာ ငါးကြိမ်လောက်ရှိပြီ၊ ပြောင်းစရာ မြေလည်း ကုန်ပြီ။ အခုတော့ သချိုင်းကုန်းမြေမှာ နေကြရတယ်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလက ရန်ကုန်မြို့တော်ဝန်နဲ့ ဆည်မြောင်း၊ တိုင်းဒေသကြီး၊ ခရိုင်တာဝန်ရှိသူတွေ လာကြည့်တယ်။ သဲဖြားကျေးရွာ လဟာဇောင်းစားကျက်မြေ လာကြည့်တယ်၊ နေရာရှာပေးမယ်ပြောပြီး ပြန်သွားတယ် အေးရွာကမ်းပြိုတာလည်း လာကြည့်သေးတယ်။ ထူးခြားမှုမရှိဘူး၊ ကမ်းပြိုလို့ ကုန်သွားတယ်။ ဘာမှဖြစ်မလာဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

ကျေးရွာပြောင်းရွှေ့ရာတွင် ကြီးမားသော အဆောက်အအုံများကို အဖျောက်မြို့ အုပ်ချုပ်ရေးမှူးနှင့် အဖျောက်ရဲစခန်းက ကူညီဆောင်ရွက်ပေးကြောင်း၊ ကမ်းပြို၍ အိမ်ရွှေ့လျှင် တစ်အိမ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြောင်းရွှေ့စရိတ် ငွေကျပ်တစ်သိန်းနှင့် မိသားစု ဦးရေအလိုက် တစ်ဦးကို ခုနစ်ရက်စာ ဆန်ဖိုး ငွေကျပ် ၂၁၀၀ ထောက်ပံ့သည့်အပြင် ပစ္စည်း ၁၄ မျိုးပါ အထုပ်များ ထောက်ပံ့ပေးကြောင်း၊ ကမ်းပြိုလျှင် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုစာရင်းများကို မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ပြုစုပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ စာရင်းပို့ပေးရကြောင်း၊ ဝန်ကြီးဌာနမှ ဖော်ပြပါထောက်ပံ့ရေးငွေနှင့် ပစ္စည်းများ လာရောက်ထောက်ပံ့ပေးကြောင်း အဖျောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမင်းစိုးက ပြောသည်။

ကမ်းပြို၍ ဘေးသင့်နေသော ကျေးရွာသားများသည် လက်လုပ်လက်စားများဖြစ်ပြီး ငွေကြေးမတတ်နိုင်၍ ဆွေမျိုးများအိမ်တွင် ယာယီနေထိုင်ရခြင်း၊ ယာယီတဲများဖြင့် နေထိုင်ရခြင်း၊ လမ်းများပေါ်တွင် တဲထိုးနေရခြင်းများ ရှိကြောင်း၊ ထို့ကြောင့် ရေရှည်နေရာအတွက် ငွေကြေးမပြည့်စုံသူများအား နေစရာစီစဉ်ပေးလျှင် အဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅၉ စီး၊ သွင်းကုန် ၆၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၄ စီး၊ သွင်းကုန် အစီး ၇၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၂၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅၁၁ သန်းခန့်) စုစုပေါင်း တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၉၃၁ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က CROWN မော်တော်ယာဉ် နှစ်စီးတို့အား ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကားအသုံးအဆောင်ဆက်စပ်ပစ္စည်း ၁၆ မျိုး (စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၂ ဒသမ ၄၂၀ သန်းခန့်)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

**၄-၉-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "ရှေ့နေနှင့်စာရိတ္တမာန" ဦးဟန်ညွန့်(ဥပဒေ)၊ ဒိတ်ဒိတ်၊ ခင်ဖြူဖြူသန့်(ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၉း၁၀ | "ပြည်တွင်းလက်မှုဂုဏ်ဆောင် ပခုက္ကူချည်စောင်" |
| ၉း၃၀ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၀း၃၀ | "သမိုင်းပုံရိပ်တို့ထင်ကျန်နေ တိုင်းရောရဲ့နေ့ဖြူမြေ" |
| ၁၁း၃၀ | "လှမ်းလာခဲ့ပါသစ်တောနှင့် သဘာဝပတ်ဝန်းကျင်ပြတိုက်တည်ရှိရာ" |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၃၉) |
| ၁၃း၃၀ | Yes or No Talk Show |
| ၁၄း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၁၇) |
| ၁၅း၂၀ | "ရွှေရောင်နေ့သစ်များဆီသို့" |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | YTN(Science) "သိပ္ပံနှင့်အနုပညာဆက်သွယ်မှုတံတားများ" |
| ၁၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | "ဇေယျာရွှေမြေနှင့် ငွေထည်လုပ်ငန်း" |
| ၁၈း၅၅ | "CHOICE" (အပိုင်း-၈၁) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၄၀) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** "ဒီမိုကရက်တစ်ပါတီ"(မြန်မာ) -"စီးပွားရေးစကားဝိုင်း" (နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ သစ်တောကဏ္ဍမြှင့်တင်စို့) (ပထမပိုင်း) -အနုပညာခန်းရိပ်သာ "ဆရာမောင်သွေးသစ်နှင့်တွေ့ဆုံခန်း" -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၁၅) -အစီအစဉ်ပြီး၏။ |

# ဆိုင်အတွင်းသို့ဝင်ရောက်၍ ခြိမ်းခြောက် ပိုက်ဆံတောင်းသူများအား ဖော်ထုတ်အရေးယူ

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပါရမီကားဝင်းရှေ့ One Stop Mart ဆိုင်တွင် စက်တင်ဘာ ၃ ရက် နံနက် ၁ နာရီခန့်က ညအရောင်းဝန်ထမ်း ဝေလင်းအောင်(၂၂)နှစ်နှင့် မနန်းဇင်ဝင်း(၂၃)နှစ်တို့သည် အရောင်းကောင်တာ၌ ငွေ ရေတွက်နေစဉ် အမျိုးသား သုံးဦးရောက်ရှိလာပြီး ကောင်တာအတွင်းမှ ငွေကျပ် ၇၇၁၄၀၀ အား ယူဆောင်ပြေးထွက်သွားသည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များကဆိုင်ရှိ CCTV မှတ်တမ်းအား ကြည့်ရှုပြီး လိုက်လံစုံစမ်းရှာဖွေစဉ် နံနက် ၃ နာရီ ၅၅ မိနစ်တွင် ပါရမီလမ်းနှင့် ဝေဇယန္တာမီးပွိုင့်အနီး၌ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သည့် တောင်ဥက္ကလာပမြို့နယ်နေ ဖိုးလပြည့်(ခ)ချီးပုအား ဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ ပြစ်မှုကျူးလွန်ရာတွင် ၎င်းနှင့်အတူ ပါဝင်ခဲ့သူများမှာ မြောက်ဥက္ကလာပမြို့နယ်နေ ကျော်မင်းထွန်း၊ တောင်ဥက္ကလာပမြို့နယ်နေ သော်ဦးဇင်(ခ)တရုတ်လေးတို့ဖြစ်ကြောင်း သိရှိရပြီး ဖိုးလပြည့်(ခ)ချီးပုထံမှ စက်တင်ဘာ ၂ ရက် ရက်စွဲဖြင့် SKY WAY KTV ဆိုင်၏ ကျသင့်ငွေစုစုပေါင်း ၅၃၀၂၅ ကျပ်ပါ ဘောက်ချာ နှစ်ရွက်၊ ငွေကျပ် ၄၄၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုရဲ**



# ဝန်းသိုနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

ဝန်းသိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝန်းသိုမြို့နယ် အောက်တောကျေးရွာနေ သန်းပိုနှင့် အောင်ကြည်ဦး(ခ)ချစ်စံတို့အား ဇူလိုင် ၁၆ ရက်က ဘိန်းဖြူ ၆ ဒသမ ၆ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်တရားခံ ကုလား(ခ)စိုးမင်းထွန်းအား စက်တင်ဘာ ၁ ရက် ညနေပိုင်းက ဝန်းသိုမြို့နယ် မင်းကုန်းကျေးရွာအနီး ဝန်းသို-ကောလင်းသွားကားလမ်းတွင် ဖမ်းဆီးရမိပြီး လေဘိုကျေးရွာအနီးရှိ ၎င်း၏တဲကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ခုနစ်ခွက်(အလေးချိန် ၉၁ ဂရမ်)သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံ မြို့နယ် ဝမ်တာပုံပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် ဆန်းလွင်(ခ)အားဆိုင်၏ခရီးဆောင်အိတ်အတွင်းမှ ကက်တမင်း တစ်ကီလိုနှင့် ငွေကျပ် ၁၆၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြောင်းလဲရမယ့်အရာများစွာ

သန်းဖြိုးနိုင်(ကညင်ကျိုး)




ကျွန်တော်တို့ကိုယ်စီမှာ ပြောင်းလဲပြုပြင်ယူကြရမယ့် အရာများစွာ ရှိနေတတ်ကြပါတယ်။ ပြောင်းလဲတယ်ဆိုတဲ့နေရာမှာလည်း အမျိုးမျိုးရှိနေတတ်ပါတယ်။ ရုပ်ဝတ္ထုပိုင်းအရ ပြောင်းလဲတာနဲ့ စိတ်ပိုင်းဆိုင်ရာ အမူအကျင့်တွေပြောင်းလဲတာပါ။ ဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်အရာတွေကို ပြောင်းလဲကြရမှာလဲလို့ မေးစရာရှိလာနေပါပြီ။ မှန်ပါတယ်။ အမှန်ဆို ကျွန်တော်တို့နိုင်ငံရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ပြုပြင်ယူကြရဦးမယ့် အဓိကအချက်များစွာ ရှိနေခဲ့တဲ့အထဲက လူတစ်ဦးချင်းစီရဲ့ အကျင့်သီလနဲ့ဆိုင်တဲ့ အချက်လေးတွေကို အဦးဆုံးပြောကြရအောင်ပါ။ ဒီအချက်တွေဟာ ဘာသာတရားအဆုံးအမနဲ့လည်း သွေဖည်လို့ ကျွန်တော်တို့တစ်ဦးချင်းအနေနဲ့လည်း မလိုက်နာမကျင့်ကြံနိုင်ကြသေးတာ တွေ့နေမြင်နေကြရပါတယ်။

### ခေတ်စနစ်များပြောင်းခဲ့ပေမယ့် အကျင့်များလိုက်ပါမပြောင်းလဲခဲ့ကြ

အမှန်ဆိုရင် အခုခေတ်က လူ့ယဉ်ကျေးခေတ်၊ သိမ်မွေ့တဲ့ပညာခေတ်၊ အသိပညာခေတ် လူတစ်ဦးချင်းစီရဲ့ လွတ်လပ်တဲ့အခွင့်အရေးကို ရယူဆောင်ရွက်နေကြတဲ့ ခေတ်ကာလဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့နိုင်ငံရဲ့ နေရာအတော်များများနဲ့ လူအတော်များများဟာ ဟိုးကာလကအကျင့်တွေကို မပြင်နိုင်ကြသေးတာကို အရှိကိုအရှိအတိုင်း လက်ခံကြရမှာဖြစ်သလို ဒီလိုအမူအကျင့်လေးတွေကပဲ လူ့ဝန်းကျင်နဲ့ အသိုင်းအဝိုင်းကို အနှောင့်အယှက်တစ်ခုလို ဖြစ်နေခဲ့တာ ကြာခဲ့ပါပြီ။ ဥပမာအားဖြင့် မြို့တစ်မြို့ဆိုရင်လည်း ပြည်သူအများအပန်းဖြေဖို့ ပန်းခြံလေးတွေ၊ ရေကန်တွေ၊ လမ်းလျှောက်စရာနေရာလေးတွေ ဦးစားပေးတည်ဆောက်လာပေးကြတဲ့အခါ အချို့မပြုပြင်ကြသေးတဲ့ လူတွေက ညညဆိုရင် ဒီပန်းခြံနဲ့ လမ်းလျှောက်စရာလမ်းလေးတွေ၊ ရေကန်တွေဘေးမှာ ဝိုင်းဖွဲ့စားသောက်ပြီး မစင်တွေစွန့်ခဲ့တာမျိုး၊ ပုလင်းခွံ၊ အစားအသောက်ဘူးခွံတွေ စွန့်ခဲ့တာမျိုးတွေ လုပ်ကြတာ ကျွန်တော်တို့ဝန်းကျင်မှာ တွေ့နေရဆဲပါ။

### စည်ပင်ဥပဒေနှင့်ကင်းကွာ ပြဋ္ဌာန်းချက်များမလိုက်နာကြ

နောက် လူတိုင်းကိုယ်စီသိကြတဲ့ အနီးစပ်ဆုံးအကြောင်းအရာ တစ်ခုနှစ်ခုလောက်ကို ဆွေးနွေးရရင် အမှိုက်စွန့်တဲ့စနစ်လေးနဲ့ တိရစ္ဆာန်မွေးမြူကြတဲ့ကိစ္စလေးကိုပဲ နမူနာထားပြီး အကျဉ်းချုပ်ပြောရအောင်ပါ။ ပထမတစ်ခု၊ ကျွန်တော်တို့ကိုယ်စီ နေ့စဉ်နေ့တိုင်း အိမ်တွေတိုင်းမှာ အမှိုက်တွေထွက်ကြတဲ့အခါ အမှန်ဆိုရင် ကိုယ်စီကိုယ်င အစိုအခြောက်ခွဲ၊ အိတ်တွေကိုယ်စီနဲ့ ထုပ်ပိုးပြီး သတ်မှတ်တဲ့အမှိုက်ကန်မှာစွန့်၊ ဒါမှမဟုတ် အမှိုက်ကားလာရင် သွားထည့်ကြရမှာ။ ဒါပေမယ့် ကျွန်တော်တို့ကိုယ်စီက ဒီလိုမလုပ်ကြဘဲ အမှိုက်မှန်သမျှ အစိုအခြောက်အမာ အကုန်ရောထည့်ပြီး ကားနဲ့ကြုံရင်ထည့်၊ မကြုံရင်ကြုံတဲ့နေရာမှာ ပစ်ထားခဲ့ကြတော့တာပါပဲ။ နောက်အိမ်မွေးတိရစ္ဆာန်လေးတွေကို ကိုယ့်အိမ်မှာမွေးမယ်ဆိုရင်လည်း အမှန်ဆို ရပ်ကွက်က ဆိုင်ရာတာဝန်ရှိသူတွေထံ မှတ်ပုံတင်ရတယ်၊ သူ့ထံက ကူးစက်တတ်တဲ့ရောဂါရှိ-မရှိ အစစ်ဆေးခံရတယ်၊ နောက်အမှတ်အသားပတ်လည်လုပ်ပြီး ခြံလေးနဲ့ စနစ်တကျမွေးကြရတာ။ ဒါပေမယ့် အခုတော့ ဒီလိုမဟုတ်ကြပါဘူး။ အခုလထဲမှာဆိုရင်ပဲ ရန်ကုန်မြို့မှာ ခွေးကိုက်ခံရတာ လူပေါင်းအတော်များသလို အဲ့ဒီအထဲက ငါးဦးခန့်ဟာ ခွေးရူးရောဂါ ခံစားနေကြရတယ်လို့ဆိုသလို ယခင်သီတင်းပတ်ကပဲ လမ်းဘေးကခွေးလေခွေးလွင့်ငါးကောင် ကိုက်လို့ လေးနှစ်အရွယ်သမီးငယ်တစ်ဦး သေဆုံးသွားရတာလည်း ကြားမိရပါသေးတယ်။ ဒါတွေဟာ အမှန်တော့ ဒီတိရစ္ဆာန်တွေအပေါ် စနစ်တကျမမွေးမြူဘဲ ကြုံသလို ကျွေးမွေးခဲ့ကြတဲ့ အကျိုးဆက်တွေသာဖြစ်ပါတယ်။ အမှန်ဆို ဒီကိစ္စတွေဟာ ပြည်သူတွေလိုက်နာဖို့အတွက် စည်ပင်ဥပဒေနဲ့ ရပ်ကျေးဥပဒေတွေမှာ အပြည့်အစုံပါပြဋ္ဌာန်းထားပြီးသားတွေပါ။ လိုက်နာကြပြီး စနစ်တကျနေထိုင်ကြဖို့ပဲ လိုနေတာပါ။

နောက်တစ်ချက်ကတော့ လမ်းဘေးနားမှာ နေထိုင်ကြတဲ့သူတွေအနေနဲ့ မိမိတို့အိမ်ရှေ့ပရဝဏ်ကို ကျော်လွန်ပြီး အဖီတွေဆွဲ၊ ရေမြောင်းကိုကျော်ခွပြီး ဆိုင်တွေဖွင့်လှစ်နေကြတာမျိုးပါ။ သူတို့တစ်တွေအနေနဲ့ ကိုယ်ကျိုးစီးပွားကိုသာကြည့်ပြီး အများပြည်သူတွေ သွားရေးလာရေးနဲ့ မြို့ရပ်ကွက်စည်ပင်သာယာရေးကို ထည့်မစဉ်းစားကြသလိုမျိုးတွေလည်း တွေ့နေကြရတာပါပဲ။

### လူတစ်ဦးစောင့်ထိန်းလိုက်နာကြရမည့် ခိုးမှု၊ သတ်မှုအချက်များ

ဒါ့အပြင် လူတစ်ဦးချင်းကိုယ်စီ စောင့်ထိန်းလိုက်နာရမယ့် အကျင့်သီလနဲ့သက်ဆိုင်တဲ့ အခြေခံကိစ္စလေးတွေကိုလည်း ပြုပြင်ကြဖို့လိုနေတာ တွေ့နေရပါတယ်။ ဒါတွေက ဘာတွေလဲဆိုတော့ ပထမ ခိုးယူတဲ့အလေ့အထတစ်ခုက စပြောကြရရင် ကျွန်တော်တို့အားလုံးအသိပါပဲ။ ကျွန်တော်တို့ ပစ္စည်းလေးတစ်ခုကို အိမ်အပြင်မှာ မပြောနဲ့ ကိုယ့်ခြံဝင်းအတွင်းထဲမှာတောင် ညအချိန်လွတ်လွတ်လပ်လပ် စိတ်ချလက်ချ မထားရဲကြတဲ့ အခြေအနေပါ။ အနီးစပ်ဆုံးဥပမာနဲ့ပြောရရင် လမ်းဘေးမှာ လျှုဒါန်းထားတဲ့ သောက်ရေအိုးစင်ထဲက သောက်ရေခွက်လေးတွေကိုတောင် ကြိုးနဲ့ချည်ထားရသလို လမ်းဘေးမှာ အမှိုက်ထည့်ဖို့ချထားပေးတဲ့ အမှိုက်ပုံးကိုတောင် သစ်သားအိမ်ထဲထည့်ပြီး အပေါက်ဖောက်လို့ အပြင်က သော့နဲ့ခတ်ထားရတဲ့အထိ စိတ်မချရတဲ့အခြေအနေ ဖြစ်နေပါသေးတယ်။ နောက် ကိုယ်ပိုင်တဲ့စက်ဘီးလေး၊ ဆိုင်ကယ်လေးတွေ နွားတွေ၊ ကျွဲတွေနဲ့ အဝတ်အစားတွေဆိုလည်း အလားတူပါပဲ။ အဒိန္နာဒါနာဆိုတဲ့ ခိုးယူခြင်းအမှုကို ဘာသာတရားအဆုံးအမကို မေ့လို့ ကျွန်တော်တို့နိုင်ငံမှာ အတော်ပြုမူနေတတ်ကြတာဟာ မပြင်နိုင်ကြတော့တဲ့ အကျင့်ဆိုးကြီးကို ဖြစ်လို့နေတာပါ။

> “သောက်ရေအိုးစင်ထဲက သောက်ရေခွက်လေးတွေကိုတောင် ကြိုးနဲ့ချည်ထားရသလို လမ်းဘေးမှာ အမှိုက်ထည့်ဖို့ချထားပေးတဲ့ အမှိုက်ပုံးကိုတောင် သစ်သားအိမ်ထဲထည့်ပြီး အပေါက်ဖောက်လို့အပြင်က . . .”

နောက်တစ်ခုက သူများအသက်သတ်တဲ့ကိစ္စပါ။ ဒါကို ကျွန်တော်တို့ ဆက်ပြီးဆွေးနွေးပြောကြရမယ်ဆိုရင် ဒီပါဏာတိပါတာကံကိုလည်း ကျွန်တော်တို့ဘာသာတရားက မကျူးလွန်ဖို့ တားမြစ်ထားပါတယ်။

သူများနိုင်ငံတွေမှာ တိရစ္ဆာန်တွေရဲ့ အသက်ကို ကာကွယ်ရေးအတွက် ဥပဒေတွေပြဋ္ဌာန်းထားသလို ကာကွယ်စောင့်ရှောက်တဲ့အဖွဲ့တွေ ရှိတာဖြစ်တဲ့အတွက် မြို့ထဲမှာလည်း ကျေးငှက်သာရကာတွေ ပေါများလို့ ရိုင်းလှတဲ့ရှဥ့်လေးတွေတောင် လူနဲ့ယဉ်ပါးနေတာ တွေ့ခဲ့ရဖူးပါတယ်။ နောက် ဒေါင်းတွေလည်း တွေ့ခဲ့ရသလို မြို့လယ်ကောင်မှာတောင် မျောက်အုပ်တွေ ဟိုဟိုဒီဒီ သွားလာနေကြတာ တွေ့ခဲ့ရပါတယ်။

ဒါပေမယ့်လည်း ကျွန်တော်တို့နိုင်ငံရဲ့ ပစ္စက္ခ အခြေအနေကို ကြည့်လိုက်ရင် ငှက်ကလေးတွေနဲ့ အခြားတိရစ္ဆာန်အတော်များများဟာ လူတွေနဲ့ တသီးတခြားလိုဖြစ်နေပါပြီ။ ဒီလိုဖြစ်အောင်လည်း ကျွန်တော်တို့နိုင်ငံထဲက လူအတော်များများဟာ ငှက်လေးတွေကစလို့ အခြားတောနေသတ္တဝါလေးတွေ တွေ့လိုက်တယ်ဆိုရင်ပဲ ပစ်လိုက် နှက်လိုက် လုပ်နေကြတာဖြစ်တဲ့အတွက် သူတို့လည်း ကျွန်တော်တို့နဲ့ အနီးဆုံးနေရာမှာရှိမနေခဲ့တော့ဘဲ လူတွေနဲ့ဝေးတဲ့နေရာတွေဆီမှာပဲ ကျေးငှက်သာရကာတွေကို တွေ့ကြရတော့ပါတယ်။ သူတို့ကို တွေ့ချင်ရင် တိရစ္ဆာန်ရုံကိုပဲ သွားကြည့်နေကြရတဲ့ အဖြစ်ကို ရောက်မှန်းမသိ ရောက်နေပါတော့တယ်။

### မူးယစ်ဆေးဝါးသုံးစွဲမှုများ ရပ်တန့်ထိန်းချုပ်ကြစေချင်

နောက်ဆုံး ကျွန်တော်တို့မပြင်နိုင်ကြသေးတဲ့ အဆိုးရွားဆုံးသံမှိုလို စွဲနေတဲ့အချက်တစ်ချက်ကတော့ သူရာမေရိယဆိုတဲ့ မူးယစ်သေရည်စာတွေကို လူအများသောက်သုံး သုံးစွဲနေကြတဲ့ကိစ္စပါ။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ဈေးအပေါဆုံးပစ္စည်းကိုပြပါဆိုရင် အရက်၊ ဘီယာ၊ ဆေးလိပ်နဲ့ နောက် ကွမ်းယာကို လက်ညှိုးထိုးပြရမှာပဲဖြစ်ပါတယ်။

မိမိအိမ်က ကလေးငယ်တစ်ဦးကို ငွေကျပ် ၁၀၀ ပေးလိုက်ရင် ဒီကလေးအတွက် အာဟာရရှိတဲ့ မုန့်ဝယ်စားဖို့ ခက်ခဲပေမယ့် လူကြီးတစ်ယောက်အတွက်ကတော့ ဒီငွေ ၁၀၀ နဲ့ ချက်အရက် (OP) နှစ်ပက်လောက်အပြင် ဆေးပြင်းလိပ်တစ်လိပ်၊ ကွမ်းစားဆေးများများထည့်ထားတဲ့ ကွမ်းတစ်ယာလောက်တော့ ဝယ်လို့ရနေပါတယ်။ ဒါကို လူတစ်ယောက်အနေနဲ့ သုံးစွဲလိုက်ရင်ပဲ အနည်းဆုံး မူးယစ်တဲ့အရသာကို သူရရှိစေပါတယ်။ ဒီအချက်ကိုလည်း အစကနေ ပြန်လည်ပြုပြင်ယူကြဖို့ အစိုးရသစ်ကာလအစပိုင်းမှာ ကွမ်းစားသုံးမှုလျှော့ချရေးနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုပပျောက်ရေးဆိုပြီး ဆောင်ရွက်နေခဲ့တာကိုလည်း သတိချပ်ပြီး ကြည့်မြင်ကြည့်ရင် မြင်နိုင်ကြမှာပါ။

အရက်၊ ဆေးလိပ်၊ ကွမ်းယာဆိုင်တွေဟာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ဘယ်နေရာမဆို လက်ညှိုးထိုးမလွဲသလို ဘီယာဆိုင်တွေဆိုရင်လည်း မှိုလိုပေါက်နေတာ အမှန်ပါပဲ။ အဆိုးဆုံးနဲ့ စိတ်အပူပန်ရဆုံးကိစ္စတွေကတော့ လူငယ်လေးတွေအတွက်ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ အချိန်အတော်များများကို ပေါများလွန်းတဲ့ လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေမှာ ကုန်ဆုံးသွားနေကြသလိုပဲ။ ဆိုင်တွေတိုင်းမှာ မနက်ည လူအုပ်ထူထူတွေ တွေ့နေရစမြဲဖြစ်သလို တစ်လုံး နှစ်လုံး သုံးလုံးဆိုတာတွေကလည်း သူတို့ကို လွှမ်းမိုးထားဆဲပဲလို့ ထင်ရပါတယ်။

ကျွန်တော်တို့ရဲ့ တစ်နေ့တစ်နေ့ ဒီအရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာတွေအတွက် သုံးစွဲငွေကိုကြည့်လိုက်တဲ့အခါ အနည်းဆုံး ကျပ် ၅၀၀ ကနေ ကျပ် ၅၀၀၀ လောက်အထိကို ရှိနေကြတာပါ။ ကျွန်တော်တို့ ဒါတွေကို သုံးဆောင်ကြဖို့အတွက် တစ်နေ့တစ်နေ့ သုံးစွဲလိုက်ကြတဲ့ ငွေကြေးဟာ တစ်လစာပေါင်းလိုက်ရင် သူတို့အိမ်က ကလေးငယ်တစ်ဦးရဲ့ လစဉ်ပညာသင်စရိတ်၊ အိမ်ရှင်မအတွက် မီးဖိုချောင်စရိတ်ကို ကာမိလောက်အောင်ရှိနေတာကို ဘယ်သူမှ ထည့်တွက်မိခဲ့ကြဟန်မတူပါဘူး။

### လူ့အဖွဲ့အစည်းကောင်းစေဖို့ ဝိုင်းဝန်းထိန်းကျောင်းစို့

အချုပ်အားဖြင့် ဆိုလိုရင်းကတော့ အပေါ်ကအချက်တွေဟာ ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ လူ့အဖွဲ့အစည်းတွေထဲမှာ အမှန်အတိုင်းတွေ့နေကြရတဲ့ ကိစ္စတွေပါ။ ဒီအချက်တွေ မမှန်ပါဘူးလို့ ဘယ်သူမှမငြင်းနိုင်သလို ပြင်ဆင်ကြဖို့၊ ပြောင်းလဲကြဖို့ပဲ လိုနေတာပါ။ ဒီအတွက် ဒီနေ့ခေတ်အခါ အချိန်ကာလနဲ့လိုက်လျောညီထွေဖြစ်အောင် ကျွန်တော်တို့တစ်တွေအနေနဲ့လည်း ကိုယ်စီကိုယ်စီ ပြောင်းလဲချိန်တန်ပြီဆိုတဲ့အကြောင်း စိတ်ကောင်းစေတနာဖြင့် တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။ ။

# ကရင်ပြည်နယ်အစိုးရအဖွဲ့က ကော့ကရိတ်ခရိုင်နှင့် မြို့နယ် ရေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကော့ကရိတ် စက်တင်ဘာ ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ကော့ကရိတ်ခရိုင်နှင့် မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ကော့ကရိတ်ခရိုင်နှင့် မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ ကော့ကရိတ်မြို့နယ် အုပ်ချုပ်ရေးမှူးက ရေကြီးနစ်မြုပ်မှုအခြေအနေနှင့် ကယ်ဆယ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးလယ်ဧကများအတွက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ယူရီးယားဓာတ်မြေဩဇာအိတ် ၃၀၀ ကိုလွှဲပြောင်းပေးအပ်ရာ နောင်တပွဲ၊ နောင်ထပုံ၊ ထီးဖိုးစံ၊ နောင်ကိုင်း၊ တမိုင်ကုန်းကျေးရွာများမှ တောင်သူများက လက်ခံရယူခဲ့ကြပြီး ကော့ကရိတ်မြို့နယ်အတွင်း မိုးစပါး ၅၈၇၅ ဧက ရေလွှမ်းခဲ့ရာ ၅၁၄၇ ဧက ထိခိုက်ခဲ့ပြီး ၃၁၇၉ ဧက ပျက်စီးခဲ့ကြောင်းနှင့် ၈၃၇ ဧက ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကွဲ၊ နွား အစာအိတ် ၅၀ နှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် ကော့ကရိတ်ခရိုင်၊ မြို့နယ် ရေဘေးသင့်ဝန်ထမ်းများအား ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက် အစရှိသည့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ကော့ကရိတ်မြို့နယ်တွင် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ရေကြီးရေလျှံမှုနှစ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီး မိုးစပါးစိုက်ဧက ၃၁၇၉ ဧက ပျက်စီးခဲ့ကာ မြေသားလမ်း ၄၃ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်လမ်းပေ ၅၅၀၊ ကတ္တရာလမ်းပေ ၅၃၀၊ တံတားနှစ်စင်းတို့ ပျက်စီးခဲ့ပြီး လမ်း၊ တံတား ပျက်စီးဆုံးရှုံးမှုခန့်ခန်းတန်ဖိုး ၂၂၄ ဒသမ ၄၀ သန်းခန့်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခုတင် ၁၀၀ ဆံ့ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသနေကြသည့် လူနာ ၁၂၃ ဦးအား စားသောက်ကုန်နှင့် အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကာ ဂျိုင်း-ကော့ကရိတ် ပွန်တွန်းတံတား ကော့ကရိတ်ဘက်ခြမ်း အတက်လမ်း အကျယ် ကိုးပေမှ ၁၂ ပေအကျယ်သို့ တိုးချဲ့နေမှုအား ကြည့်ရှုခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေဘေးသင့်ဒေသများရှိ ကျွဲ၊ နွားများအား ရေကျပြီးနောက်ပိုင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည့်အနေဖြင့် ဘားအံမြို့နယ် နောင်အီပုန်းကျေးရွာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တောင်သူ ၃၉ ဦး၏ နွားအကောင် ၁၅၀ အား လည်ချောင်းကွဲ၊ ပေါင်ပုပ်၊ လက်ပုပ် ကာကွယ်ဆေးထိုးပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း အုတ်တွင်းနှင့် ဖြူးရှိ ကျေးရွာများ ရေဝင်ရောက်မှုအခြေအနေ ကြည့်ရှု



**အုတ်တွင်း စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့်အတူ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ဗျက်ကလေးကျေးရွာ ရေဝင်ရောက်မှုအခြေအနေကို သွားရောက်ကြည့်ရှုပြီး ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။

ထို့နောက် ကျွဲပွဲမြို့ အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင်ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရန်ကုန်မြို့ လမ်းမတော်ဆုံစည်းရာ ပရဟိတလူငယ်များအဖွဲ့က လာရောက်လှူဒါန်းသော ဆန် ရိက္ခာနှင့် ရေသန့်ဘူးများအား ဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က လက်ခံရယူခဲ့ကြပြီး ကျွဲပွဲ-မြို့စိုး စစ်တောင်းမြစ်ကူးတံတား ကြံ့ခိုင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် အုတ်တွင်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိရာ ရေဘေးကယ်ဆယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ထားရှိပြီး ရေဘေးသင့်ပြည်သူ ၁၄၆၀ ရှိကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖြူးမြို့နယ် ဖြူး-အုတ်ဖြတ်လမ်းပေါ်ရှိ လက်ပံခုန်ကျေးရွာ ရေဝင်ရောက်မှုအခြေအနေကို သွားရောက်ကြည့်ရှုကြပြီး ဖြူးမြို့နယ်အတွင်း သစ်ချောက်ခင်၊ အုတ်ဖြတ်၊ ဘန်းလောင်၊ ကညင်ဒိုင်း စသည့်ကျေးရွာအုပ်စု လေးအုပ်စုမှ ရွားပင်ရှောင်၊ ရေဦး၊ လက်ပံခုန်၊ သောင်ပု(ရွာသစ်)၊ အုတ်ဖြတ်၊ ဘန်းလောင်၊ လက်ပံတန်း၊ ကျောက်စောင်း၊ ငှက်ပျောတော၊ ကညင်ဒိုင်းကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ အဆိုပါကျေးရွာများမှ အိမ်ထောင်စု ၇၅ စု၊ လူဦးရေ ၃၆၇ ဦး ရေဘေးသင့်ခဲ့သော်လည်း ကျေးရွာအတွင်းရှိ နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ယာယီခိုလှုံလျက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖြူးမြို့နယ် ဝဲကြီးကျေးရွာအုပ်စု ဝဲကြီးတောင်နှင့် ဝဲကြီးမြောက် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုးတံတား ရေဖြတ်ကျော်စီးဆင်းနေမှုကို သွားရောက်ကြည့်ရှုခဲ့သည်။

အဆိုပါတံတားသည် အရှည် ၁၈၅ ပေရှိသစ်သားတံတားဖြစ်ပြီး ကျေးရွာသူ ကျေးရွာသားများက ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသော ကျေးရွာချင်းဆက်တံတားဖြစ်ပြီး ယခုအခါ စစ်တောင်းမြစ်ရေမြင့်တက်လာမှုကြောင့် တံတားမှာ ရေနစ်မြုပ်လျက်ရှိသည်။

တံတားရေရှည်တည်တံ့ခိုင်ခံ့ရန်အတွက် ကျေးရွာသူကျေးရွာသားများက ကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် တင်ပြတောင်းဆိုကြရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများအား တွက်ချက်တင်ပြရန် လမ်းညွှန်မှာကြားခဲ့ပြီး တံတားတွင်ကပ်နေသည့် အမှိုက်များ ဆယ်ယူလုပ်အားပေးနေသည့်အဖွဲ့အား အလှူငွေကျပ်တစ်သိန်း လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖြူး-အုတ်ဖြတ်-မုန်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်) လျာထားတံတားအကြောင်းနေရာအား သွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်ထွန်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကျင်းပ

**ပုသိမ် စက်တင်ဘာ ၃**

လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ လာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူစုစုပေါင်း ၄၀၀ ရှိပြီး ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ဖြေဆိုကြသည့်ကလေးငယ်များအား ကြည့်ရှုအားပေးခဲ့သည်။

**ပုသိမ်ခရိုင်(ပြန်/ဆက်)**



# လက်ဆေးကန်နှင့်ဆက်စပ်ပစ္စည်းများလှူဒါန်း

**သံဖြူဇရပ် စက်တင်ဘာ ၃**

MPT ၏ အုပ်စုလိုက်လက်ဆေးကန် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက်က (အ. မ. က) ကြာကန်တိုးချဲ့ သံဖြူဇရပ်မြို့နယ်၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းငွေက အမှာစကားပြောကြားပြီး MPT-KSGMJO မှ စီးပွားရေးဌာနကြီး၏ ဒုတိယအရာရှိချုပ် ဦးသိန်းဟုတ်က လက်ဆေးကန် အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် လက်ဆေးကန်နှင့် ဆက်စပ်ပစ္စည်းများ ကျပ်ငွေပေါင်း ၆၈ သိန်း အကုန်ကျခံလှူဒါန်းခဲ့ပြီး မွန်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်လေးမြို့နယ်တွင်လည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဆဋ္ဌမအကြိမ်လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကျင်းပရေးညှိနှိုင်းဆွေးနွေး

**မန္တလေး စက်တင်ဘာ ၃**

ဆဋ္ဌမအကြိမ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်း၊ အတွင်းရေးမှူး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးက စာစီစာကုံးပြိုင်ပွဲများ ကျင်းပမှု အသိပညာပေးအစီအစဉ်များ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် အရပ်ဘက်လူမှုရေးအသင်းများ၊ INGO များက အကြံပြုဆွေးနွေးကြသည်။

တိုင်းဒေသကြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# နိုင်ငံတကာအဆင့်မီ ခရီးသွားဒေသတစ်ခုဖြစ်ပေါ်လာစေရန် ကံကြီးအဆင့်မြင့်ကမ်းခြေအသစ် အကောင်အထည်ဖော်

**ပုသိမ် စက်တင်ဘာ ၃**

နိုင်ငံတကာအဆင့်မီ ကမ်းခြေခရီးသွားဒေသတစ်ခုဖြစ်ပေါ်လာစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးရှိ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေနှစ်ခုကြားတွင် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဖော်ဆောင်လျက်ရှိသော ကံကြီး (KAN-GYI) အဆင့်မြင့်ကမ်းခြေအသစ်ဖော်ဆောင်ရေးစီမံကိန်းအား တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း ကမ်းခြေအသစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

"အခုတည်ဆောက်နေတဲ့ ကံကြီးအဆင့်မြင့်ကမ်းခြေဟာ ဂျပန်နိုင်ငံမှာရှိတဲ့ အိုကီနာဝါကျွန်းရဲ့ ကမ်းခြေအလှတည်ဆောက်မှုကို မှီငြမ်းထားသလို ဂျပန်နိုင်ငံလိုလှပတဲ့ ကမ်းခြေအသစ်တစ်ခု မြန်မာနိုင်ငံမှာ ပေါ်ထွက်လာစေဖို့အတွက် အဆင့်မြင့် ကမ်းခြေတစ်ခုကို ဖော်ဆောင်လိုက်တာလည်းဖြစ်ပါတယ်၊ အချိန်ကြာလာတာနဲ့အမျှ စီမံကိန်းကြီး ပြီးစီးသွားပြီဆိုရင်တော့ ပြည်တွင်းပြည်ပခရီးသွားများအတွက် ခရီးသွားဒေသနေရာသစ်တစ်ခုဖြစ်ပေါ်လာစေမှာဖြစ်ပါတယ်၊ ဒါ့အပြင် ဒီချောင်းသာကျေးရွာအုပ်စုနဲ့ အနီးဝန်းကျင်က ဒေသခံပြည်သူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမှာဖြစ်ပါတယ်၊ ဒီကံကြီးအဆင့်မြင့်ဟိုတယ်မှာ တည်းခိုတဲ့ ခရီးသွားများအတွက် ကမ်းခြေ တစ်လျှောက်မှာ စိတ်အပန်းပြေစေဖို့အတွက်ကို Boat Club အစီအမံပါဝင်တာကြောင့် ခရီးသွားများအနေနဲ့ Boat အမျိုးမျိုးကို ရွေးချယ်စီးနင်းနိုင်ကြမှာဖြစ်ပါတယ်။ ပြီးတော့ အခြားပျော်ရွှင်ဖွယ်ရာကစားနည်းမျိုးစုံကိုပါ ထည့်သွင်းဆောင်ရွက်ထားပါတယ်" ကံကြီးအဆင့်မြင့် ကမ်းခြေသစ်တည်ဆောက်ရေးမှ အထွေထွေမန်နေဂျာ ဒေါ်ခမ်းလျှံဦးက ပြောသည်။

အဆိုပါ ကံကြီးအဆင့်မြင့်ကမ်းခြေတည်ဆောက်ရေးစီမံကိန်းအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Myanmar Global Business Association မှ လွန်ခဲ့သောငါးနှစ်ခန့်က လုပ်ငန်းစတင်ခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၀၂၀ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းအားလုံး အပြီးသတ်တည်ဆောက်သွားရန် စီမံထားကြောင်းလည်း သိရသည်။



အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကံကြီးအဆင့်မြင့်ကမ်းခြေစီမံကိန်းမှာ ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့နယ်၊ ချောင်းသာကျေးရွာအုပ်စုရှိ ကံကြီးကျေးရွာနှင့် ကညင်ကွင်းကျေးရွာနှစ်ခုကြားတွင် တည်ရှိနေပြီး ချောင်းသာကမ်းခြေသွားသည့်လမ်းအတိုင်း ဆိတ်ကြီးရွာအနီး ဥတိုချောင်းမရောက်မီ မိုင်တိုင် (၂၆) မှ လမ်းခွဲကာ (၁၁) မိုင်ခန့်အကွာအဝေးရှိသော ကိုယ်ပိုင်ဖောက်လုပ်ထားသည့် လမ်းခွဲမှ လာရောက်ရမည်ဖြစ်သည်။

ချောင်းသာကမ်းခြေ အငှားစွန်းမှလည်း ရေယာဉ်ဖြင့် ၁၀ မိနစ်ခန့်အကြာစီးကာ ထိုကမ်းခြေအသစ်သို့ ရောက်ရှိစေမည်ဖြစ်ပြီး အဆိုပါစီမံကိန်းကို Kangyi Paradise Resort & Boat Club နှင့် Kangyi Villa အမည်ဖြင့် စုစုပေါင်းမြေဧက ၃၀ အကျယ်ပေါ်တွင် အပိုင်းသုံးပိုင်းခွဲ၍ ဖော်ဆောင်လျက်ရှိကြောင်း ကမ်းခြေအသစ်တည်ဆောက်ရေးစီမံကိန်းရုံးမှ သိရသည်။

**ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

## စစ်တောင်းမြစ်ရေ ဒုတိယကြိမ်မြင့်တက်၍ ညောင်လေးပင်၌ စာသင်ကျောင်း ၁၄ ကျောင်းယာယီပိတ်

**ညောင်လေးပင် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေ ဒုတိယအကြိမ်မြင့်တက်မှုကြောင့် ကျေးရွာအုပ်စု ၁၄ အုပ်စုအတွင်းရှိ စာသင်ကျောင်း ၁၄ ကျောင်းကို ယာယီပြန်လည်ပိတ်ထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဇူလိုင်လ နောက်ဆုံးပတ်က စစ်တောင်းမြစ်ရေပထမအကြိမ် မြင့်တက်စဉ် အခြေခံပညာကျောင်းပေါင်း ၄၅ ကျောင်း ယာယီပိတ်ထားရာမှ ရေများပြန်လည်လျော့ကျသွားသဖြင့် အဆိုပါ ပိတ်ထားခဲ့သည့် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ဩဂုတ်လဒုတိယပတ်အတွင်းမှ စတင်ပြီး ဒုတိယအကြိမ် စစ်တောင်းမြစ်ရေတဖြည်းဖြည်းမြင့်တက်လာသဖြင့် မူလတန်းလွန်ကျောင်း ၁၀ ကျောင်း၊ မူလတန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်းကို ဩဂုတ် ၃၀ ရက်မှစတင်၍ ယာယီပိတ်ထားလိုက်ကြောင်း သိရသည်။

လက်ရှိတွင် စစ်တောင်းမြစ်ရေသည် စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက် ၁၁၉၃ စင်တီမီတာ သို့ မြင့်တက်ရာမှ စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီခွဲတွင် ၁၁၇၈ စင်တီမီတာသို့ တဖြည်းဖြည်း ပြန်လည်ကျဆင်းလာလျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ပိန်းဇလုပ်သိန်းညွန့်**

## ထန်းတပင်မြို့နယ်၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြော

**ထန်းတပင် စက်တင်ဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဒိတ်ကုန်းကျေးရွာအုပ်စု ပေါက်တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှု မရှိစေရန်အတွက် အုပ်ထိန်းသူမိဘများနှင့်ကလေးလူငယ်များမှ သတိပြုလိုက်နာရန်အချက်များနှင့် မှုခင်းဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လူကုန်ကူးမှုခံရနိုင်သည့် ဖြစ်စဉ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



## မြို့နယ်အဆင့် ကရင်ရိုးရာစုပေါင်းချည်ဖြုံဖွဲ့မင်္ဂလာ ကျင်းပ

**သံဖြူဇရပ် စက်တင်ဘာ ၃**

မြို့နယ်အဆင့် ကရင်တိုင်းရင်းသားရိုးရာ စုပေါင်းချည်ဖြုံဖွဲ့မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီက သံဖြူဇရပ်မြို့နယ် ဝဲခမိကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်သည်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်က "ကရင်တိုင်းရင်းသားရိုးရာ လက်ချည်ခြင်းအစဉ်အလာနှင့် ဆောင်ရွက်မှုအနှစ်သာရမှာ လိပ်ပြာခေါ်ခြင်းဓလေ့အပါအဝင် စည်းလုံးညီညွတ်စွာနေထိုင်ခြင်း၊ ဉာဏ်ပညာတိုးတက်အောင် ကြံဆောင်ခြင်း၊ အများအကျိုးအတွက် ကူညီခြင်း၊ အမှန်အမှားကိုခွဲခြားနားလည်ခြင်းအပါအဝင် ဘိုးဘွားစဉ်ဆက်၏ အဆုံးအမများပင်ဖြစ်ကြောင်း၊ သို့ပါ၍ လက်ချည်ပွဲနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းက ကရင်ရိုးရာ ချည်ဖြုံဖွဲ့မင်္ဂလာပွဲအတွက် ဂုဏ်ပြုစကားပြောကြားပြီး ချည်ဖြုံဖွဲ့မင်္ဂလာဖြစ်ပေါ်လာရခြင်းကို ကရင်ဘာသာဖြင့် စောကျင်ခိုင်နှင့် မြန်မာဘာသာဖြင့် ဒေါ်နန်းနွယ်ကပြောကြားကာ ကရင်ရိုးရာအစဉ်အလာနှင့်အညီ လက်ချည်ဖွဲ့ခြင်းမင်္ဂလာပွဲ ကျင်းပကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## ခိုးဆိုးလုနှိုက်လျော့နည်းပပျောက်စေရေးနှင့် မူးယစ်ဆေးနှိမ်နင်းရေး သိမ်းငှက်စီမံချက်ဖြင့်ပိတ်ဆို့ရှာဖွေစစ်ဆေး

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးခရိုင်နယ်မြေအတွင်း ခိုးဆိုးလုနှိုက်လျော့နည်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အမှုကြီးများမဖြစ်ပွားစေရေး၊ ပြည်သူလူထုအထိတ်တလန့်ဖြစ်စေမည့် လူအုပ်စုဖြင့် မင်းမဲ့စရိုက်ဆန်ဆန် ကျူးလွန်သောမှုခင်းဖြစ်စဉ်များမဖြစ်ပွားစေရေး၊ မှုခင်းကျဆင်းရေးအတွက် သိမ်းငှက်စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးနှင့်ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂ ရက် ည ၉ နာရီမှ နံနက် ၄ နာရီထိ အောင်မြေသာစံမြို့နယ် အမှတ် ၂ နယ်မြေရဲစခန်း၊ နယ်မြေ ၁၂ လမ်းနှင့် ၇၃ လမ်းထောင့်တွင်လည်းကောင်း၊ အမှတ် ၄ ရဲစခန်း နယ်မြေ ၁၃ လမ်းနှင့် ၈၆ လမ်းထောင့်တွင်လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် အမှတ် ၆ ရဲစခန်းနယ်မြေ ၃၅ လမ်းနှင့် ၈၈ လမ်းထောင့်တွင်လည်းကောင်း၊ အမှတ် ၈ ရဲစခန်းနယ်မြေ ၃၂ လမ်းနှင့် ၇၁ လမ်းထောင့်တွင်လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ၈၄ လမ်းနှင့် ၃၈ လမ်းထောင့်တွင်လည်းကောင်း မော်တော်ဆိုင်ကယ်၊ မော်တော်ကားများစစ်ဆေးခြင်း၊ လက်နက်များ၊ မူးယစ်ဆေးဝါးများ ရှာဖွေခြင်း၊ မသင်္ကာသူများအား စစ်ဆေးအရေးယူခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မျှတသောတရားခွင်ဆိုင်ရာ အခွင့်အရေးများ၊ တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် UNDP တို့ ပူးပေါင်း၍ ကချင်ပြည်နယ်တရားလွှတ်တော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် မျှတသော တရားခွင်ဆိုင်ရာ အခွင့်အရေးများ၊ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များနှင့် သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ Madira Hotel အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် UNDP မှ တရားဥပဒေစိုးမိုးရေး တာဝန်ခံအရာရှိ Jane Abudho တို့က အဖွင့်နှုတ်ခွန်းဆက်နှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူး (လေ့ကျင့်) နှင့် ပြည်နယ်တရားရေးမှ တာဝန်ရှိသူများ၊ UNDP မှ တာဝန်ရှိသူများနှင့် ဦးဆောင်ဆွေးနွေးမည့်သူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ကြသည်။



အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ရည်မှန်းချက်ဖြစ်သည့် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်နှင့် တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် တရားရုံးများရှိ တရားသူကြီးများ၊ တရားရေးအရာရှိများအား စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရေး ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**

ကြေးမုံ



# သရေခေတ္တရာမြို့ဟောင်းမှ ပြည်တော်ပြန် ပျူအနုပညာသည်ကြေးရုပ်ကလေးများ

မျိုးဝင်း (ပြည်)

ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ကျွန်တော်ရောက်သွားသည့်အခါတိုင်း သွားရောက်ကြည့်ရှုလေ့ရှိသော ရှေးဟောင်းယဉ်ကျေးမှုလက်ရာမှာ သရေခေတ္တရာမြို့ဟောင်းမှ ပျူအနုပညာသည် ကြေးရုပ်လေးများဖြစ်သည်။ အဆိုပါ ကြေးရုပ်ကလေးများမှာ အရွယ်အစားအားဖြင့် အမြင့်ဆုံးအရုပ်သည်ပင် ငါးလက်မခန့်သာရှိသဖြင့် သေးငယ်သည်ဟု ဆိုနိုင်သော်လည်း သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးနှင့် အနုပညာတန်ဖိုးအရ အလွန်တရာ အရေးပါသည်ဟု ဆိုရမည်ထင်ပါသည်။ ထို့အပြင် ထိုအရုပ်ကလေးများကို တူးဖော်တွေ့ရှိပြီးနောက်ပိုင်း၌ ယင်းတို့ နှင့် ဆက်နွှယ်ပြီးပေါ်ပေါက်ခဲ့သော အဖြစ်အပျက်ကလည်း ထူးခြားလှသဖြင့် သမိုင်းမှတ်တမ်းတင်ရလောက်အောင် အရေးပါနေကြပြန်ပါသည်။

ထိုကြေးရုပ်ငါးရုပ်မှာ မျက်နှာပေးကောင်းကောင်း၊ လက်ချိုးခြေချိုးလှလှပပနှင့် သွဲ့ပျောင်းနွဲ့နှောင်းစွာ 'က' နေသော ကချေသည်အရုပ် ဈာန်ဝင်စားမှုအပြည့်တင့်တယ်သော ကိုယ်နေဟန်အတိဖြင့် ပလွေမှုတ်နေသော ဂီတပညာရှင်၊ ရွှင်လန်းသော မျက်နှာ၊ လှပနွဲ့နှောင်းသော ကိုယ်ဟန်ဖြင့် ဗုံတီးခတ်နေသောအရုပ်၊ ကိုယ်တိုင်ပါဝင်ဖန်တီးနေသော၊ ဂီတတွင် ကိုယ်တိုင်နစ်မျောရင်း ကြည်နူးကျေနပ်နေသော ခွက်ခွင်းတီးခတ်သူအရုပ်နှင့် နောက်ဆုံးအရုပ်သည် ကျန်အရုပ်လေးရုပ်ထက် အရပ်အမောင်းရော ကိုယ်ခန္ဓာအရွယ်အစားပါသိသိသာသာ ပုကွသေးညှက်သည့် ပြောင်ချော်ချော်မျက်နှာပေးဖြင့် ပါးစပ်ဟောင်းလောင်း 'ဟ' ထားသောလူရွှင်တော်အရုပ်ကလေးဖြစ်သည်။ ထိုလူရွှင်တော်အရုပ်ကလေးသည် သက်ကြီးပုပုံစံပေါ်နေသည့်အပြင်ကျောကုန်း၌ အထုပ်တစ်ထုပ်ကို လွယ်ပိုးထားသည့်အတွက် ရယ်စရာကောင်းနေသည်။ ထို့အပြင် သူသည်သူ၏ညာဘက်လက်ကို ခေါင်းပေါ်သို့မြှောက်ထားကာဘယ်ဘက်လက်ကိုမူ ခွင်းခွက်တီးခတ်သူ၏ တင်ပါးရှိရာဘက်သို့ ရွတ်နောက်နောက်အမူအရာဖြင့် ညွှန်ပြနေပြီး ကိုးရိုးကားယား 'က' နေသည်။

## ကြည်နူးပျော်ရွှင်မှုတို့ ကူးစက်

အရုပ်ကလေးငါးခုလုံးသည် ကိုယ်ဟန်အမူအရာ၊ မျက်နှာပေးအမူအရာနှင့် ဝတ်စားဆင်ယင်ထားပုံများမှအစ သရုပ်ပေါ်လွန်း၊ အသက်ဝင်လွန်းလှသည်ဖြစ်ရာ ယင်းတို့ကို ကြည့်လိုက်လျှင် သက်ရှိသဘင်သည်အဖွဲ့တစ်ဖွဲ့ ပျော်ရွှင်ကြည်နူးစွာ တက်ညီလက်ညီမြိုင်မြိုင်ဆိုင်ဆိုင်တီးမှုတ်ကပြ အသုံးတော်ခံနေကြသည့်အလားခံစားရတတ်သည်။ ကြည့်ရှုသူ၏ စိတ်နှလုံး၌ ကြည်နူးပျော်ရွှင်မှုတို့ ကူးစက်လာကြသလို ကြည့်ရှုသူ၏ စိတ်နားထဲ၌ ငြိမ့်ငြိမ့်ညောင်းညောင်း တေးဂီတသံကို ကြားယောင်နေရတတ်သည်။

အဆိုပါအနုပညာသည် ကြေးရုပ်ကလေးများကို ဖန်တီးခဲ့သည့် တကယ့်ကြေးသွန်းအနုပညာရှင်၏ အနုပညာ ပါရမီဓာတ်ခံနှင့် ထိုခေတ်ထိုအခါက ကြေးသွန်းအတတ်ပညာ၏ အဆင့်အတန်းမြင့်မားပုံတို့ကိုလည်း မချီးမွမ်းဘဲ မနေနိုင်ပါချေ။ ထို့အပြင် ထိုကြေးရုပ်ငါးရုပ်သည် ပျူခေတ်က အနုသုခုမသဘင်ဂီတတို့၏ မြင့်မားသော အဆင့်အတန်းကို ကိုယ်စားပြုဖော်ပြပေးနေသလို သရေခေတ္တရာပျူဘုရင် ကုမာရစန္ဒြ၏ လက်ထက် အေဒီ-၈၀၂ ခုနှစ်က တရုတ်နိုင်ငံသို့ သံအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ရာ ယင်းသံအဖွဲ့၌ ပါဝင်ခဲ့သည့် ပျူဂီတနှင့်သဘင်အဖွဲ့ဝင်တို့၏ ဝတ်စားဆင်ယင်ပုံ၊ သီဆိုတီးမှုတ်ကပြ အသုံးတော်ခံခဲ့ကြပုံများကို သရုပ်ဖော်နေကြပါလေသည်။

အဆိုပါ လက်ရာမြောက် ပျူအနုပညာရှင် ကြေးရုပ်ကလေးများအား ၁၉၆၇ ခုနှစ် ဇန်နဝါရီလတွင် သရေခေတ္တရာ မြို့ရိုးဟောင်း၏အပြင် အရှေ့မြောက်ဘက်ရှိ (ဘုရားမာ) စေတီတော်ကြီးနှင့် မလှမ်းမကမ်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံနေရာတစ်ခုကို ဆရာကြီး ဦးစိန်မောင်ဦး ဦးဆောင်သည့် ရှေးဟောင်းသုတေသနအဖွဲ့က တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ တူးဖော်စဉ်က ဗုဒ္ဓကြေးဆင်းတုတော် ငါးဆူနှင့် ကြေးခေါင်းလောင်းတစ်ခုကို စတင်တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ယင်းကြေးခေါင်းလောင်း၏အတွင်းတွင် အဆိုပါ ကြေးရုပ်ကလေးများပါဝင်သော ကြေးခေါင်းလောင်းမှာ ၁၁ လက်မအမြင့်ရှိပြီး ပျူဒင်္ဂါးများတွင် တွေ့ရလေ့ရှိသည့် သီရိဝစ္ဆအမှတ်အသားအချို့ကို ခေါင်းလောင်းပေါ်တွင် ရေးထွင်းထားသည်။ ဆရာကြီး ဦးအောင်သော် (ရှေးဟောင်းသုတေသန ညွှန်ကြားရေး ဝန်ဟောင်း) ၏ အဆိုအရ သီရိဝစ္ဆအမှတ်အသားကို ပြဟ္မဏဘာသာ၊ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့တွင် မင်္ဂလာနှင့် ပြည့်စုံသော လက္ခဏာအဖြစ် လက်ခံသုံးစွဲလာခဲ့ပြီး သီရိဝစ္ဆဆိုသည်မှာ ဗိဿနိုးနတ်မင်း၏ ကြင်ရာတော် သီရိဒေဝီမြတ်နိုးသောအရာဟု အဓိပ္ပာယ်ရှိပါသည်။

အဆိုပါကြေးခေါင်းလောင်းကို ပျူအနုပညာသည် ကြေးရုပ်ကလေးများနှင့်အတူ ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၌ ယနေ့တွေ့မြင်နိုင်ပါသည်။ ပျူအနုပညာသည် ကြေးရုပ်ကလေးများမှာ လက်ရာမြောက်လှသည့်အပြင် သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားလှသည်ကို ငြင်းဆိုမည့်သူရှိမည်မထင်ပါ။ ယင်းတို့ကို တွေ့ရှိခဲ့မှုသည် သုတေသန တူးဖော်မှုသမိုင်း၌ ထူးခြားသော ဖြစ်စဉ်တစ်ခုဖြစ်သလို မြန်မာနိုင်ငံအတွက် တန်ဖိုးဖြတ်၍မရနိုင်သော ရတနာတစ်ပါးလည်းဖြစ်နေပေသည်။

> **"ပျူအနုပညာသည် ကြေးရုပ်ကလေးများမှာ လက်ရာမြောက်လှသည့်အပြင် သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားလှသည်ကို ငြင်းဆိုမည့်သူရှိမည် မထင်ပါ။ ယင်းတို့ကို တွေ့ရှိခဲ့မှုသည်..."**

သို့သော် တူးဖော်တွေ့ရှိပြီးနှစ်လခန့်အကြာ မတ် ၆ ရက် သန်းခေါင်ယံတွင် သရေခေတ္တရာမြို့ဟောင်းရှိ မှော်ဇာ ပြတိုက်တွင် ထိန်းသိမ်းထားသော အဆိုပါ ကြေးရုပ်ငါးရုပ်အနက် လူရွှင်တော်ကြေးရုပ်ကလေးမှလွဲပြီး ကျန်ကြေးရုပ်လေးရုပ် ပျောက်ဆုံးသွားပါသည်။ လူရွှင်တော်ရုပ်ကလေးသည် ရှေးဟောင်းပစ္စည်း သူခိုးများ ပစ္စည်းများကို ခိုးယူပြီး အလျင်အမြန် ပြန်လည်ထွက်ခွာချိန်တွင် ပြတင်းပေါက်ဘောင်နှင့် တိုက်မိကာကြမ်းပြင်ပေါ်ပြုတ်ကျပြီး ကျန်ရစ်ခဲ့သည်ဟု ဆိုပါသည်။

သမိုင်းဆိုင်ရာ၊ အမျိုးသားယဉ်ကျေးမှုဆိုင်ရာနှင့် အနုပညာဆိုင်ရာ ရှားရှားပါးပါး ရှေးဟောင်းပစ္စည်းများ ဆုံးရှုံးသွားခဲ့ရသဖြင့် တန်ဖိုးထားတတ်သူအားလုံး အကြီးအကျယ် စိတ်မကောင်းဖြစ်ကြရသည်။ မည်သည့်နည်းနှင့်မျှ ပြန်လည်အစားထိုး၍ မရနိုင်တော့သော ရတနာများကို နိုင်ငံသားအားလုံး၏ မျက်နှာကို မထောက်မကွက်ဘဲ ကြီးမားလှသော ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့ကြသည့် ရှေးဟောင်းပစ္စည်းသူခိုးများကို မဖမ်းဆီးနိုင်၊ မတားဆီးနိုင်လိုက်ကြပါချေ။ ကြေးရုပ်ကလေး လေးရုပ်သည် နယ်စပ်ဒေသမှော်ခိုလမ်းမှတစ်ဆင့် အိမ်နီးချင်းထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကြီးတစ်ဆိုင်သို့ ရောက်ရှိသွားခဲ့သည်။ ထိုနှစ်ဧပြီလတွင် ရှားပါးအနုပညာလက်ရာများ စုဆောင်းသူ အမေရိကန်သန်းကြွယ်သူဌေးတစ်ဦးက အဆိုပါကြေးရုပ်ကလေးများကို နှစ်သက်လှသဖြင့် အမေရိကန်ဒေါ်လာ ငါးသိန်းဖြင့် ဝယ်ယူကာ အမေရိကန်ပြည်ထောင်စုသို့ ယူဆောင်သွားပါတော့သည်။

ပြန်လည်အစားထိုး၍မရနိုင်တော့သည့် ရှေးဟောင်းကြေးရုပ်ကလေးများအား တူးဖော်တွေ့ရှိပြီး မကြာမီဆုံးရှုံးသွားခဲ့ရသဖြင့် စိတ်သောက အကြီးအကျယ်ရောက်ခဲ့ရသူများတွင် ဆရာကြီး ဒေါက်တာနိုင်ပန်းလှသည်လည်း တစ်ဦး အပါအဝင်ဖြစ်လေသည်။ ဆရာကြီးသည် ထိုအရုပ်ကလေးများရှိနေမည့်နေရာကိုတွေ့အောင်ရှာပြီး ယင်းတို့ကို မြန်မာနိုင်ငံသို့ ပြန်လည်ဆောင်ကြဉ်းယူနိုင်ရန် ဆုံးဖြတ်ချက်ချကာ မဆုတ်မနစ်ဇွဲဖြင့် ကြိုးစားပါတော့သည်။

နှစ်များစွာကြာမြင့်ပြီးတစ်နေ့တွင် ဆရာကြီး၏ အမေရိကန်နိုင်ငံသား မိတ်ဆွေတစ်ဦးမှတစ်ဆင့် ပျောက်ဆုံးနေသော ပျူကြေးရုပ်ကလေးများ အမေရိကန်ပြည်ထောင်စုရှိ ပုဂ္ဂိုလ်တစ်ဦး၏လက်တွင်ရှိနေကြောင်း သိလိုက်ရသည်။ ဆရာကြီးသည် အမေရိကန်ပြည်ထောင်စုမှ မိတ်ဆွေများအား ပျောက်ဆုံးနေသော ကြေးရုပ်ကလေးများရှိနိုင်မည့် နေရာများကို စုံစမ်းပေးရန် အကူအညီတောင်းခံခဲ့သည်။ သို့သော် နှစ်ပေါင်းများစွာ ကြာမြင့်သွားခဲ့သည်။ သဲလွန်စ မရခဲ့ပါချေ။

လွယ်လွယ်ကူကူလက်မလျှော့သော ဆရာကြီးသည် ပျောက်ဆုံးသွားသော ကြေးရုပ်ကလေးများအား ခိုးရာပါ ပစ္စည်းမှန်းမသိဘဲ ဝယ်ယူထားမိသူအနေဖြင့် ပိုင်ရှင်အမှန်ဖြစ်သည့် မြန်မာပြည်သူတို့အား ပြန်လည်ပေးအပ်ပါမည့် အကြောင်း အနူးအညွတ်မေတ္တာရပ်ခံချက်များပါဝင်သည့် ဆောင်းပါးများကို ထိုစဉ်က မြန်မာနိုင်ငံတွင်ထုတ်ဝေသည့် Working People Daily သတင်းစာ၌ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။

## ကိုယ်တိုင်ရောက်ရှိလာ

၁၉၈၃ ခုနှစ် ဧပြီလတွင် အမျိုးသားပထဝီဆိုင်ရာမဂ္ဂဇင်းမှ အကြီးတန်းအယ်ဒီတာဖြစ်သူ မစ္စတာဘရိုင်ရန်ဟောဒ်ဆန်သည် ဆရာကြီး၏ ဆောင်းပါးကို ဖတ်မိပြီး စိတ်မကောင်းဖြစ်ကာ ဆရာကြီးကို ဆက်သွယ်လာသည်။ ထို့နောက် ပျောက်ဆုံးနေသည့် ပျူကြေးရုပ်ကလေးများအား ပြန်လည်ပို့ဆောင်ပေးရန် စည်းရုံးသိမ်းသွင်းနိုင်မည့် ဩဇာတိက္ကမကြီးသူများထံ ဆရာကြီး၏ ဆောင်းပါးများကို ဖြန့်ဝေပေးသည်။ သည်လိုဖြင့် ၁၉၈၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးယော့စီးတီး ပဉ္စမရိပ်သာလမ်း (Fifth Avenue)၌ နေထိုင်သော သန်းကြွယ်သူဌေးကြီး မစ္စတာရောဘတ်အိပ်ခ်ျအယ်စ်ဝေ့ါသ်သည် သူ့ဈေးကြီးကြီးပေးဝယ်ထားပြီး လက်ထဲတွင် ၁၆ နှစ်ခန့် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သော ကြေးရုပ်ကလေးများကို ပိုင်ရှင်နိုင်ငံသို့ ပြန်လည်ပေးအပ်ရန် ကိုယ်တိုင်ရောက်ရှိလာပါတော့သည်။

အဆိုပါသူဌေးကြီးသည် အနုပညာသည် ကြေးရုပ်ကလေးများကို ဈေးကြီးကြီးပေးဝယ်ခဲ့၊ နှစ်ပေါင်းများစွာထိန်းသိမ်းစောင့်ရှောက်လာခဲ့သော်လည်း ဆရာကြီး ဒေါက်တာနိုင်ပန်းလှ၏ ဆောင်းပါးများကို ဖတ်မိသည့်အခါ မြန်မာပြည်သူများအပေါ် စာနာစိတ်ဖြစ်ခဲ့ရသည်။ သူ၏ မိတ်ဆွေအပေါင်းအသင်းများကလည်း မူလပိုင်ရှင်ကို ပြန်လည်ပေးအပ်လိုက်ဖို့ တိုက်တွန်းကြသည်။ ထို့အပြင် ထိုစဉ်က အမေရိကန်ပြည်ထောင်စု၏ သမ္မတကတော် နန်စီရေဂင်ကိုယ်တိုင်က ဤရှေးဟောင်းပစ္စည်းလေးများမှာ မြန်မာပြည်သူများအတွက် တကယ်ပင် တန်ဖိုးမဖြတ်နိုင်သော ပစ္စည်းများဖြစ်နေသဖြင့် ပြန်လည်ပေးအပ်ဖို့ မေတ္တာရပ်ခံခဲ့သည်ဟု ဆိုပါသည်။ နောက်ဆုံး မစ္စတာအပ်စ်ဝေ့ါသ်သည် သာမန်ပုထုဇဉ်တစ်ယောက်အနေဖြင့် အလွန်ခက်ခဲလှသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်ကာ မြန်မာပြည်သို့ ရောက်လာခဲ့ရပါလေသည်။

ဤသို့ဖြင့် ၁၉၈၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ၆ မိုင်ခွဲရှိ ရှေးဟောင်းသုတေသနဌာန၌ မစ္စတာအပ်စ်ဝေ့ါသ်သည် ပျူကြေးရုပ်ကလေးများအား ထိုစဉ်က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဥက္ကါထံသို့ အခမ်းအနားဖြင့် ပြန်လည်အပ်နှံခဲ့လေသည်။ နောက်တစ်နေ့တွင် သူသံယောဇဉ်ရှိသည့် ကြေးရုပ်ကလေးများ၏ မူလဇာတိဖြစ်သော သရေခေတ္တရာသို့ သွားရောက် လေ့လာခဲ့သည်။ ထိုမှ ပုဂံသို့ ဆက်လက်သွားရောက်ခဲ့ပြီး နိုဝင်ဘာ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

သည်လိုဖြင့် မြန်မာ့မြေမှ ၁၆ နှစ်ကျော်ခွဲခွာသွားခဲ့ရသော ပျူအနုပညာသည်ကြေးရုပ်ကလေး လေးရုပ်သည် ပြည်တော်ပြန်လာခဲ့ကာ မြန်မာ့မြေ၌ တစ်ဦးတည်း အထီးကျန်သင်းကွဲဘဝဖြင့် အဖော်များကို စောင့်မျှော်နေရှာဟန်တူသော လူပြက်ရုပ်ကလေးနှင့် ပြန်လည်ပေါင်းစည်းမိသွားပါလေတော့သည်။

ထို့အပြင် ကျွန်တော်သည် ထိုကြေးရုပ်ကလေးများကို အနုပညာမြောက်စွာ ဖန်တီးနိုင်စွမ်းရှိသည့် သရေခေတ္တရာ ပျူလူမျိုးတို့၏ အနုပညာအဆင့်အတန်းကိုလည်း အံ့ဩမိပါသည်။ အမျိုးသားယဉ်ကျေးမှုအမွေတစ်ရပ်အဖြစ် ဂုဏ်ယူစွာ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခွင့်ကို ဖန်တီးပေးခဲ့သော ကျေးဇူးရှင်အသီးသီးကိုလည်း သတိတရ ကျေးဇူးတင်နေမိတတ်ပါသည်။ မြေကြီးထဲ၌ ရာစုနှစ်ပေါင်းများစွာ တိမ်မြုပ်နေခဲ့သော အနုပညာသည်ကြေးရုပ်ကလေးများကို တူးဖော်ပေးခဲ့သည့် ဆရာကြီး ဦးစိန်မောင်ဦး ဦးဆောင်သည့် ရှေးဟောင်းသုတေသနဌာနမှ အဖွဲ့သားများကိုလည်းကောင်း၊ သူခိုးရန်ကြောင့် လုံးဝဆုံးရှုံးသွားခဲ့ပြီဟု ထင်မှတ်ထားခဲ့ကြရာမှ ပြန်လည်ရရှိလာအောင် နှစ်ပေါင်းများစွာ ဇွဲကောင်းကောင်းဖြင့် ကြိုးပမ်းအားထုတ်ခဲ့သော ဆရာကြီးဒေါက်တာနိုင်ပန်းလှကိုလည်းကောင်း၊ အမျိုးသားပထဝီဆိုင်ရာ မဂ္ဂဇင်းမှ အကြီးတန်းအယ်ဒီတာ မစ္စတာဘရိုင်ရန်ဟောဒ်ဆန်၊ အမေရိကန်သမ္မတကတော် နန်စီရေဂင်နှင့် အကူအညီပေးခဲ့သည့် အခြားအမေရိကန်နိုင်ငံသားများကိုလည်းကောင်း၊ ကြေးရုပ်ကလေးများအား ကိုယ်တိုင်ပြန်လည် အပ်နှံပေးခဲ့သော မစ္စတာရောဘတ်အိပ်ခ်ျအယ်စ်ဝေ့ါသ်ကိုလည်းကောင်း ရင်ထဲမှ တကယ်ပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေမိပါလေသည်။

သို့သော် ခံစားမှုလွန်ကဲ့တတ်သော ကျွန်တော်ကတော့ တစ်မျိုးတွေးကြည့် ခံစားကြည့်မိပါသည်။ ပုထုဇဉ်သာဖြစ်သော ကျွန်တော်၏ ဆန္ဒစွဲမကင်းသော အတွေးနှင့်ခံစားမှုများမှာ ဤသို့ဖြစ်ပါသည်။ အဆိုပါ ပြည်တော်ပြန် ပျူအနုပညာသည် ကြေးရုပ်ကလေးများမှာ သူတို့ယခုနေထိုင်ကြသည့် ရန်ကုန်မြို့ အမျိုးသားပြတိုက်ကြီး၏ ရှေ့မှ ပြည်လမ်းမကြီးကို ငေးမျှော်ကြည့်ကာ ထိုလမ်းမကြီး၏ ခရီးလမ်းဆုံးဖြစ်သည့် နှစ်ပေါင်း ၅၀ နီးပါး ခွဲခွာလာခဲ့ရသော သူတို့၏ ဇာတိမြေ သရေခေတ္တရာမြို့ဟောင်းသို့ သတိရလွမ်းဆွတ်နေမည်လားဟု သံသယတော့ဝင်မိသည်။

***စာကိုး – ရှေးဟောင်းပျူတို့၏မြေ သရေခေတ္တရာ၊ ကြည်စိုးသောင်း။***
***ကိုယ်ပိုင်မှတ်စုများ။***

# မြိတ်မြို့တွင် ဥပဒေအထောက်အကူပြု ရက်တိုသင်တန်းဖွင့်လှစ်

**မြိတ် စက်တင်ဘာ ၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဥပဒေစိတ်ပါဝင်စားပြီး ဥပဒေအရေးကို ဆောင်ရွက်ပေးနေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသည့် ပြည်သူများအား ဥပဒေပိုင်းဆိုင်ရာ နားလည်လာပြီး ဥပဒေပိုင်း အကူအညီများ ပေးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်(မြိတ်)မှ ဥပဒေအထောက်အကူပြု ရက်တို သင်တန်းဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဥပဒေ အထောက်အကူပြုသင်တန်းကို အဆင့်တစ်ခုတည်း မဟုတ်ဘဲ အဆင့်သုံးဆက်လောက်ထိ မြှင့်ပြီးပေးသွားဖို့ အစီအစဉ်တွေရှိတယ်။ သင်တန်းပြီးမြောက်သွားရင်လည်း ပြီးပြီးသွားတာမျိုး မဟုတ်ဘဲနဲ့ သင်တန်းပြီးသွားတဲ့အပေါ် မူတည်ပြီးတော့ သူတို့ရဲ့ လုပ်ငန်းခွင်မှာ ပြန်လည်အသုံးပြုနိုင်တဲ့ ဥပဒေ ဘာသာရပ်တွေနဲ့ သင်ကြားပို့ချတာဖြစ်တဲ့အတွက် သူတို့အတွက် အများကြီး အကျိုးရှိပါတယ်။ ကျွန်တော်တို့ ဒေသအတွက်လည်း ဥပဒေအထောက်အကူပြုသမားတွေ အများကြီးပေါ်လာတဲ့အတွက် ဒေသအတွက်လည်း အကျိုးရှိဖို့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားဖို့ အစီအစဉ်တွေ ချမှတ်ထားတာရှိပါတယ်" ဟု မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်(မြိတ်) တာဝန်ခံ ဦးစရောဝင်းက ပြောသည်။

"ကျောင်းသား တစ်ယောက်အနေနဲ့ သိသင့်သိထိုက်တဲ့ ဥပဒေပညာရပ်တွေကို သိခွင့်ရချင်တယ်။ အဲဒီ ဥပဒေပညာရပ်တွေကို အကောင်းဆုံးအသုံးချချင်တယ်။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ ဥပဒေဘက်ခြမ်းမှာ အများကြီးအားနည်းကြတယ်။ ဥပဒေအကြောင်းကို သိပ်မသိကြဘူး။ အဲဒါကြောင့် ဒီဥပဒေအကြောင်းတွေကို အားလပ်ရက်မှာ လာတက်ပြီးတော့ သုံးရက်တာသင်တန်းမှာ ကျွန်တော့်အတွက် ကောင်းကျိုးဖြစ်စေရမယ်။ ပြီးတော့ ကျွန်တော့်ရဲ့ကျောင်း၊ ကျွန်တော့်ရဲ့ ရပ်ရွာအကျိုးကို ဆောင်ရွက်ချင်ပါတယ်" ဟု နည်းပညာတက္ကသိုလ် ဒုတိယနှစ် ကျောင်းသား မောင်အောင်ဘုန်းခန့်က သူ၏သင်တန်းတက်ရတဲ့ ရည်ရွယ်ချက်ကို ပြောပြသည်။

ဥပဒေအထောက်အကူပြု သင်တန်းကို စက်တင်ဘာ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ဥပဒေအထောက်အကူပြုရေးလုပ်ငန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ တရားစီရင်ရေး ဗဟုသုတများနှင့် ကလေးသူငယ်ဥပဒေ၊ အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများကာကွယ်ပေးသည့် ဥပဒေ၊ ပြစ်မှုတရားမ၊ မြေယာ၊ ရုံးစာရေးသားနည်း၊ အမှုတွဲ Form ဖွင့်လှစ်ခြင်း ဘာသာရပ်များကို သင်တန်းသား၊ သင်တန်းသူ ၄၇ ဦးအား သင်တန်းနည်းပြ ဥပဒေပညာရှင် ခြောက်ဦးက စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**နိုင်ထူး (ပြန်/ဆက်)**




# တိုတိုထွာထွာဖတ်စရာ

## ကျောက်တန်း၌ ဓမ္မစကူးဖောင်ဒေးရှင်း အလုပ်ရုံဆွေးနွေး

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက် ကမ်းနားလမ်းပရိယတ္တိဘုန်းတော်ကြီးကျောင်းတိုက်၌ စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲက ဓမ္မစကူးဖောင်ဒေးရှင်း(ဗဟို)နှင့် ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးကော်မတီတို့မှ ဓမ္မစကူးများစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့သည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဓမ္မစကူးကော်မတီအတွင်းရေးမှူး ဆရာတော်ဦးသုမလ(ဝေါ)မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တပညာ၊ မြို့နယ်ဓမ္မစကူးကော်မတီဥက္ကဋ္ဌ ဦးအေးချမ်းအောင် နှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နီးတူး(ကျောက်တန်း)**

## စည်ပင်သာယာရေးဥပဒေသစ် ရှင်းလင်း

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ပြည်သူများ သိရှိနားလည် လိုက်နာနိုင်ရန်အတွက် စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ထောက်ကြန့်ရှိ သပြေညိုခန်းမ၌ ၂၀၁၈ ခုနှစ် စည်ပင်သာယာရေးဥပဒေသစ်ရှင်းလင်းပွဲ အခမ်းအနားကို ကျင်းပသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၂၀၁၈ခုနှစ် စည်ပင်သာယာရေးဥပဒေသစ်နှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ ဒုတိယဌာနမှူး ဦးနေဝင်းက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## ချောင်းဆုံ၌ စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ချောင်းဆုံ**
မော်လမြိုင် ချောင်းဆုံမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အခြေခံပညာကျောင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိရာ စက်တင်ဘာ ၂ ရက်က အလက (ခွဲ) ဒေါင်းဥကျောင်း၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင် ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါကွင်းဆင်းခြင်းလုပ်ငန်းကို ကျောင်းအတွင်းရှိ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၆၂ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုက်မရော၌ သဲထုတ်လုပ်ငန်းလိုင်စင် လျှောက်ထားမှုစစ်ဆေး

**ကျိုက်မရော**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာနှင့် ခရုံကျေးရွာအုပ်စုရှိ (ဂျိုင်းမြစ်) အတွင်းမှ သဲထုတ်ယူရန်လုပ်ငန်းလိုင်စင် (သက်တမ်းတိုး) များ လျှောက်ထားမှုကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေမှု ရှိ၊ မရှိကို မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို စက်တင်ဘာ ၃ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက ကျုံစိန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ကျောင်းကုန်း၌ ကွန်ပျူတာအခြေခံ အခမဲ့သင်တန်းဖွင့်

**ကျောင်းကုန်း**
ကွန်ပျူတာအခြေခံ အခမဲ့သင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျောင်းကုန်းမြို့ အမှတ် (၂) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အိုင်တီလေ့ကျင့်ရေးစင်တာ၌ စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

သင်တန်းကြီးကြပ်သူ ဦးတင်ထွဋ်ကျော်က ကွန်ပျူတာသင်တန်းသာမက စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေးနည်းပညာများကို မုတ်သုံကျေးလက်ဖွံ့ဖြိုးရေးစင်တာတွင် အခမဲ့သင်ကြားပေးနေကြောင်း၊ မြေယာဥပဒေနည်းဥပဒေများကိုလည်း ရန်ကုန်မြို့ရုံးသို့ အခမဲ့ပို့ဆောင်၍ သင်တန်းပို့ချပေးနေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**



# အသက် ၉၀ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်

**တီးတိန် စက်တင်ဘာ ၃**
ချင်းပြည်နယ် တီးတိန်မြို့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးများအား သတ္တမအကြိမ်ထောက်ပံ့ကြေးနှင့် အသက် ၉၀ နှစ် အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်ခြင်း အခမ်းအနားကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးမင်းညွန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွတ်ဒိုးကျင့်နှင့် ဦးထန်ဒိတ်ခုပ်တို့က အမှာစကားပြောကြားကြပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက်ကလေးများ၊ အသက် ၉၀ နှစ်အထက် ဘိုးဘွား ၄၉ ဦးတို့အား ထောက်ပံ့ကြေးနှင့် လူမှုရေးပင်စင်များပေးအပ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စနစ်ကျလယ်ယာမြေဖော်ထုတ်ရေး အခြေခံမြေတိုင်းတာခြင်းသင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့(အောက်မြန်မာပြည်-သန်လျင်) ၏ အခြေခံမြေတိုင်းတာခြင်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ရှိစနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းထိုက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဌာနတွင်း စာရင်းစစ်အဖွဲ့(အောက်မြန်မာပြည်ရုံး) ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိန်အေးနှင့် ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦးတို့က သင်ထောက်ကူပစ္စည်းများပေးအပ်ကြသည်။ ထို့နောက် ဦးစီးအရာရှိ ဦးထွန်းထွန်းဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်း ၂၁ ဦး၊ ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုအသင်းများဖြစ်သော လယ်ယာအားမာန်၊ ရွှေအားမာန်နှင့် ရွှေစပါးအသင်းတို့မှ သင်တန်းသား ၁၉ ဦး စုစုပေါင်း ၄၀ တက်ရောက်ကြမည်ဖြစ်ပြီး လုပ်ငန်းခွင်တွင် ဒီဇိုင်းမြေပုံရေးဆွဲနိုင်ရန်၊ အခြေခံမြေတိုင်းတာခြင်း ကျွမ်းကျင်တတ်မြောက်စေရန် နှစ်ပတ်ကြာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

**သန်းဝင်း(သန်လျင်)**

# ရွာသာကျေးရွာ၌ကျန်းမာရေးစစ်ဆေး ပညာပေးခြင်းဆောင်ရွက်

**မြို့သစ် စက်တင်ဘာ ၃**
စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသူရဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများသည် စက်တင်ဘာ ၂ ရက်က မြို့သစ်မြို့ ရွာသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ကွင်းဆင်း၍ ဒေသခံပြည်သူ ၆၀ အား ဆေးကုသစစ်ဆေးခြင်းများဆောင်ရွက်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ဆရာဝန်ကြီးနှင့်အဖွဲ့သည် တုံးကျော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဗန္ဓုလကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ၊ မြို့သစ်မြို့၊ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ကျန်းမာရေးဌာနခွဲ ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းမင်းအောင် (ကဘော်မြေ)**

# လေးမျက်နှာမြို့နယ်တွင် မြေနုမြစ်ကျိုးအင်းအတွင်း ငါးမျိုးစိုက်ထည့်

**လေးမျက်နှာ စက်တင်ဘာ ၃**
ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် သခွပ်ချောင်းအုပ်စုအတွင်းရှိ မြေနုမြစ်ကျိုးအင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါအင်းအတွင်း ကျင်းပသည်။



အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထူးထက်နှင့် ဌာနဆိုင်ရာတာဝန်ရှိများ၊ ဒေသခံ ရေလုပ်သားအစုအဖွဲ့ဝင်များ တက်ရောက်၍ ငါးမြစ်ချင်း ၂၂၀၀၀၀ နှင့် ငါးခေါင်းပွ ၂၈၀၀၀၀ တို့ကို စုပေါင်းစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

ဒေသနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် အဓိကရည်ရွယ်ထားကြောင်း၊ ငါးမျိုးသန့်ရရှိရေးနှင့် ငါးမွေးမြူမှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနကလည်း ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအောင်မြင်၍ ရေလုပ်သားအစုအဖွဲ့ဝင်များ၏ ဝင်ငွေတိုးတက်မှုရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသရွေ့ စုပေါင်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းနှင့် ရေချိုငါးလုပ်ငန်းလုပ်ဆောင်ရာတွင် ငါးသယံဇာတများ ရေရှည်ထုတ်လုပ်သုံးစွဲနိုင်ရန် ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ခြင်းဖြစ်ကြောင်း အင်းဂရန်ပိုင် ဦးအောင်မြင့်ဌေးက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

## (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို ဂုဏ်ပြုလုပ်အားပေးဆောင်ရွက်



**ကသာ**

စက်တင်ဘာ ၂ ရက်က မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ ဒုရဲမှူးမျိုးမင်းဦးစီးသော မူးယစ်ရဲတပ်ဖွဲ့ဝင်များသည် ကသာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ ကသာမြို့နယ်ရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၁၀၆) မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကသာမြို့ အမှတ် ၉ ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာဝင်းတွင် အင်အား ၁၀၀ ကျော်ဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**



**မယ်စဲ့**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၊ မြို့မစခန်းမှူး ဒုရဲမှူးသန်းအောင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်အင်အား ၃၀ တို့သည် (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီမှ ၉ နာရီခွဲထိ မြောက်ပိုင်းရပ်ကွက် ရတနာရန်အောင်စေတီ (မြို့ဦးဘုန်းတော်ကြီးကျောင်း) အတွင်းနှင့်အပြင်တို့တွင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ၊ ပေါင်းမြက်များရှင်းလင်းခြင်းဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

**ဖရူဆို**

ဖရူဆိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်းဦးစီး၍ ဖရူဆိုမြို့ညောင်ဇင်ရပ်ကွက် ပရဟိတဘုန်းတော်ကြီးကျောင်း၌ ရုံး၊ ရဲစခန်းရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင် စုစုပေါင်းအင်အား ၅၆ ဦးတို့က စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မင်းတုန်း**

သရက်ခရိုင် မင်းတုန်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှစုပေါင်း၍ အမှတ် (၂) ရပ်ကွက်ရှိ ရွှေဘုန်းတေဇဘုရားဝင်းအတွင်းရှိ ချုံနွယ်ပေါင်းပင်များ၊ အမှိုက်များရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီမှ စတင်ပြုလုပ်ခဲ့ကြရာ မြို့နယ်ရဲမှူး ဦးမြင့်မောင်နှင့် မြို့မရဲစခန်းမှူး ဦးစိန်သောင်းတို့က ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက ဘုရားဝင်းအတွင်း၊ အပြင်တွင် ချုံနွယ်ပေါင်းပင်များ စုပေါင်းရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ ရပ်ကွက်နေပြည်သူများကလည်း ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

**မင်းတုန်း(ပြန်/ဆက်)**

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့ရှောင်လမ်း သာသနဇောတိကကျောင်းတိုက်တွင် စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းလင်းဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၁၀၈ ဦးတို့က ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းပင်များကို စုပေါင်းရှင်းလင်းဆောင်ရွက်ကြသည်။

"အောက်တိုဘာ ၁ ရက်နေ့မှာကျရောက်မယ့် ( ၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ ကျွန်တော်တို့ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူးက ဦးဆောင်ပြီးတော့ အခုလို စုပေါင်းသန့်ရှင်းဆောင်ရွက်ခဲ့တာပါ" ဟု မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းလင်းက ရှင်းလင်းပြောကြားသည်။

**နီတိုး(မိုးညှင်း)**

# မန္တလေးတိုင်းဒေသကြီးအတွင်းသို့ပြည်တွင်း၊ ပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်မှု များပြားလာ



**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၆ ခုနှစ်မှစ၍ ကောက်ယူရရှိထားသည့် စာရင်းများအရ ပြည်တွင်းပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ဝင်ရောက်မှုပိုမိုများပြားလာကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။

လက်ရှိ မန္တလေးမြို့သို့ ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်တွင် ပြည်ပခရီးသွား ၃၈၅၀၃၁ ဦးနှင့် ပြည်တွင်းခရီးသွား ၅၁၇၂၉၀၊ ၂၀၁၇ ခုနှစ်တွင် ပြည်ပခရီးသွား ၄၈၃၇၈၄ ဦးနှင့် ပြည်တွင်းခရီးသွား ၅၈၉၃၇၄ ဦး ဝင်ရောက်ခဲ့ပြီး ယခု ၂၀၁၈ ခုနှစ်တွင် လက်ရှိခြောက်လတာစာရင်းများအရ ပြည်ပခရီးသွား ၂၃၁၀၀၂ ဦးနှင့် ပြည်တွင်းခရီးသွား ၃၂၉၅၆၇ ဦး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွင်းကို နိုင်ငံတကာခရီးသွားတွေသာမက အခုနှစ်ပိုင်းတွေမှာ ပြည်တွင်းကလည်း ပိတ်ရက်ရှည်ကာလတွေမှာ ခရီးသွားလည်ပတ်လေ့လာတတ်တဲ့ အလေ့အကျင့်တွေရှိလာကြတာကို တွေ့ရတယ်။ အုပ်စုလိုက်ဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ ခရီးထွက်လည်ပတ်မှုတွေများလာတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာခရီးသွားများ ပိုမိုဝင်ရောက်လာစေရေးအတွက် လာမည့်အောက်တိုဘာလမှစ၍ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံများအတွက် ဗီဇာဖြေလျှော့မှုများဆောင်ရွက်ပေးမည်ဖြစ်ပြီး အဆိုပါဖြေလျှော့မှုများတွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အတွက် ဗီဇာကင်းလွတ်ခွင့်ပြုထားကြောင်းနှင့် တရုတ်နိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ခရီးသွားကဏ္ဍဖွံ့ဖြိုးဖို့ဆိုတာ ဗီဇာဖြေလျှော့မှုက အဓိကကျပါတယ်။ ဒီလိုဖြေလျှော့ပေးမှ လာချင်ကြမယ်။ ဖြေလျှော့ပေးမှုတွေနဲ့အတူ သူတို့မျှော်လင့်ထားသလို ဖြစ်လာစေဖို့ ပို့ဆောင်ဆက်သွယ်ရေးတွေ၊ အခြေခံအဆောက်အအုံတွေ၊ နိုင်ငံအလိုက် ကြိုက်နှစ်သက်တဲ့ လည်ပတ်စရာနေရာတွေ၊ အပန်းဖြေမှုတွေ၊ အများသုံးသန့်စင်ခန်းတွေကို ခရီးသွားကဏ္ဍနဲ့ ပတ်သက်ဆက်စပ်သူတွေအားလုံးက ပြင်ဆင်ဆောင်ရွက်နေကြသလို ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကိုလည်း ထားရှိဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုအနေဖြင့် လက်ရှိတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေကြောင်းလိုင်းနှစ်လိုင်း တိုးချဲ့ပြေးဆွဲထားသည့်အတွက် တရုတ်လူမျိုးများ အဓိကဝင်ရောက်မှုများပြားနေပြီး ၂၀၁၈ ခုနှစ်အတွက် တိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားဧည့်သည် ငါးသိန်းဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာကိုင်တွယ်အသုံးပြုနည်း ဆရာဖြစ်သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၃**

ဂျာမနီနိုင်ငံ Drager Co.Ltd မှ ထုတ်လုပ်သည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုနည်း ဆရာဖြစ်သင်တန်း (TOT) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် Drager Co.Ltd မှ Mr Aron တို့က အဖွင့်အမှာစကားပြောကြားပြီး Drager Co.,Ltd မှ နည်းပြများနှင့် Myanmar Trillion Group Co.,Ltd မှ အကူနည်းပြများက မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး၊ လုပ်ငန်းသုံးကိရိယာများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားစေရေး စသည့် ကောင်းမွန်သည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ညွှန်ကြားရေးမှူး ဦးကျော်သူရနှင့် အရာရှိကြီးများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သင်တန်းသားအရာရှိ ၁၇ ဦး တက်ရောက်ခဲ့ကြပြီး စက်တင်ဘာ ၃ ရက်မှ ၇ရက်ထိ စာတွေ့လက်တွေ့ သင်တန်းများ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**၁၉၇**



## နေပြည်တော်တွင် သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်လှစ်



**နေပြည်တော် စက်တင်ဘာ ၃**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်းများအား သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ဒက္ခိဏသင်တန်းကျောင်း၌ ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းများ ဖွင့်လှစ်ပေးရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်း ၃၅ ဦးတို့အား သတင်းစီးဆင်းမှု၊ သတင်းအရင်းအမြစ်များရှာဖွေခြင်း၊ သတင်းအခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ ဆောင်းပါးရေးသားခြင်း၊ သတင်းဖတ်သူ၏ရှုမြင်ပုံ၊ သတင်းစာရှင်းလင်းပွဲကဏ္ဍ၊ Online အသုံးပြု၍သတင်းများထုတ်ပြန်ခြင်း၊ သတင်းမီဒီယာဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းဓာတ်ပုံပညာ စသည့်ဘာသာရပ်များကို ရက်သတ္တသုံးပတ်ကြာ စာတွေ့လက်တွေ့ ဆွေးနွေးသင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*တိုင်းပြည်၏နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ရှုထောင့်စုံမှသဘောထားအမြင်စုံတို့ကိုအများပြည်သူသို့တင်ပြပေးနိုင်ရန် ဤကဏ္ဍကိုဖွင့်လှစ်ခြင်းဖြစ်၍စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှ တို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ဓာတ်အားပို့လွှတ်ရေးစနစ်အား မြေအောက်ဓာတ်ကြိုးစနစ်သို့ ပြောင်းလဲသင့်ပြီ

**လင်းသီဟ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားကြိုးများ မတော်တဆပြတ်ကျပါက လျှပ်စစ်အန္တရာယ်မှ အချိန်မီကာကွယ်နိုင်ရန် Call စင်တာတစ်ခုကိုထားရှိပြီး ဖြစ်ကြောင်း သိရှိရပါသည်။

လျှပ်စစ်ဓာတ်အားပေးကြိုးများ မတော်တဆဖြစ်ပွားမှုများနှင့်ပတ်သက်၍ အဆိုပါစင်တာသို့ အများပြည်သူများက သိလျှင်သိချင်း ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း၊ ထိုသို့အကြောင်းကြားပါက သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားပေးခွဲရုံမှတစ်ဆင့် ချက်ချင်း လျှပ်စစ်ဓာတ်အား ဖြတ်တောက်ပစ်ပြီး အချင်းဖြစ်ရာနေရာသို့ လျှပ်စစ်ဝန်ထမ်းများလည်း အချိန်မီရောက်ရှိနိုင်အောင် စီစဉ်ထားပြီးဖြစ်ကြောင်း ဩဂုတ် ၂ ရက်နေ့ထုတ် သတင်းဂျာနယ်တစ်ခုတွင် ဖတ်ရှုခဲ့ရပါသည်။

လက်ရှိတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်း(YESC)အနေဖြင့် လျှပ်ကာပါဝင်သော ဓာတ်ကြိုးများလဲလှယ်ပေးလျက်ရှိရာ မိုင်ခြောက်ထောင်ကျော် လဲလှယ်ပေးရမည့်အနက် မိုင် ၂၀၀ ကျော်သာ လဲလှယ်ပေးနိုင်သေးကြောင်း၊ ထိုသို့လဲလှယ်တပ်ဆင်ရန်အတွက် ဘတ်ဂျက်အများအပြား လိုအပ်နေကြောင်း နေ့စဉ်ထုတ် သတင်းစာတစ်စောင်အရ သိရပါသည်။

ရန်ကုန်မြို့တွင် ဇူလိုင်လ ၁၃ ရက်နေ့ ညနေပိုင်းက တောင်ဥက္ကလာပမြို့နယ်တွင် ရေအိုင်ထဲသို့ ပြုတ်ကျနေသော ဓာတ်ကြိုးတစ်ချောင်းကို အဌမတန်းကျောင်းသားတစ်ဦးထိမိရာမှ ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ပြီး နယ်မြို့တစ်မြို့တွင်လည်း ပြုတ်ကျနေသော ဓာတ်ကြိုးကြောင့် အလယ်တန်းကျောင်းသူတစ်ဦးဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ပါသည်။ အလားတူပင် ယမန်နှစ်များကလည်း လမ်းဘေးရပ်ကွက်ဈေးတန်းတစ်ခုပေါ်သို့ ဓာတ်ကြိုးပြုတ်ကျ၍ ဓာတ်လိုက်မှုများလည်း ပေါ်ပေါက်ခဲ့ပါသည်။ ထို့ကြောင့် ပြည်သူအများက လျှပ်စစ်ဌာနမှ ဓာတ်အားဖြန့်ဖြူးပေးနေသည့် ဓာတ်အားပေးကြိုးများ သွယ်တန်းမှုစနစ်အပေါ် စိတ်ဝင်စားမှုမြင့်တက်နေခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့တွင် မကြာခဏ မီးပျက်နေရခြင်းမှာ ရန်ကုန်မှာ သွယ်တန်းတဲ့ကြိုးတွေရဲ့ အရည်အသွေး အလွန်အင်မတန်ညံ့ဖျင်း၍ဖြစ်ကြောင်း၊ ကာဘာမပါသေးသောကြိုးက အများစုဖြစ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဇူလိုင် ၂၉ ရက်နေ့တွင် ကျင်းပသော နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံပွဲအခမ်းအနား၌ ပြောကြားခဲ့ကြောင်း သိရပါသည်။

မြန်မာနိုင်ငံတစ်ဝန်း လက်ရှိအသုံးပြုနေသော ယခင်ကသွယ်တန်းခဲ့သည့် လျှပ်စစ်ဝိုင်ယာကြိုးများမှာ လွန်စွာ ဟောင်းနွမ်းနေသဖြင့် အတော်အတန်အရှိန်ဖြင့် ကြိုးတန်းများလှုပ်ခါမှုဖြစ်ရုံမျှဖြင့် ပြုတ်ကျခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ များသောအားဖြင့် ရပ်ကွက်များ၊ လမ်းများတွင် မီးအလင်းပေးရန်နှင့် အိမ်သုံးရန် ဓာတ်အားဖြန့်ဖြူးသော ကြိုးလိုင်းများမှာ များသောအားဖြင့် သစ်ပင်များ၊ သစ်ကိုင်းများနှင့် မလွတ်ကင်းကြပေ။ ထိုသစ်ပင်သစ်ကိုင်းများ လေတိုက်၍လှုပ်ရှားသော အခါ ဓာတ်ကြိုးလိုင်းများအားရိုက်ချသကဲ့သို့ဖြစ်ပြီး ဓာတ်ကြိုးများ ပြုတ်ကျခြင်း၊ ပြတ်ကျခြင်းများဖြစ်ပေါ်လေ့ရှိသည်ကို သတိပြုတွေ့ရှိရပါသည်။ ထို့ကြောင့် ရပ်ကွက်များ၊ လမ်းများအတွင်း သွယ်တန်းထားသော ဓာတ်ကြိုးများ သစ်ပင်၊ သစ်ကိုင်း၊ ခြံစည်းရိုး၊ အိမ်အမိုး စသည်တို့နှင့် လွတ်လွတ်ကင်းကင်းဖြစ်စေရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဦးဆောင်ပြီး ဒေသအာဏာပိုင်များ (ရပ်/ကျေးအဆင့်အထိ)နှင့် ညှိနှိုင်းဆောင်ရွက်သင့်နေပြီ ဖြစ်ပါသည်။

> ကျွန်တော်တို့နိုင်ငံသည်လည်း အခြားဖွံ့ဖြိုးပြီး နိုင်ငံများကဲ့သို့ မြေအောက်ဓာတ်ကြိုးစနစ်ကို ပြောင်းလဲကျင့်သုံးရန် လိုအပ်နေ . . .

စင်ကာပူတွင် သွားရောက်အလုပ်လုပ်ပြီး ၂၀၁၆ ခုနှစ်က ပြန်လာသော သူငယ်ချင်းများအား ရန်ကုန်မြို့တွင်းသို့ လိုက်လံပြသဖူးပါသည်။ ထိုအချိန်က ရန်ကုန်မြို့တွင် မီးပွိုင့်အဟောင်းများနှင့် မီးပွိုင့်အသစ်များကို လဲလှယ်ပေးနေချိန်ဖြစ်ပါသည်။ မီးပွိုင့်များသို့ လျှပ်စစ်ကြိုးများ သွယ်တန်းနေသည်ကိုမြင်သော သူငယ်ချင်းက မြန်မာနိုင်ငံတွင်မြေအောက်ဝိုင်ယာကြိုးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသည့်စနစ်ကို အသုံးပြုသင့်ပြီဖြစ်ကြောင်း၊ ထိုသို့ အသုံးပြုခြင်းအားဖြင့် လျှပ်စစ်အန္တရာယ်ကို ပိုမိုအကာအကွယ်ဖြစ်စေကြောင်း၊ ဓာတ်တိုင်များကို ယာဉ်များတိုက်မိခြင်းနှင့် ကုန်အမြင့်တင်လာသည့်ယာဉ်များ၊ ငှက်များကြောင့်ပေါ်ပေါက်လာမည့် လျှပ်စစ်ကြိုးနှင့် ထိမိသည့် မတော်တဆမှုများကို ကာကွယ်နိုင်ကြောင်း၊ မိုးပျံလမ်းများပေါ်ပေါက်လာပါက ကောင်းကင်ကြိုးလိုင်းများကို အသုံးပြု၍မရကြောင်း၊ သူ့အနေဖြင့် စင်ကာပူနိုင်ငံတွင် မြေအောက်ဓာတ်အားလိုင်း စနစ်ပြောင်းလဲအသုံးပြုချိန်၌ စင်ကာပူတစ်မြို့လုံးရှိ မီးပွိုင့်စုစုပေါင်း၏ တစ်ဝက်နီးပါးကို ကောင်းကင်ကြိုးစနစ်မှ မြေအောက်ဓာတ်အားပေးလိုင်းစနစ်သို့ ကူးပြောင်းသည့် အလုပ်ကို ကိုယ်တိုင်လုပ်ကိုင်ခဲ့သူဖြစ်ကြောင်း ပြောပြခဲ့ဖူးပါသည်။

ထို့အပြင် Common Purpose နှင့် DPG တို့ ပြီးခဲ့သည့်ဇွန်လတွင် ပူးပေါင်းပြုလုပ်ခဲ့သည့် Leadership Program တွင် International Hong Kong University တစ်ခုမှ ကိုယ်စားလှယ် ကျောင်းသားများက မြန်မာနိုင်ငံ၌ မီးမကြာခဏ ပျက်ရသည့် အကြောင်းအရင်းကို မေးမြန်းရာ လေတိုက်ပါကဓာတ်ကြိုးများ လွဲရမ်းပြီး ပြတ်ကျလေ့ရှိသဖြင့် မီးမကြာခဏ ပျက်ရခြင်းဖြစ်ကြောင်း ဌာနေကျောင်းသူကပြန်ဖြေရာ ၎င်းတို့နိုင်ငံတွင် မြေအောက်ဓာတ်ကြိုးစနစ်အား အသုံးပြုနေသဖြင့် ဤဖြစ်စဉ်မျိုးမရှိကြောင်း၊ မြန်မာနိုင်ငံ၌လည်း မြေအောက်ကြိုးစနစ် ပြောင်းလဲသုံးစွဲသင့် နေပြီဖြစ်ကြောင်း ပြန်လည်အကြံပြုသွားခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်တို့နိုင်ငံသည်လည်း အခြားဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ မြေအောက်ဓာတ်ကြိုးစနစ်ကို ပြောင်းလဲကျင့်သုံးရန် လိုအပ်နေပြီဖြစ်ပါသည်။ မြေပေါ်ကြိုးများနေရာတွင် ကာဘာပါသော ဓာတ်ကြိုးများ ပြောင်းလဲသုံးစွဲရာတွင် ကုန်ကျမည့် အသုံးစရိတ်ကို နှစ်ခါမကုန်ရလေအောင် မြေအောက်ကြိုးစနစ် ပြောင်းလဲအသုံးပြုရေးအတွက် စီမံချက်များ ရေးဆွဲသင့်နေပြီဖြစ်ပါသည်။

ထို့ကြောင့် မိုးတွင်းကာလ ဓာတ်ကြိုးပြုတ်ကျမှုကြောင့် အများပြည်သူ လျှပ်စစ်အန္တရာယ် မကျရောက်စေရန်အတွက် လမ်းတိုင်း၊ ခြံတိုင်း၊ ရပ်ကွက်တိုင်းရှိ လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်သောသစ်ပင်၊ သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းခြင်းကို ဆောင်ရွက်သင့်နေပြီဖြစ်ပါသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏အနာဂတ် စီမံကိန်းများအတွက် အသင့်ဖြစ်နေစေရန် မြေပေါ်တွင် သွယ်တန်းသည့်ဓာတ်ကြိုးစနစ်မှ မြေအောက် ဓာတ်ကြိုးသွယ်တန်းရေးစနစ်ကို အမြန်ပြောင်းလဲ ကျင့်သုံးသင့်နေပြီဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# ဗိုက်ပူလေးများ အသက်ရှည်စေဖို့

**ဒေါက်တာနေမျိုးဦး**

ရန်ကုန် မိဘတွေဆီအလည်ရောက်တိုင်း အခါအခွင့်သင့်ရင် လူနာကြည့်ပေးလေ့ရှိပါတယ်။ လာပြတဲ့ လူနာတော်တော်များများက အသက် ၄၀ ကျော် ၅၀ နားပတ်လည်တွေဖြစ်ပြီး အလုပ်အကိုင်နဲ့ အိမ်ထောင်နဲ့ စီးပွားရေးကောင်းကြသူတွေ များကြပါတယ်။

အတော်များများက ငယ်ငယ်တုန်းကတော့ ရှန်းကန်လှုပ်ရှားပြီး ပိန်ပိန်ပါးပါး ဖျတ်ဖျတ်လတ်လတ်ဖြစ်ပေမယ့် စီးပွားရေး အောင်မြင်လာတာနဲ့အမျှ အစားအသောက် အနေအထိုင် ပြောင်းလာပြီး ကိုယ်လက်လှုပ်ရှားမှုနည်းလာတာကြောင့် ဗိုက်ပူပြီး ဝလာကြပါတယ်။

ဒါ့အပြင် ဗိုက်ဆံ့ရှိလာတော့ အစားအသောက်က ကောင်းလာသလို အကျင့်ဆိုးလေးတွေက တွဲပါလာတတ်ပါတယ်။ ဆေးလိပ်လေးခဲချင်လာမယ်၊ ဘီယာပါသောက်တတ်လာပါတယ်။

ဒါ့အပြင် အသက် ၃၅ ကျော်လာတာနဲ့ ခန္ဓာကိုယ်ရဲ့ ဇီဝကမ္မဖြစ်စဉ်တွေနှေးကုန်ပြီး စားသမျှဟာ ဗိုက်ပတ်လည်မှာစုပါတယ်။ ဗိုက်မှာစုတဲ့ အဆီဟာ ပေါင်တို့ လက်မောင်းတို့မှာစုတဲ့ အဆီနဲ့မတူဘဲ ဗိုက်ဆူထွက်မလာခင် ကိုယ်တွင်းက ကလီစာတွေကို ပတ်ပြီး စုပါတယ်။ အဲဒီကလီစာတွေကို ပတ်ထားတဲ့ အဆီကို Visceral fat လို့ ခေါ်ပါတယ်။ မြန်မာလိုအခေါ်တော့ ဝမ်းတွင်းဆီပါ။

ကိုယ်အလေးချိန် ၇၀ ကီလိုရှိတဲ့ မြန်မာလူမျိုးတစ်ယောက်နဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက်ကို ခွဲခြမ်းကြည့်ရင် မြန်မာက ဝမ်းတွင်းအဆီ ၃၀ ရာခိုင်နှုန်းလောက်ရှိပြီး အင်္ဂလိပ်တွေကတော့ ကိုယ်တွင်းအဆီ ၂၀ ရာနှုန်းလောက်ပဲရှိတတ်ပါတယ်။

ဘာကြောင့် ဝမ်းတွင်းအဆီပမာဏဟာ အင်္ဂလိပ်တစ်ယောက်နဲ့ မြန်မာတစ်ယောက်ကြား ဒီလောက်ကွာရသလဲလို့မေးရင် မြန်မာတစ်ယောက်စားတဲ့ ထမင်းပန်းကန်နဲ့ အင်္ဂလိပ်တစ်ယောက်စားတဲ့ ပန်းကန်ကို ယှဉ်ကြည့်စေချင်ပါတယ်။

မြန်မာတွေ၊ တရုတ်၊ အိန္ဒိယတွေဟာ ထမင်း သို့မဟုတ် ကစီဓာတ်ကို ၈၀ ရာနှုန်းလောက်စားပြီး အင်္ဂလိပ်တွေက ပေါင်မုန့်ကို တစ်ချပ်လောက်သာစားပြီး အသားငါး၊ ဟင်းသီးဟင်းရွက်ကို ပိုစားပါတယ်။

တကယ်တော့ ထမင်းဟာ အဆီဖြစ်မှုကို အားပေးပြီး အထိုင်များလာချိန် ဇီဝဖြစ်စဉ် နှေးလာချိန်မှာတော့ ဝမ်းတွင်းအဆီအဖြစ် ဗိုက်ထဲကို တိုက်ရိုက်ရောက်ပါတယ်။

ခုတွေ့ရှိချက်တွေအရ ဝမ်းတွင်းဆီများ လာတာနဲ့အမျှ ခန္ဓာကိုယ်မှာ သကြားဓာတ်ကို ထုတ်ယူသုံးစွဲနိုင်စွမ်းကျသွားပြီး ဆီးချိုစတဲ့ ရောဂါတွေဝင်လာပါတယ်။ ဒီဝမ်းတွင်းအဆီကနေ ဘေးဖြစ်စေတတ်တဲ့ ဟော်မုန်းတွေ၊ အဆိပ်သင့်တဲ့ဓာတ်တွေ ထွက်လာတာကြောင့် သွေးတိုးပါတက်လာပြီး နောက်တစ်ဆင့် နှလုံးသွေးကြောပိတ်တာ၊ လေဖြတ်တာ၊ ကျောက်ကပ်ရောဂါတွေပါ ဖြစ်လာတတ်ပါတယ်။

ကျွန်တော်တို့ငယ်ငယ်က အသိမိတ်ဆွေတွေရဲ့ နာရေးသွားမေးရင် များသောအားဖြင့် ၄၀ ကျော်လေးတွေသေတာများပြီး မိသားစုကတော့ ၎င်းရင်းက မိသားစုကို ဘယ်လိုရှာကျွေးနေတုန်း နှလုံးရောဂါနဲ့အချိန်မတန်ခင် သေရတာ စသဖြင့် ယူကျုံးမရ ပြောတာကြားဖူးပါတယ်။ တချို့ကလည်း စီးပွားတက်နေတုန်းမှာ လေဖြတ်တာ စသဖြင့် ပြောတာကြားဖူးပါတယ်။

ငယ်ငယ်ကမသိခဲ့ပေမယ့် မြန်မာလူ့အဖွဲ့အစည်းမှာ အသက် ၄၀ ကျော်တချို့ဆို ၃၀ ပတ်ချာလည်လောက်နဲ့ ဆီးချို၊ နှလုံး၊ သွေးတိုး၊ ကျောက်ကပ်ရောဂါတွေရတာဟာ ကံဆိုးလို့သက်သက်မဟုတ်ဘဲ အဓိက လူသတ်တရားခံဟာ မုဆိုးမအပေါင်းတို့ ပွတ်ပွတ်ပြီးငိုရတဲ့ ဗိုက်ကလေးများပဲဖြစ်ပါတယ်။



ဒါကြောင့် အသက် ၃၀ ကျော် ၄၀ နားကပ်လာရင်

၁။ ဆေးလိပ်ဖြတ်ပါ။
၂။ ကိုယ်လက်လှုပ်ရှားမှု တစ်မျိုးမျိုးလုပ်ပါ။
၃။ အရက်သေစာ လျှော့ပါ။
၄။ အငန်လျှော့စားပါ။
၅။ ထမင်းကို ညစာစားချိန်မှာ လျှော့လိုက်ပါ။
၆။ တစ်နှစ်တစ်ကြိမ်လောက် ဆရာဝန်ပြပြီး သွေးထဲက ကိုယ်လက်စထရော (သွေးအဆီ) ဆီးချို ရှိ-မရှိ၊ သွေးတိုး ရှိ-မရှိ စစ်ဆေးသင့်ပါတယ်။

ဗိုက်မှာ (Six packs) လို့ခေါ်တဲ့ ကြွက်သားတွေရှိနေစရာမလိုပေမယ့် ဗိုက်တအား စူမထွက်လာအောင်တော့ ကြိုးစားသင့်ပါတယ်။ ဒါမှ ကျန်းမာတဲ့ဘဝကို ပိုင်ဆိုင်ပြီး ကိုယ်ချစ်တဲ့ မိသားစုနဲ့အတူ သက်တမ်းစေ့နေရပါလိမ့်မယ်။ ။

## တိုတိုထွာထွာဖတ်စရာ

### ရွှေကံ့ကူလေပျံသစ်တော်ဘုရား နေပြည်တော်တွင်ပူဇော်ခံ

**စဥ့်ကိုင်**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ရန်အောင်မြင်ရပ်ကွက်ရှိ ဘုရားအစ်မကြီး အမေကောင်း၏ နေအိမ်တွင် သီတင်းသုံးစံပယ်တော်မူလျက်ရှိသည့် တန်ခိုးကြီး ရွှေကံ့ကူလေပျံသစ်တော် ဘုရားအား မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်၊ မြို့ရွာအနှံ့အပြားသို့ ဒေသစာရီခရီးများ ကြွမြန်းတော်မူ လျက်ရှိရာတွင် စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ လက်လုပ်တောင် ရွှေနံ့သွင်းစေတီတော်သို့ ဒေသစာရီကြွချီရာ လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်တွင် နေပြည်တော်ရှိ 'နေပြည်တော်' မိသားစု ပရဟိတအဖွဲ့နှင့် 'မြတ်ပါရမီ' လူမှုကူညီရေးအသင်းတို့မှ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြောင်းနှင့် စက်တင်ဘာ ၁ ရက်မှ ၃ ရက်ထိ ပူဇော်ခံခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

### ခနုပြူ၌ အိမ်ထောင်စုစာရင်းနှင့် စိစစ်ရေးကတ်ပြားပေးအပ်

**ခနုဖြူ**

ခနုဖြူမြို့နယ် ကျုံတနီးကျေးရွာအုပ်စု ရွာမရပ်ကွက် အထက ကျုံတနီးခန်းမ၌ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ပြုလုပ်သည်။

ကျေးရွာ ၁၁ ရွာ အိမ်ထောင်စုစာရင်း ၈၉၆ စောင်၊ နိုင်ငံသားစိစစ်ရေးကတ်စုစုပေါင်း ၆၄၆ ခုအား ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေ ပြည်သူများအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ခနုဖြူ)**

### ပိတ်ဆို့ရေမြောင်းများအားတူးဖော်ရှင်းလင်း

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ နယ်စည်ပင်သာယာရေးအဖွဲ့ မှ ခရမ်းမြို့ အမှတ် (၄) ရပ်ကွက် ဗုဒ္ဓဟူးလမ်းရှိ ရေနုတ်မြောင်းအတွင်း အမှိုက်များ၊ ရွှံ့ညွန်များ ပိတ်ဆို့နေသဖြင့် ရေစီးရေလာကောင်းမွန်၍ ကျန်းမာရေးမထိခိုက်စေရန်အတွက် တူးဖော်ရှင်းလင်းခြင်းကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက အဆိုပါလမ်းတွင် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပိတ်ဆို့ရေမြောင်းများရှင်းလင်းရာသို့ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ပြည်သူများပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာနှင့် ဝန်ထမ်းများက တူးဖော်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

### ကျောင်းသား ကျောင်းသူများစုပေါင်းသွေးလှူဒါန်း

**ထားဝယ်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးသို့ ထားဝယ်ဗုဒ္ဓကောလိပ်နှင့် ပညာရေးကောလိပ် ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

သွေးလှူဒါန်းရာသို့ သံဃာတော် ၁၅ ပါး၊ သီလရှင် သုံးပါး၊ ကျောင်းသားကျောင်းသူ ၂၅ ဦး၊ ထားဝယ်ပညာရေးကောလိပ်မှ ကျောင်းသား ကျောင်းသူ ၃၅ ဦး စုစုပေါင်း ၇၈ ဦး စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး ထားဝယ်ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်နှင့် သွေးလှူဘဏ်ခွဲတာဝန်ခံ ဒေါက်တာစန်းစန်းဝင်းတို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## လယ်ကိုင်းမြို့ဟောင်း ဘားဝပ်ကျောင်း၏ပြာသာဒ်ဆောင် ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေ

**ပွင့်ဖြူ စက်တင်ဘာ ၃**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းမြို့ဟောင်း၌ ရုပ်စုံကျောင်းများနှင့်အသွင်သဏ္ဍာန်ဆင်တူသည့် ဇေတဝန်ကျောင်း အမျိုးအစား ဘားဝပ်ဘုန်းကြီးကျောင်းတည်ရှိပြီး ကျောင်းတော်ကြီး၏ ပြာသာဒ်ဆောင်တိုင်များ၊ ကြမ်းခင်းနှင့် ပြာသာဒ်များမှာ ယိုင်နဲ့ပျက်စီးမှုများ ဖြစ်ပေါ်နေသည့်အတွက် ပြုပြင်မှုများဆောင်ရွက်ရန်လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

"၂၀၁၆-၂၀၁၇ ခုနှစ်မှာ ယဉ်ကျေးမှုဦးစီးဌာနက ကျောင်းကြီးရဲ့အဆောင်တွေက ယိုင်နေတဲ့တိုင်တွေကို ပြန်မတ်ပေးထားပါတယ်။ လက်ရှိအခြေအနေကတော့ ကြမ်းခင်းတွေ သိပ်မကောင်းဘူး။ ပြာသာဒ်ဆောင် လုံးဝမပြင်ရသေးဘူး။ တိုင်အလုံးကြီး ၃၀ လောက် ယိုင်နေတာကို ပြန်မတ်ဖို့လိုနေပါတယ်။ အရန်တိုင် အလုံး ၂၀ လောက်ကိုလည်း ပြန်မတ်ရမယ်။ အပေါ်က ပြာသာဒ်ကလည်း ပြတ်ကျတော့မယ့် အနေအထားဖြစ်နေတယ်" ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးဝင်းမြင့်က ပြောသည်။

မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် လယ်ကိုင်းမြို့အုပ်ကြီး ဦးအံ့ထော်နီနှင့် ဇနီး ဒေါ်အံ့ထော်နီတို့က ဒင်္ဂါး ၁၀ တင်းအကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဘားဝပ်ကျောင်းမှာ ကျောင်းတိုင်ပေါင်း ၁၆၅ တိုင်၊ ကျောင်းခန်းပေါင်း ၁၆၅ ခန်း၊ အရှေ့အနောက် အလျား ၁၂၈ ပေ၊ တောင်မြောက်အနံ ၆၇ ပေ၊ အမြင့် ၁၁၄ ဒသမ ၉ ပေ ( မြေပြင်မှ အဆောင်မအထိ အမြင့် ၃၉ ဒေသမ ၉ ပေ၊ ပြာသာဒ်အမြင့် ၇၅ ပေ၊ လှေကားထစ် ၁၂ ထစ်ပါ လှေကားခြောက်စင်း (တောင်ဘက် အရပ်၌ လှေကားသုံးစင်း၊ မြောက်ဘက်အရပ်၌ လှေကားသုံးစင်း) ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

"မြောက်ဘက်ကကြည့်ရင် ပိုဆိုးတယ်။ သွပ်အမိုးတွေက လုံးလုံးလန်ကုန်လို့လေ။ လုံးလုံးပျက်စီးသွားရင်တော့ ယဉ်ကျေးမှုအမွေအနှစ်က ဆုံးရှုံးသွားမယ်" ဟု ဒေသခံ ကိုဝင်းလှိုင်က သူ၏အမြင်ကို ပြောပြသည်။

ကျောင်းတော်ရာ၌ မြတ်စွာဘုရားတရားဟောနေစဉ် တရားနာနေသည့် ဖားငယ်လေးတစ်ကောင်မှာ နွားကျောင်းသားတစ်ယောက်၏ နှင်တံထောက်မိသေဆုံး၍ ဖားနတ်သားဖြစ်ရသည့် အတိတ်အကြောင်းရှိခဲ့ပြီး ဖားငယ်တရားနာသည့်နေရာတွင် ကျောင်းကိုဆောက်လုပ်ခဲ့သည့်အတွက် 'ဖားဝပ်ကျောင်း' ဟုလည်းကောင်း၊ မဏိစည်သူမင်းကြီးတည်ထားခဲ့သည့် ဘားဝပ်ဘုရားကိုအစွဲပြု၍ 'ဘားဝပ်ကျောင်း' ဟုလည်းကောင်း ယုံကြည်မှုအပေါ်အခြေခံ၍ ခေါ်ဆိုမှုများ ရှိကြသည်။

ဝါတွင်းကာလနှင့် နွေဦးရာသီ ရွှေစက်တော်ဘုရားပွဲတော်ချိန်ကာလများ၌ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးသို့ ဘုရားဖူးလာပြည်သူများကာ ကြုံကြိုက်သည့်အတွက် ဘားဝပ်ကျောင်းကို ဝင်ရောက်လေ့လာကြကြောင်း၊ ကျောင်းကြီးအား ဝါတော် ၁၅ ဝါခန့်ရှိ ရဟန်းပျိုများနှင့် ဒေသခံများက စောင့်ရှောက်နေပြီး ကျောင်းအတွင်း ယဉ်ကျေးလိမ္မာသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ သင်ကြားပို့ချပေးနေကြောင်း ဒေသခံ ကိုမျိုးကျော်ထံမှ သိရသည်။

**ဧယျာတု(မကွေး)**

## ဝက်လက်မြို့၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်



**ဝက်လက် စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ မြင့်မင်္ဂလာခန်းမတွင် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဝက်လက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးလွင်တို့က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီအသင်းတပ်ဖွဲ့မှူး ဦးတင့်ဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ စုစုပေါင်း ၅၆ ဦးတက်ရောက်ကာ သင်တန်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းကာလ ငါးရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးစိုးလှိုင်**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးဆောင်ရွက်

**ရေစကြို စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်သုံးစွဲသူ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ယခုဆောင်ရွက်နေတဲ့ လုပ်ငန်းကတော့ ယခင်က တပ်ဆင်အသုံးပြုထားတဲ့ ၁၁ ကေဗွီ ACSR ကြိုးများနေရာမှာ ၁၂ ကေဗွီ INSULATED CABLE များနဲ့ အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အခုလို ၁၂ ကေဗွီ INSULATED CABLE ကို အစားထိုးလဲလှယ် တပ်ဆင်ခြင်းအားဖြင့် အများပြည်သူတွေ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးပြီး လျှပ်စစ်သုံးစွဲသူတွေအတွက် ဓာတ်အားပြတ်တောက်မှုတွေ လျော့နည်းကျဆင်းစေမှာဖြစ်ပါတယ်" ဟု မြို့နယ် အင်ဂျင်နီယာ ဦးလှမျိုးက ပြောကြားသည်။



ယခုလို မြို့တွင်းလိုင်းများကို အစားထိုးလဲလှယ်တပ်ဆင် ဆောင်ရွက်ရာမှ လျှပ်စစ်သုံးစွဲသူ ပြည်သူများကို တစ်ရက်ကြိုတင်အသိပေးကြေညာပြီးမှ လုပ်သားအင်အားများနဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

## မှုခင်းရေးရာအဖြာဖြာ

### မုံရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၀ ဖမ်းမိ

**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် မအူပင်ကျေးရွာအနီး တိုင်းမှုခင်းအကူဌာနမှ ရဲအုပ်မင်းကိုလွင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့် အတူ စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီခန့်က မုံရွာ-စစ်ကိုင်းသွား ကားလမ်းပေါ်တွင် သတင်းအရစောင့်ဆိုင်းနေစဉ် မုံရွာဘက်မှ ထွန်းထွန်း ဆိုသူမောင်းနှင်လာသောဆိုင်ကယ်အား စစ်ဆေးရာ ဆိုင်ကယ်အတွင်းမှ ၈၈ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၀ ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်သူ ထွန်းထွန်း၊ ရဲဘော်စိုက်ခင်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီး နေထိုင်သူအား မုံရွာမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

### တရားခံပြေးအားဖမ်းဆီးပြီးလွှဲပြောင်းပေး

**ကျိုက်ထို**

ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်းမှုခင်းကျဆင်းရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက် ညနေ ၆ နာရီခန့်က ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးရွာအုပ်စု ဇရပ်ချောင်ကျေးရွာအနီး ရော်ဘာခြံတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မြို့မရဲစခန်း(ဥက္ကံ)မှ အလိုရှိသည့် တရားခံပြေး ရန်ပိုင်စိုး(ခ)လွှမ်းပိုင် ၂၃ နှစ် ပိန်းလျိုလေးကျေးရွာ တိုက်ကြီးမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့၍ စက်တင်ဘာ ၂ ရက် ည ၁ နာရီက တိုက်ကြီးမြို့နယ် (ဥက္ကံ)မြို့မရဲစခန်းမှ ဒုရဲအုပ် လှိုင်မင်းထွန်းထံ ကျိုက်ထိုမြို့မ နယ်ထိန်းခေါင်းဆောင်ရဲအုပ် ဇော်မျိုးလွင်က လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ဝါတွင်းဥပုသ်နေ့တိုင်း ကလေးစာဖတ်ဝိုင်းကို မုံရွာမြို့ ဆုတောင်းပြည့်ဘုရား ပိဋကတ်စာကြည့်တိုက်တွင်ပြုလုပ်ရာ အောင်မြင်မှုရရှိ



**မုံရွာ စက်တင်ဘာ ၃**

ဝါတွင်းကာလ ရက်ပေါင်း ၉၀ အတွင်း မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးပိဋကတ်စာကြည့်တိုက်သို့ နေ့စဉ် (သို့မဟုတ်) မိမိကြိုက်ရာအချိန်များတွင် ကာတွန်းနှင့် ကလေးစာပေများ လာရောက်ဖတ်ရှုသူ ကလေးငယ်များကို စာကြည့်တိုက်အသင်းဝင်ကတ်ပြားထုတ်ပေးကာ ပုံပြောပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသည့် ကလေးစာဖတ်ဝိုင်းအစီအစဉ်စတင်ရာ အောင်မြင်ကြောင်း သိရသည်။

"ဝါတွင်းကာလ ရက် ၉၀ မှာ နေ့စဉ် ဒါမှမဟုတ် ကိုယ်ကြိုက်တဲ့အချိန် စာကြည့်တိုက်ကို ကာတွန်းနဲ့ ကလေးစာပေတွေ လာဖတ်ရမှာဖြစ်ပြီး တစ်ကြိမ်လာဖတ်ရင် စာကြည့်တိုက်ကထုတ်ပေးထားတဲ့ ကတ်ပြားမှာ စာကြည့်တိုက်တံဆိပ်တုံး ရိုက်နှိပ်ပေးပြီး ၁၀ ကြိမ်ပြည့်ရင် အသင်းသားဖြစ်ခွင့်ရပါပြီ။ ၁၅ ကြိမ် တံဆိပ်တုံးရိုက်ပြီးရင်တော့ ပုံပြောပြိုင်ပွဲဝင်ခွင့်ရပြီဖြစ်ပါတယ်" ဟု ဆုတောင်းပြည့်ဘုရားကြီးဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်ဝင်းမြင့်က ပြောသည်။

မူလတန်းကျောင်းများက စုစည်း၍ လာရောက်စာဖတ်သည့်နေ့များနှင့် ဝါတွင်းဥပုသ်နေ့ ညနေ ၄ နာရီမှ ၆ နာရီအတွင်း စာကြည့်တိုက်သို့ စာဖတ်လာသူ ကျောင်းသား ကျောင်းသူများကို အာဟာရကျွေးမွေးခြင်းနှင့်အတူ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးနေကြောင်း သိရသည်။

"လက်ရှိကတော့ ဥပုသ်နေ့ညနေဆိုရင် ဆန်တန်းမူလတန်းကျောင်း၊ ဘုရားကြီးမူလတန်းကျောင်း၊ တရုတ်ဘုံကျောင်းမူလတန်းကျောင်းနဲ့ ရေဝန်းယဉ်ကျေးလိမ္မာကျောင်းများက ကလေးငယ် ၃၀၀ ကျော်နဲ့ တခြားကလေးငယ်တွေ ကာတွန်းလာဖတ်ကြ၊ စာပြိုင်ဖတ်နေကြပါပြီ။ အခုလိုစီစဉ်ရတာက ကလေးငယ်တွေ စာဖတ်ကျင့်ရှိပြီး တစ်ဦးနဲ့တစ်ဦး ရင်းနှီးချစ်ခင်ပြီး ဗဟုသုတတွေရစေချင်တဲ့အတွက်ပါ။ ကာတွန်းစာအုပ်နဲ့ ကလေးစာပေ စာအုပ်အမျိုးပေါင်း ၁၀၀၀ ကျော်ကို စာကြည့်တိုက်ထဲ နေရာအနှံ့ချပေးပြီး ဖတ်စေတာဖြစ်ပါတယ်။ အခုလိုလုပ်လိုက်တော့ ကလေးတွေ စာဖတ်ချင်လာတာကို တွေ့ရပါတယ်။ ဝါတွင်းဥပုသ်နေ့တိုင်း ညနေ ၄ နာရီက ၆ နာရီထိ အသက်ငါးနှစ်ကနေ ၁၀ နှစ်ထိ ကလေးစာဖတ်ဝိုင်းရှိတဲ့အတွက် လူကြီးစာဖတ်သူတွေကို ပြင်ပစာဖတ်ဆောင်ကို သွားပြီး စာဖတ်ကြဖို့ မေတ္တာရပ်ခံထားပါတယ်" ဟု မုံရွာမြို့ ဆုတောင်းပြည့်ပိဋကတ်စာကြည့်တိုက်တာဝန်ရှိသူက ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲကျင်းပ

**တာချီလိတ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးအဖွဲ့မှ ဦးဆောင်ပြီး "လူကုန်ကူးမှုပပျောက်ရေး ပြည်သူအားလုံးပါဝင်ပေး" ခေါင်းစဉ်ဖြင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ မကာဟိုခမ်း အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းကိုးကျောင်းမှ ကျောင်းသား ၅၀၊ ကျောင်းသူ ၆၁ ဦး စုစုပေါင်း ၁၁၁ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကျင်းပရာသို့ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းနှင့် ခရိုင်၊ မြို့နယ်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ငွေငွေမော်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး၌ သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး သင်တန်းခန်းမ၌ သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းအမှတ်စဉ် (၅) ဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် အဆိုပါရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးကျော်ဇင်စိုး ညွှန်ကြားရေးမှူး(စီမံ) က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သတင်းရေးသားကြသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးမှုများအား အကျိုးရှိစွာ လေ့လာသင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား ၃၂ ဦး တက်ရောက်လျက်ရှိပြီး သတင်းစီးဆင်းမှု၊ သတင်းအရင်းအမြစ်များရှာဖွေခြင်း၊ သတင်းဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ သတင်းဖတ်ရှုသူ၏အမြင်၊ သတင်းစာရှင်းလင်းပွဲကဏ္ဍ၊ သတင်းများထုတ်ပြန်ခြင်း၊ သတင်းမီဒီယာဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းခေတ်ပုံပညာစသည့် ပညာရပ်များကို စက်တင်ဘာ ၃ ရက်မှ ၂၁ ရက်ထိ ရက်သတ္တသုံးပတ်ကြာ စာတွေ့လက်တွေ့များဖြင့် ဆွေးနွေးသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(သန်လျင်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွန်ကရစ်တိုင်များလဲလှယ်ဆောင်ရွက်



**နတ်မောက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် မြို့ပေါ်ရှိ မကွေး-နတ်မောက်-ပျော်ဘွယ် ကားလမ်းဘေး လျှပ်စစ်ကြိုးသွယ်တန်းထားသည့် သံတိုင်များအစား ကွန်ကရစ်တိုင်များဖြင့် အသစ်လဲလှယ်ပေးခြင်းနှင့် လျှပ်စစ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်များကို ခုတ်လှဲရှင်းလင်းခြင်းများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်စိုး၏ ကြီးကြပ်မှုဖြင့် လိုင်းဝန်ထမ်းများက လိုက်လံဆောင်ရွက်လျက်ရှိသည်။ မြို့ပေါ်ရပ်ကွက်များရှိ မီးလိုင်းတိုးချဲ့လမ်းများတွင် ကွန်ကရစ်တိုင်များတိုးချဲ့ဆောင်ရွက်ပေးနေကြောင်း တွေ့ရသည်။

**လှဝင်း(နတ်မောက်)**

# ညောင်ခါးရှည်အထကသို့ ရေသန့်စက်၊ ရေကန်နှင့် သန့်စင်ခန်းများ ပေးအပ်လှူဒါန်း

**ဝေါ စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ (ရွာလယ်ကျောင်း) အထက သို့ စေတနာရှင်၊ အလှူရှင်များက ရေသန့်စက်၊ ရေကန်နှင့် သန့်စင်ခန်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်ဦးက ကြိုဆိုနှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားပြီး သန့်စင်ခန်းအလှူရှင် ဦးဝင်းကျော်က လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့် အခြားအလှူရှင်များကိုယ်စား လှူဒါန်းပေးရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။ တာဝန်ရှိသူများက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းပွဲတွင် အလှူရှင်များ စုပေါင်းလှူဒါန်းသော ရေသန့်စက်မှာ ငွေကျပ် ၃၇၁၉၀၀၀၊ အလှူရှင် ဦးဝင်းကျော်မိသားစုက သန့်စင်ခန်းရှစ်ခန်းအတွက် ငွေကျပ် ၇၅ သိန်း၊ ဦးသိန်းထူး-ဒေါ်ပေါက်စမိသားစုက ရေကန်အတွက် ငွေကျပ် ၆၅၅၀၀၀ စုစုပေါင်း ယနေ့လှူဒါန်းငွေကျပ် ၁၁၈၈၄၀၀၀ ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## တိုတိုထွာထွာဖတ်စရာ

### သုံးခွမြို့နယ်တွင် ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း (၆/၂၀၁၈) ဖွင့်ပွဲကို ဖရုံကန်ကျေးရွာ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းတွင် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်ကြက်ခြေနီအသင်းအမှုဆောင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဌေးနိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### ငဖဲ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းဆွေးနွေး

**ငဖဲ**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပေကုန်းကျေးရွာတွင် ၂၀၁၈ ခုနှစ် ခြောက်လပတ်မိနီဘတ်ဂျတ်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့မှုနှင့်စပ်လျဉ်းပြီး သုံးသပ်ဆွေးနွေးပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ပေကုန်းကျေးရွာဓမ္မာရုံတွင် ကျင်းပသည်။

ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ပေကုန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်း၏ စီမံချက်ပါ ကျန်ရှိလုပ်ငန်းများအား သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားနိုင်ရေး၊ စီမံကိန်းလုပ်ငန်းများအကြောင်းနှင့် လိုက်နာဆောင်ရွက်ရန်အချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

### နတ်တလင်း၌ နယ်မြေအေးချမ်းသာယာရေးအတွက် လှည့်ကင်းဆောင်ရွက်

**နတ်တလင်း**

မှုခင်းမဖြစ်ပေါ်စေရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် လုံခြုံရေးတို့အတွက် ကြိုတင်ကာကွယ်ဆောင်ရွက်သည့်လုပ်ငန်းကို စက်တင်ဘာ ၁ ရက် ည ၈ နာရီမှစ၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့နယ်မြေ ရဲစခန်းမှ ရပ်ကွက်များအတွင်းသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၏ လမ်းညွှန်မှုဖြင့် နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မိုး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းလင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ တောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ရာအိမ်မှူးများက လှည့်ကင်းများဆောင်ရွက်နေကြောင်း သိရသည်။ **ဝ၇၁**

### ဖြူဟွစိုရ်လူမှုရေးကူညီမှုအသင်း လုပ်ငန်းဆိုင်ရာညှိနှိုင်းစည်းဝေး

**တောင်ငူ**

တောင်ငူမြို့ ဖြူဟွစိုရ်လူမှုရေးကူညီမှုအသင်းရုံးခန်းမ၌ စက်တင်ဘာ ၁ ရက် ညနေပိုင်းက လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

တောင်ငူမြို့ရှိ ဘာသာပေါင်းစုံ ပေါဒိသာရ (အနောက်သုသာန်) ရှိ ဗုဒ္ဓဘာသာသင်္ချိုင်းတွင် လျှပ်စစ်မီးသဂြိုဟ်စက်ကို အမြန်ဆုံးအကောင်အထည်ဖော်တည်ဆောက်ရေး၊ လျှပ်စစ်မီးအမြန်ရရှိရေး၊ နာရေးကူညီမှုအသင်းသုံးယာဉ်များ ကြံ့ခိုင်ကောင်းမွန်အောင် ပြင်ဆင်ထားရှိရေး ဆွေးနွေးခဲ့ကြသည်။ **၁၂၉**

## ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သိရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နှင့် ဖောင်းရစ်တော်များတွင် ရွှေစင်ရွှေပြား တစ်ကျပ်သားပြားများကပ်လှူပူဇော်ရန် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်းကို ဂေါပကအဖွဲ့မှဝမ်းမြောက်စွာဖြင့်သာဓုအနုမောဒနာပြုကာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

### ဂုဏ်ပြုလွှာ(၁၁/၂၀၁၈)

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| [illegible] | [illegible] | [illegible] |

---

## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေး ကျင်းပမည်

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ (၂၀၁၇-၂၀၁၈)ခုနှစ်၊ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ၈-၉-၂၀၁၈ ရက်၊ (စနေနေ့)တွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ သူနာပြုတက္ကသိုလ်၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ ကြွရောက်ပါရန်နှင့် ဆေးပညာရှင်အဖွဲ့ဝင်များ အနေဖြင့် နံနက် ၈ နာရီမှ စတင်မှတ်ပုံတင်နိုင်ပါသည်။ အစည်းအဝေးနှင့်အတူ Symposium on "Patient Safety" ကို ကျင်းပပြုလုပ်ပါမည်။

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

---

## ပျောက်ဆုံး

ကျွန်တော် တိုးဝေလင်း၊၈/ခမန(နိုင်)၁၄၁၈၀၆၊၏ ကိုင်ဆောင်ထားသော သင်္ဘောသား၊ လုပ်သက်စာအုပ် ရန်-၈၀၅/၀၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက

**ဖုန်း-၀၉-၂၅၈၁၇၅၈၀၉**

---

## ဝယ်လိုသည်

အဲယားကွန်း Second-handများနှင့် အဟောင်းအပျက်များ ဝယ်လိုသည်။

**ဖုန်း-၀၉-၇၉၉၆၆၃၃၆၄(ကိုသစ္စာ)**
**၀၉-၄၄၃၀၆၅၅၆၂၊ ၀၉-၉၆၅၁၀၉၃၅၅**

---

## Khine ကိုရီးယားဘာသာသင်တန်းကျောင်း

(ကျောင်းခွဲမရှိပါ)

### ကိုရီးယားနိုင်ငံတွင်လစာသိန်း(၂၀)ဝန်းကျင်ဖြင့်အလုပ်လုပ်ရန်

* လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်းမလိုပါ။
* E.P.S (TOPIK) စာမေးပွဲအောင်မြင်ရန်သာလိုပါသည်။
* စာမေးပွဲ Form တင်ခြင်း၊ ပတ်စပို့စ်လျှောက်ခြင်း၊ ဆေးစစ်ခြင်းအားလုံး ကျောင်းမှ စီစဉ်ပေးပါမည်။
* တစ်ကြိမ်တည်းဖြေဆိုအောင်မြင်ရန် အထူးတန်းခွဲများဖြင့် ထိရောက်စွာသင်ကြားပေးပါသည်။
* နယ်ကျောင်းသားများ အဆောင်နေ/စား စီစဉ်ပေးမည်။

အမှတ်-(၁၁၁)၊ ၁၅လမ်း(အလယ်)၊ ၃-ထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
Ph : 09-73026940, 09-250641687
09-5162790

သင်တန်းဖွင့်မည့်ရက် - ၁၁.၉.၂၀၁၈

---

## ဂျူလီယာ(JULIA)
## ပညာဒါန စက်ချုပ်သင်တန်း အမှတ်စဉ်(၂၆) သင်တန်းသားများခေါ်ယူခြင်း
## (အမျိုးသမီးသီးသန့်) (ဖုန်း-၀၉-၅၀၅၈၇၆၇)

♦ အမျိုးသမီးတိုင်း လက်မှုပညာတတ်မြောက်စေရန် ♦ လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန် ♦ မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်(၃)ရပ်ကို အခြေခံ၍ စက်ချုပ် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာ ဖြစ်လိုသူများ၊ မိမိစိတ်ကြိုက် ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှ အစပြု၍ ထဘီ၊ ချိတ်ထဘီ၊ ဘောင်းဘီနှင့် စကတ် ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့် ဂါဝန်အပါအဝင် စုစုပေါင်းအမျိုး(၂၀)ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင် ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူ မည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

တန်းခွဲများ

| | | |
|---|---|---|
| တန်းခွဲ(A) | - စနေ၊ တနင်္ဂနွေ | - နံနက် ၇ နာရီမှ ၉ နာရီ |
| တန်းခွဲ(B) | - စနေ၊ တနင်္ဂနွေ | - နံနက် ၁၀ နာရီမှ ၁၂ နာရီ |
| တန်းခွဲ(C) | - စနေ၊ တနင်္ဂနွေ | - မွန်းလွဲ ၁ နာရီမှ ၃ နာရီ |
| တန်းခွဲ(D) | - စနေ၊ တနင်္ဂနွေ | - ညနေ ၄ နာရီမှ ၆ နာရီ |
| တန်းခွဲ(E) | - တနင်္လာ၊ ဗုဒ္ဓဟူး | - ညနေ ၄ နာ ရီမှ ၆ နာရီ |
| တန်းခွဲ(F) | - ဗုဒ္ဓဟူး-သောကြာ | - နံနက် ၇ နာရီမှ ၉ နာရီ |

♦ တစ်ပတ်(၂)ရက် (၃)လပြတ်

တန်းခွဲ(G) - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ - နံနက် ၁၀နာရီမှ ၁၂နာရီ
တန်းခွဲ (H) - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ - မွန်းလွဲ ၁ နာရီမှ ၃ နာရီ
တစ်ပတ်(၃)ရက် (၂)လပြတ်

♦ ၁-၁၀-၂၀၁၈ ရက်တွင် စတင်ဖွင့်လှစ်မည်။
♦ လူဦးရေ ကန့်သတ်ထားပါသည်။
♦ တစ်ပတ်တစ်ရက်တည်းသင်တန်းများ
တစ်ဦးချင်း သီးသန့်သင်တန်းများနှင့် မိမိစိတ်ကြိုက် တက်ရောက်လိုသည့်အချိန်များကို ညှိနှိုင်းသင်ကြားပေးလျက်ရှိပါသည်။
♦ နယ်မှတက်ရောက်လိုသူများအတွက် နေ၊ စား စီစဉ်ပေးသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် အလှူငွေငါးသောင်းကျပ် ထည့်ဝင်လှူဒါန်း၍ အောက်ပါလိပ်စာအတိုင်း ၃၀-၉-၂၀၁၈ရက် နောက်ဆုံးထား၍ နံနက်၈နာရီမှ ည၈နာရီအထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၇၈)၊(၄-လွှာ)(ဘယ်)၊ (၁၇)လမ်း၊ အောက်လမ်း၊ ရွှေဘုံသာအနောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ပန်းဆိုးတန်းလမ်းမှတ်တိုင်တွင်ဆင်းပါ။)
ဖုန်း-၀၉-၅၀၅၈၇၆၇

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ(အဆင့်မြင့်)၊ မြေကွက်အမှတ်-၄/၆ (ပ) ၁၃၉၂ + ၁၃၉၃၊ မြေကွက်အကျယ် (၆၀' × ၅၀' ) ရှိ ခေါ် ခင်အေးမူ အမည်ပေါက် မြေကွက်နှင့်တကွ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၁၃၉၂+၁၃၉၃၊ ဘောဂမြိုင် (၂) လမ်း၊ (၅) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦးကို လက်ရှိထား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုလာသူ ဦးအောင်နိုင်ဝင်း ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူနိုင်ရန်အလို့ငှာ ရောင်းကြေးငွေ အဘိုးစားနား၏ တစ်စိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦးတွင် ပိုင်ရေးဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ခင်မောင်ဌေး — တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၃၁)
ထက်နိုင်ထွန်းမြိုင် — အထက်တန်းရှေ့နေ (စဉ်-၄၂၅၉၈)

အမှတ် (၁၂၈)၊ ပ-ထပ်၊ ၄၁-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈၂၄၅၇၈၄

# (၈)နှစ်ပြည့်ဆုတောင်းအမျှပေးဝေခြင်း

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးခင်မောင်ဝင်း (မော်လမြိုင်)

(၄-၉-၂၀၁၀)-(၄-၉-၂၀၁၈)

ကြီးမားသောကျေးဇူးတရားများကို အစဉ်သတိရလျက်၊ ကျွန်တော်၊ ကျွန်မတို့၏ ပြုလုပ်ပြီး၊ ပြုလုပ်ဆဲ ကုသိုလ်၊ ယနေ့ပြုလုပ်သောကောင်းမှု၊ ကုသိုလ်အစုစုတို့ကို ရိုသေစွာ အမျှပေးဝေပါတယ်။ ကြားသိ၍ရောက်ရှိရာ ဘုံဘဝမှ ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေ။

(အမျှ. . . အမျှ. . . အမျှ)

ညီအစ်ကို၊ မောင်နှမ၊ တူ၊ တူမများ

မာကျူရီမိသားစု

# (၄)နှစ်ပြည့်အလွမ်း

## မကေသီမြတ်

အသက်(၁၉)နှစ်

(၄-၉-၂၀၁၄)-(၄-၉-၂၀၁၈)

ချစ်သမီးလေး မကေသီမြတ်ကွယ်လွန်သွားတာ ဒီနေ့ဆိုရင်၊ (၄)နှစ်ပြည့်ပါပြီ။ မေ့လို့မရနိုင်သေးပါ သမီးရယ်။ သမီးလေးအတွက် ရည်စူးပြီး သံဃာတော်အရှင်သူမြတ်များတို့အား အရုဏ်ဆွမ်းနှင့်တကွ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ပါ။ ချစ်သမီးလေး ရောက်ရာဘုံဘဝကနေ-သာဓု၊ သာဓု၊ သာဓု ခေါ်ဆိုနိုင်ရန် အမျှ. အမျှ. အမျှ ပေးဝေလိုက်ပါတယ်သမီးလေး။

မေမေ ဒေါ်ကြူကြူသင်း

နှင့်

ကျန်ရစ်သူမိသားစုများ

# (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ကျောင်း ဒါယိကာကြီး**

## ဦးတင်ဖေမြင့်(ခ)ဦးတင်အောင် (အသက်-၈၉နှစ်)

ရှုပိုင်ကြီး(ငြိမ်း)မြန်မာ့မီးရထား

(၄-၉-၂၀၁၆)

**အဖေ. . . . .**

ဒီနေ့ ၄-၉-၂၀၁၈ ရက်ဆိုရင် ကျေးဇူးရှင်အဖေရဲ့ အရိပ်အာဝါသ ကွယ်ပျောက်သွားခဲ့တာ (၂)နှစ်ပြည့်ပါပြီ။ အဖေ့ကို အမြဲသတိရလွမ်းဆွတ်နေကြပြီး တစ်နေ့မှမမေ့ကြပါဘူး၊

နှစ်တိုင်း အဖေ့အတွက်ရည်စူးပြီး မိသားစုတွေ ပြုသမျှ ဒါနကောင်းမှု ကုသိုလ်တွေကို အဖေသာဓုခေါ်ဆိုနိုင်ရန် အမျှပေးဝေပါတယ်၊

အဖေ ရောက်ရာဘုံဘဝမှာ အမျှရပြီး သာဓုခေါ်ဆိုပါ။

**အဖေ. . . အမျှ. . . အမျှ. . . အမျှ။**

အဖေ့ကိုချစ်ကြတဲ့

အမေနှင့် သားများ၊ သမီးများ၊ မြေးများ

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## မြန်မာ့မီးရထား

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)1/MR (MIT)18-19 | Round Nose Tool (600) Nos |
| ၂ | 15(T)1/MR (E)18-19 | Point & Crossing ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်း(၆)မျိုး (Rivet, Electrode, Drill Rod, Pig Iron, Coke, Hard Coke) |

တင်ဒါပိတ်မည့် နေ့/အချိန် -(၃ ၊၁၀ ၊ ၂၀၁၈ ) (ဗုဒ္ဓဟူးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃.၉. ၂၀၁၈) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၀ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291985, 291994

**AiKONCOMPANY LIMITED ဖိုက်ဘိုင်းဖုန်းသင်တန်းကျောင်း**

၁။ သင်တန်းပြီးဆုံးသည်နှင့် အလုပ်အကိုင်ရှာဖွေပေးခြင်း
၂။ ယခုလ Discount ရှိသည်
၃။ Services Tools များကို လက်ဆောင်ပေးမည်။
၄။ အမှန်တကယ်တတ်မြောက်သည်အထိ တာဝန်ယူသင်ပေးခြင်း။
၅။ မည်သည့်တန်းခွဲမဆို အခမဲ့ ပြန်လည်သင်ကြားခွင့်ရှိခြင်း။
၆။ ဝါရင့်ကျွမ်းကျင်နည်းပြဆရာများနှင့် သင်ကြားပေးခြင်း.
၇။ စနစ်တကျဖွဲ့စည်းထားသော သင်ရိုးညွှန်းတမ်းများ
၈။ မော်ဒယ်မြင့်သင်ထောက်ကူပစ္စည်းများ
၉။ ရေမီးပြည့်စုံသော အဆောင်အခမဲ့ စီစဉ်ပေးခြင်း။
၁၀။ သင်တန်းပြီးတိုင်း AiKON COMPANY LIMITED မှ Certificate ပေးပါသည်။
၁။ လှည်းတန်းကမာရွတ် တိုက် (၁) ပ/ထပ်၊ ဦးထွန်းလင်းခြံလမ်း
၂။ ၂၉၈- ပ/ထပ်အနော်ရထာလမ်းမကြီး၊ ကုန်စျေးတန်းလမ်းထိပ်
ဖုန်း ၀၉-၄၂၅၀၁၃၄၆၅

**"မေသူမောင်" ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဘိုဓိက္ကလော့ဆရာတော် ဒေါက်တာ အရှင်စန္ဒာဝရာဘိဝံသ ထေရ်ရှင်မြတ် ၏ ဗုဒ္ဓဂယာရှိ မိုးကုတ်ဝိပဿနာ တရားစခန်း (၂၄-၁၂-၂၀၁၉ မှ ၁၂-၀၃-၂၀၁၉)

* ဆက်သွယ်ရန် ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်စျေးကွန်ဒို၊ကမာရွတ်မြို့နယ်။ ရန်ကုန်ဖုန်း-၀၉.၄၄၃၁၅၈၈၇၉၈၊ ၀၉.၇၃၂၄၁၆၈၇၊ ၀၉.၄၄၃၁၅၈၈၇၉၇၊၀၁.၂၃၀၅၉၂၈၊

**ဒီနု ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ**

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 750 USD + ၂၀၀၀၀၀ိ/-

ထွက်ခွာမည့်နေ့ရက်များ - အောက်တိုဘာ ၂၁ (သတ်သေနရိန်သီတင်းကျွတ်လပြည့်ရှုကြော်၍)၊ ၂၈၊ နိုဝင်ဘာ ၄ ၊ ၁၂ ၊ ၁၈ ၊ ၂၅၊ ဒီဇင်ဘာ ၉ ၊ ၂၃*၊ ဇန်နဝါရီလ ၆* ၊ ၁၃* ၊ ၂၀* ၊ ၂၇၊ ဖေဖော်ဝါရီ ၃ ၊ ၁၀ ၊ ၁၇ ၊ ၂၄၊ မတ် ၃ ၊ ၁၀ ၊ ၁၇ ၊ ၂၄ ၊ ၃၁၊ ဧပြီ ၇ ၊

(မှတ်ချက် - * ဖော်ပြထားသောနေ့ရက်များအား ဆောင်းရာသီအထူးအစီအစဉ် 50 USD လျှော့ပါသည်။)

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 600 USD + ၂၀၀၀၀၀ိ/-

ထွက်ခွာမည့်နေ့ရက် - ဧပြီ ၁၄၊

သီရိလင်္ကာ / ထိုင်း ဘုရားဖူးခရီးစဉ် (၇ ရက်) (ပိုတယ်တည်း / စား) 1350 USD

ဒီနု ဘုရားဖူး - 537707, 537708, 09 500 1763, 09 501 3727, 09 258174414, 09 518 4664

545215, 545216, 555173, 09 2563 18043

09 402 64 8869, 09 5300805

မင်္ဂလာပါ

09-450042784
09-250095116
09-420080286

**ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်**

Giant Fried Chicken

Since 1986

KMD Institute

နိုင်ငံတကာအရည်အသွေးစံချိန်မီ ISO 9001:2015 လက်မှတ်ရ

ISO

kmdedu.mm

အရည်အသွေးပြည့်မီသော ကွန်ပျူတာပညာရပ်များကို အချိန်တိုအတွင်း အထူးနှုန်းထားများဖြင့်တက်ရောက်လိုသူများအတွက် သင်တန်းများဖွင့်လှစ်ပေးနေပါသည်။

အစိုးရဌာနများ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ အသင်းအဖွဲ့များအတွက် သင်တန်းများကို လိုအပ်ချက်ပေါ် မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

(ပန်းဆိုးတန်း) ပန်းဆိုးတန်းလမ်း(အလယ်) ☎ ၃၈၁၀၃၅၊၃၉၁၂၃၆
(မြေနီကုန်း) ☎ ၅၂၄၄၃၆၊၅၀၂၂၇၇
(လမ်းမတော်) (၉၀)၊ လှည်းတန်းလမ်း ☎ ၂၂၀၉၉၉
(တာမွေ) ကျိုက္ကဆံလမ်း၊ တာမွေစျေးအနီး ☎ ၅၄၁၃၂၈၊၅၄၆၆၀၀
(လှည်းတန်း ၁၊ ၂) ☎ ၅၂၄၄၀၀၊၅၀၂၂၁၁
(သိမ်ကြီးဈေး) သိမ်ကြီးဈေး (စီ)ရုံ ☎ ၃၈၄၂၈၊ ၃၈၄၆၄

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးရွှေတွမ်(ခ)ဦးရွှေထွန်း (သာယာဝတီ)**

**အသက်(၉၁)နှစ်**

ပါမောက္ခ ဒေါက်တာခင်မောင်လွင်(ပါမောက္ခ/ဌာနမှူး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်)၏ ဖခင်ကြီးသည် ၂၉-၈-၂၀၁၈ ရက်၊ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## အထူးကျေးဇူးတင်လွှာ

၂၆-၈-၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားသော ချစ်ဖခင်ကြီး ဦးမြင့်အောင်(အငြိမ်းစားအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း) နာမကျန်းဖြစ်ချိန်မှစ၍ ဈာပန အခမ်းအနားပြီးစီးချိန်အထိ စေတနာ၊ မေတ္တာကြီးစွာ အားပေးကူညီစောင့်ရှောက်ပေးခဲ့ကြသော ရဟန်းသံဃာတော်များ၊ ချစ်မိဘနှစ်ပါး၏ဆွေမျိုးများ၊ နိုင်ငံရပ်ခြားမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မြန်မာ့သစ်လုပ်ငန်းရှိ ဌာနကြီးအသီးသီး၊ စက်ရုံ၊ အလုပ်ရုံအသီးသီးမှ ပုဂ္ဂိုလ်များ၊ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ဖခင်ကြီးတာဝန်ယူခဲ့သော အခြားအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီးနှင့် ပြည်ပမှ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ရှိဆရာဝန်များ၊ ဆေးဝန်ထမ်းများ၊ ရွှေပြည်သာမြို့နယ်ရှိ ရပ်ကွက်အသင်းအဖွဲ့အသီးသီးမှ ရပ်မိရပ်ဖလူကြီးများ၊ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သဖြင့် စာ၊ ဖုန်းတို့နှင့် ဆက်သွယ်အားပေးကြသူများ၊ ဤကျေးဇူးတင်လွှာတွင် မပါဝင်၊ မဖော်ပြနိုင်ခဲ့သော ဌာန၊ အသင်းအဖွဲ့၊ လူပုဂ္ဂိုလ်များကို ကျန်ရစ်သူ သားသမီး၊ မြေးမြစ်များက အထူးကျေးဇူးတင်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခြင်း

**ဦးရွှေထွန်း**

**အသက်(၉၁)နှစ်**

ပါမောက္ခဒေါက်တာခင်မောင်လွင် (ပါမောက္ခ၊ ဌာနမှူး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာ ရင်ရင်စိန်တို့၏ ဖခင်ဖြစ်သူ ဦးရွှေထွန်း အသက်(၉၁) နှစ်သည် ၂၉-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**နှလုံးနှင့်သွေးကြောရောဂါခွဲစိတ်ခန်း**
**မိသားစု**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဒိုရာကွန်း(ခ)ဒေါ်မစီ**

**အထက်တန်းသူနာပြု(ငြိမ်း)**

**အသက်(၈၄)နှစ်**

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ နာယကနှင့် သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်ဆရာဝန်ကြီး ဦးအောင်သောင်း (အငြိမ်းစားဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်းလည်ချောင်းဆေးရုံကြီး)၏ ဇနီးဖြစ်သူ ဒေါ်ဒိုရာကွန်း(ခ)ဒေါ်မစီသည် ၃၁-၈-၂၀၁၈ရက်က ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တောင်သာမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါ်ခင်မမ(ခ)နော်အက်စ်တာခင်**

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ အမှတ်(၁၅)နေ ဦးအောင်ဒင်(ဗိုလ်မှူးကြီး-ငြိမ်း)၏ဇနီးသည် ၂၈-၈-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃း၅၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်**
**ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့်**
**အားကစားသမားများ**

**သင့်သွေးဖြင့် အသက်ကယ်**

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဂါ့ထွေးစိန်**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အမှတ်(၄၀၄/က)၊ အောက်ကြည့်မြင်တိုင်လမ်းနေ (မန်းမောင်ဖေ-ဂါ့ငွေမ)တို့၏ သတ္တမမြောက်သမီး၊ ဦးစောဂျော်နီ၏ ချစ်လှစွာသောဇနီး၊ (စောဝေလီ)-ဒေါ်မေရီစိန်၊ စောကျော်ထွန်း-နော်အက်စ တာနီ၊ စောဂျော်ဂျီသိန်း-နော်အဲဗလင်းနီ၊ စောဌေးလင်း-နော်သီတာတင်၊ စောသန်းထွေးနီ-နော်မွန်မွန်ထွန်းတို့၏မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၃-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၇း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ကရင်ခြံရပ်ကွက်၊ ဗင်တန်အောက်မေ့ဘွယ်ရာ ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဒေါက်တာဦးဇော်ဝင်း(ခ)**

**လင်အင်စွန်း (ပုသိမ်)**

**M.B.B.S(Ygn)**

**အသက်(၆၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကုန်သည်လမ်းနေ (ဦးလင်းစိန်-ဒေါ်ကြင်မြင့်) (ဝမ်းဘဲ ဖိနပ်ဆိုင်)တို့၏ သား၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကွင်းမြို့၊ ဘူတာလမ်းနေ (ဦးအော်ထီး-ဒေါ်လှရွှေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တောင်မြင်းပြိုင်ကွင်းကွန်ဒို၊ အခန်းအမှတ်(၅/က)နေ Dr.ဒေါ်နှင်းနှင်းနွယ်၏ခင်ပွန်း၊ Dr.ထက်နိုင်ဝင်း၊ Dr.မျိုးထင်ဇော်၊ မထက်မိုးနွယ်ဝင်း (Master's Deg. Candidate, Cambridge University)တို့၏ဖခင် Dr. ဦးဇော်ဝင်းသည် ၂-၉-၂၀၁၈ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

**ဦးလှဒင် (ခ) ဦးဝင်းလွင်**

**မန်နေဂျာ၊ System Engineering Co., Ltd**

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၈)၊ ခြံအမှတ်(၇၆)နေ (ဦးသန်းစိန်-ဒေါ်ခင်လှ)တို့၏သားငယ်၊ (ဦးသာလှိုင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဦးသိန်းဉာဏ်-ဒေါ်ရွှေပွင့်၊ (ဦးသိန်းဟန်-ဒေါ်တင်တင်မြင့်)၊ (ဦးဝေလင်း)-ဒေါ်ခင်ခင်ကြီး၊ (ဦးကျော်စိန်)-ဒေါ်ရီရီလှ၊ (ဦးသန်းဦး)-ဒေါ်အမာသန်းတို့၏ ညီ/မောင်၊ ဒေါ်ချိုချိုလှိုင်(အလက-၃၊ အင်းစိန်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုခိုင်မင်း(ဆူးလေရှန်ဂရီလာ)-မမေဦးခိုင်၊ ကိုအောင်သန့်ဝင်း(ဆွဲ-Bakery)-မအိကေခိုင်(S.S.C ဆေးရုံ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ တူ/တူမများ၏ချစ်လှစွာသောဦးလေးသည် ၃-၉-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၃၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးမြင့်ဆိုင်**

**မြန်မာ့သစ်လုပ်ငန်း (ငြိမ်း)**

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၂၅/က)နေ (ဦးတင်မြင့်-ဒေါ်ဝေဝေခင်)တို့၏သားကြီး၊ (ဦးမောင်မောင်တင်-ဒေါ်နီနီ)တို့၏သားသမက်၊ (ဦးတင့်ဆိုင်)၊ (ဦးဝင့်ဆိုင်)၊ ဒေါ်ကြူကြူမြင့်တို့၏ အစ်ကိုကြီး၊ ဒေါ်တင်မြတ်သက် @ Linda Tin ၏ချစ်လှစွာသောခင်ပွန်း၊ ဒါရိုက်တာဝင်းထွန်းထွန်း-ဒေါ်သစ်သစ်မြင့်ဆိုင်၊ ဒေါ်လတ်လတ်မြင့်ဆိုင်တို့၏ ချစ်လှစွာသောဖခင်၊ မမမိုးစက်ပွင့် @ Cindy Win Tun Tun (UNLV, USA)၊ မမမိုးစက်သစ် @ Tammy Win Tun Tun (DSY) တို့၏ချစ်လှစွာသောအဘိုးသည် ၃-၉-၂၀၁၈ (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၊ ကော်မတီစာရင်းစစ်**

**ဒေါ်စိမ်းရင် (၉၅)နှစ်**

ဦးမောင်မောင်စိုး ၏ မိခင် ဒေါ်စိမ်းရင် အသက်(၉၅)နှစ်သည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ကော်မတီစာရင်းစစ်**

**ဒေါ်စိမ်းရင် (၉၅)နှစ်**

ဦးမောင်မောင်စိုး ၏ မိခင် ဒေါ်စိမ်းရင် အသက် (၉၅)နှစ်သည် ၂-၉-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဒေါ်ခင်မမ(ခ)နော်အက်စ်တာခင်**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ အမှတ်(၁၅)နေ ဦးအောင်ဒင်(ဗိုလ်မှူးကြီး-ငြိမ်း)၏ ဇနီးသည် ၂၈-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်လေး-ဒေါ်ကြူကြူ**
**Gandamar Business Solutions Co., Ltd.**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်**
**ပဓာနနာယက**

**ဘဒ္ဒန္တအာသဘ (သဒ္ဓမ္မဇောတိကဓဇ)**

**တိုင်းသံဃာ့ဝန်ဆောင်**

**(ကျိုက်လတ်)**

**သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၉)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရှမ်းတဲကြီးကျေးရွာ၊ အာသဘာရာမလယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ ကျောက်တန်းမြို့နယ်၊ ဥယျာဉ်ကျေးရွာ၊ မြတ်ရွှေဂူကျောင်းတိုက်၏ ဩဝါဒါစရိယ၊ သဒ္ဓမ္မဇောတိကဓဇ၊ တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်သည် (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်)၊ ၁-၉-၂၀၁၈ (စနေနေ့) နံနက် ၁၀း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်)၊ ၁၁-၉-၂၀၁၈ (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနအခမ်းအနားအား ကျောင်းတိုက်၌ မွန်းလွဲ ၁၂း၃၀ နာရီမှ စတင်ပြီး ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (၇-၉-၂၀၁၈)မှ (၉-၉-၂၀၁၈)ရက်ထိ (၃)ရက်တိုင်တိုင် ညစဉ်တရားပွဲများ ကျင်းပပါမည်။

ဈာပနကျင်းပရေးကော်မတီ
သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမြင့်ဦး (ဒုရဲအုပ်-ငြိမ်း၊ သတင်းတပ်ဖွဲ့)**

**အသက် (၅၁) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ (၇)လမ်း၊ အမှတ် (၉၃၅/ဃ)နေ (ဦးသိန်းဇံ-ဒေါ်ကြင်မှုံ)တို့၏ သား၊ ဦးဇော်ဝင်း-ဒေါ်အုံးမြင့်တို့၏သားသမက်၊ ဒေါ်ခင်စန္ဒာဇော်၏ခင်ပွန်း၊ မောင်ကောင်းထက်ယံ၊ (မသီရိဝေ)၊ မခိုင်ဇာလင်းထက်တို့၏မွေးသဖခင်သည် ၃-၉-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးရွှေထွန်း**

**အသက် (၉၁) နှစ်**

ပါမောက္ခဒေါက်တာခင်မောင်လွင်(ပါမောက္ခ၊ ဌာနမှူး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာရင်ရင်စိန်တို့၏ဖခင်ဖြစ်သူ ဦးရွှေထွန်း အသက် (၉၁) နှစ်သည် ၂၉-၈-၂၀၁၈ ရက်တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနှလုံးရောဂါပညာအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးကြွယ် (B.Com, B.A, D.M.A,R.L)**

**ညောင်လေးပင်**

**ဒု-ဥက္ကဋ္ဌ၊ ဝါဏိဇ္ဇဘွဲ့ရသူများအသင်း**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၄)လမ်း၊ အမှတ်(၈၈၁)နေ အသင်းသက်ကြီးကန်တော့ခံဦးစိုးကြွယ်သည် ၁-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းခြင်း

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ နှစ်ဆင့်ချေးငွေစီမံကိန်း၊ အကြံပေးအဖွဲ့ဝင် ဒေါ်မြတ်မူခင်၏ဖခင် ဦးမြတ်ကို အသက်(၆၀) သည် တောင်ကြီးမြို့၌ ၂-၉-၂၀၁၈ ရက်တွင် ရုတ်တရက် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် အထူးဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။

**လုပ်ဖော်ကိုင်ဖက်များ**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းမြင့်

## အသက်(၈၇)နှစ်

Asia Myanmar Consortium Development Co.,Ltd

ဒါရိုက်တာအဖွဲ့ဝင် ဦးယဉ်ထွေး၏မွေးမိခင် ဒေါ်သန်းမြင့် အသက်(၈၇) နှစ်သည် ၂-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၁၀ နာရီတွင် လမ်းမတော်မြို့နယ်၊ ရွှေလမင်းဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

**Asia Myanmar Consortium Development Co.,Ltd**
**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**

# လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအဖြစ် မြန်မာနှင့် တရုတ် ယနေ့ကစားမည်

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၁၈ တရုတ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ပထမနေ့ကို စက်တင်ဘာ ၄ ရက် (ယနေ့)တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၅ မိနစ်တွင် မြန်မာ ယူ-၂၁ အသင်းနှင့် တရုတ် ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

### ယှဉ်ပြိုင်ကြမည်

တရုတ်လေးနိုင်ငံ ယူ-၂၁ ဖိတ်ခေါ် ပြိုင်ပွဲတွင် တရုတ်၊ မြန်မာ၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန် ယူ-၂၁ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ပြိုင်ပွဲ၏ ပထမဆုံးပွဲအဖြစ် ဥဇဘက်ကစ္စတန် ယူ-၂၁ အသင်းနှင့် တာဂျစ်ကစ္စတန် ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုပွဲများကို စက်တင်ဘာ ၄၊ ၆၊ ၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး



လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီက မြန်မာ ယူ-၂၁ အသင်း ရှမ်းယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့စဉ်။

အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေသော်လည်း နိုင်ငံတကာ ပွဲအတွေ့အကြုံမရှိသည့် လူငယ်လိဂ် ပြိုင်ပွဲမှ ကစားသမားများဖြင့် ဖွဲ့စည်းထားသောကြောင့် အတွေ့အကြုံရစေရန် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❖**

# မြန်မာ-စင်ကာပူ လူငယ်အမျိုးသမီးခြေစမ်းပွဲ ပထမနေ့ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

**အာရှခြေစစ်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် စင်ကာပူ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသမီးအသင်းသည် မြန်မာနိုင်ငံ၌ ခြေစမ်းပွဲများကစားရန် စက်တင်ဘာ ၃ ရက်က ရောက်ရှိလာပြီး စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**



မြန်မာလူငယ်အမျိုးသမီးအသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။

မြန်မာ ယူ-၁၆၊ ယူ-၁၉ အသင်းနှင့် စင်ကာပူ ယူ-၁၆၊ ယူ-၁၉ အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲများကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး ယူ-၁၆ အသင်းက ခြေစမ်းပွဲနှစ်ပွဲ၊ ယူ-၁၉ အသင်းက ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စင်ကာပူလူငယ် အမျိုးသမီးအသင်းများ၏ မြန်မာနိုင်ငံ ခြေစမ်းခရီးစဉ်မှာ ငါးရက် ကြာမြင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများကို စက်တင်ဘာ ၄ ရက်တွင် တစ်ပွဲ၊ စက်တင်ဘာ ၆ ရက်တွင် နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစမ်းပွဲများအဖြစ် စက်တင်ဘာ ၄ ရက်တွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်း၊ စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် မြန်မာ ယူ-၁၉ အသင်းနှင့် စင်ကာပူ ယူ-၁၉ အသင်း၊ ညနေ ၃ နာရီခွဲတွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြေစမ်းပွဲအားလုံးကို သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာဘောလုံး

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ✪**

# မြန်မာအမျိုးသမီးအသင်း အိုလံပစ်ခြေစစ်ပွဲအတွက် စတင်လေ့ကျင့်ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးအာရှဇုန် ပထမအဆင့်ခြေစစ်ပွဲအတွက် ဩဂုတ် ၂၇ ရက်မှစ၍ ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ဩဂုတ် ၂၇ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်ခဲ့သော်လည်း ကစားသမားအများစုပါဝင်သည့် မြဝတီနှင့် သစ္စာအားမာန်အသင်းသည် အမျိုးသမီးလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲကို ဩဂုတ် ၂၉ ရက်တွင် ယှဉ်ပြိုင်ခဲ့ရသောကြောင့် ယင်းပွဲပြီးမှသာ လူစုံလေ့ကျင့်နိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်နေပြီး ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင်

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❒**



မြန်မာအမျိုးသမီးအသင်း တိုက်စစ်မှူး ခင်မိုးဝေ။

**ပေး ၍ မ ကုန် လှူ ၍ မ ခန်း ဇောတိကသက်န်း**

**မော်တာအထည်ချုပ်ကျွမ်းကျင်ဝန်ထမ်း(၅၀)ဦးအလိုရှိသည်။**

အလုပ်ချိန်နံနက်(၉)နာရီမှညနေ(၅)နာရီထိ။ အချိန်ပိုအလုပ်ချိန်မရှိ။ လစဉ်ဝင်ငွေ ၁၈၀၀၀၀ိ/-ကျပ်မှ ၃၅၀၀၀၀ိ/- ကျပ်ထိ။ ရက်မှန်ဆု၊ ဘောနပ်ဆု၊ ထုတ်လုပ်မှုဆု၊ အရည်အသွေးအကောင်းဆုံးဆု၊ လုပ်သက်ဆုကြေးများ ခံစားခွင့်ရှိပါသည်။ စက်ရုံသက်တမ်း (၁၈)နှစ်ရှိပြီး၊ ယနေ့အထိလုပ်ငန်းရပ်ဆိုင်းခဲ့ခြင်းမရှိ။ဘဝအတွက် ကုသိုလ်လဲရဝမ်းလဲလှသည့် ခိုင်မာသော အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်၏အသက်၊ သံဃာတော်အရှင်သူမြတ်တို့၏ အောင်လံတံခွန်ဖြစ်သည့် သင်္ကန်းတော်မြတ်ကို ချုပ်လုပ်ရမည်ဖြစ်ပြီး၊ ဗုဒ္ဓညွှန်ကြားထားသည့် သင်္ကန်းဖြတ်နည်း၊ အခန်းဖွဲ့နည်း၊ သင်္ကန်းချုပ်နည်းများကို တိတိကျကျ သင်ကြားပြသပေးပါမည်။

လျှောက်ထားလိုသူများသည် (၃)လအတွင်းရိုက်ကူးထားသော လိုင်စင်ကာလာဓါတ်ပုံ **(1.5''x2'')**ဆိုဒ်(၃)ပုံ၊ သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်တွင်းနေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်မူရင်းတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း ဇောတိကကုမ္ပဏီရုံးချုပ်တွင် လာရောက်လျှောက်ထားနိုင်ပါသည်။

**စက်ချုပ်လုပ်ငန်းဖြင့် အလုပ်လုပ်ချင်သူများကိုလည်း မော်တာစက်ချုပ်အစမှသင်ပေးပြီး အောင်မြင်ပါက အလုပ်ခန့်အပ်ပေးပါမည်။**

အမှတ်(၃၇)ရေတာရှည်လမ်းဟောင်း၊ရွှေတိဂုံဘုရားအရှေ့မုခ်အနီး၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ Phone; 01-8603129, 01-380581, 09-250577764, 09-250528050,09-253348646,